www.burmeseclassic.com

ရွှေစကား
၁၇၄၂

# သီရိကြွယ်စင်



# ရွှေအိုရောင်နေ့များရဲ့ အရှင်မေ့သခင်

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအိုရောင်နေ့များရဲ့အရှင် မေ့သခင်

## သီရိကြယ်စင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

"ထိုင်ပါမောင်ရင်"

ဆိုဖာပေါ်တွင် ခြေထောက်ချိတ်လျက် ဟန်ပါပါထိုင်နေသော အမျိုးသမီးကြီးအား ဇေထွန်း တစ်ချက်ကြည့်လိုက်ပြီး လက်ထဲက ဂစ်တာကို ဆိုဖာမှာထားလိုက်ကာ ထိုင်လိုက်လေသည်။

အမျိုးသမီးကြီးက သူ့လှုပ်ရှားနေသမျှကို မျက်တောင်မခတ်စိုက်ကြည့်ပြီး အကဲခတ်နေခြင်းကြောင့် ဇေထွန်း အနေရခက်နေတော့သည်။ ဘာမှမမေးသေးဘဲ ခပ်တည်တည်နှင့် ကြည့်နေပုံက တရားခံကို အကဲခတ်နေသည့် ရဲအရာရှိတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အလား ထင်မှတ်မှားရလောက်အောင် စူးရဲသောအကြေည့်တို့ကြောင့် ဖေထွန်း ကျောပင်ချမ်းလာရပါ၏။

ထိုအကြည့်စူးစူးအောက်မှာ မနေတတ်မထိုင်တတ်ဖြစ်လာသောကြောင့် အလုပ်မရှိ အလုပ်ရှာကာ ကျောမှာလွယ်ထားသော ကျောပိုးအိတ်အား ဆွဲဖြုတ်ကာ ပေါင်ပေါ်တင်ထားလိုက်မိလေသည်။

ဒေါ်သဇင်ထွန်း ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"မင်းနာမည် ပိုင်ဖေထွန်းနော်"

"ဟုတ်ကဲ့"

အကဲခတ်လို့ ကြည့်လို့ ဝ,သွားသည်နှင့် ဘယ်လောက်တောင် အမေးအမြန်းထူဦးမှာလဲမသိဘူးလို့ ဖေထွန်း စိတ်ထဲက ပြောနေမိသော်လည်း လက်တွေ့မှာ ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်က သံပတ်ပေးထားသည့် အရုပ်လေးနှယ်။ နှုတ်ကလည်း ချိုသာလိုက်တာမှ သကြားတို့ ထန်းလျက်တို့က အဖေခေါ်ရမတတ်ပါပဲ။

"အဟင်း ... မင်း အလုပ်လာလျှောက်တာ နေရာမှားနေသလားလို့ အန်တီကြီး အကဲခတ်နေတာကွဲ့"





"ဗျာ"

တမင်ရွဲ့ပြောတာလား၊ တကယ်ပြောနေတာလား မသိပေမယ့် ဖေထွန်း အူကြောင်ကြောင်ဖြစ်သွားရသည်။

အူကြောင်ကြောင်ဖြစ်သွားသော ဖေထွန်းကို ဒေါ်သဇင်ထွန်း ဟန့်ပါပါ လက်ကိုပိုက်ပြီး မဲ့ပြုံးတစ်ချက် ပြုံး၏။

"ဟုတ်တယ်လေ၊ ကားဒရိုင်ဘာလုပ်မလို့ လာလျှောက်တဲ့လူက ဂစ်တာကြီးတကားကား၊ ဆံပင်ကုပ်ထောက်နဲ့ မင်းသားရှုံးအောင် ချောနေပြန်တော့ နေရာမှာနေပြီလို့ထင်တာပဲလေ၊ နာမည်ကိုလည်း ကြည့်ဦး၊ ဘာတဲ့ ... ပိုင်ဖေထွန်း ဟုတ်လား"

ဒီတစ်ခါတော့ ဖေထွန်း ခေါင်းလည်းမခါ၊ ခေါင်းလည်းမညိတ်ပြဘဲ ရယ်ကျဲကျဲနှင့် လုပ်နေလိုက်လေသည်။

"မင်းနဲ့မှုကြီး ဘယ်လိုပတ်သက်မိသွားတာလဲ"

ကားဒရိုင်ဘာလုပ်ဖို့ လာလျှောက်တာကို အစစ်ဆေးအမေးအမြန်းတွေ ထူလွန်းနေသော ဒေါ်သဇင်ထွန်းအား ဖေထွန်း အမြင်ကတ်လာသော်လည်း အလုပ်မရမှာစိုး၍ သည်းခံစိတ်မွေးကာ ခပ်သွက်သွက်ပင် ဖြေလိုက်မိသည်။

"ကိုမှုကြီးနဲ့ တွေ့တာက သုဝဏ္ဏကစားကွင်းနားမှာ



www.burmeseclassic.com

www.burmeseclassic.com



စတွေ့တာပါ၊ ကျွန်တော် ဘောကန်ပြီး ပြန်အလာ သူ ကားပျက်နေတာတွေ့လို့ အကူအညီပေးရင်း သိသွားတာပါ၊ နောက်နေ့တွေကျတော့လည်း နေ့တိုင်း ဘောကန်တဲ့ ကျွန်တော်နဲ့ အဲဒီနားက ဖြတ်သွားတတ်တဲ့ ကိုမှုံကြီးတို့ ခဏခဏတွေ့ပါများတော့ မျက်မှန်းတန်းမိပြီး ခင်သွားတာပါ''

မှုံကြီးကလည်း ထိုသို့ပြောထား၍ တစ်ထပ်တည်းဖြစ်နေသော ဖေထွန်း၏စကားကို ဒေါ်သဇင်ထွန်း သံသယကင်းစွာ ယုံလိုက်ပါသည်။ သို့သော်လည်း ဒီလိုလူရည်သန့်တစ်ယောက်က သူများအိမ်မှာ အလုပ်လာလုပ်ပါမည်ဆိုတာကိုတော့ မယုံရဲသေး။ ဖေထွန်းကိုမှ မဟုတ်၊ လူတိုင်းကို ဒေါ်သဇင်ထွန်း မယုံရဲပါ။

''မင်း ... ဒီရန်ကုန်က မဟုတ်တာရော, အလုပ်အကိုင်မရှိတာရော တကယ်ပဲလား''

အလုပ်လာလျှောက်သူအား တရားခံစစ် စစ်နေသော ဒေါ်သဇင်ထွန်းကို ဖေထွန်း နားမလည်ချင်တော့။ သည်းခံစိတ်လည်း ကုန်လာပါပြီ။ အလုပ်က အရေးကြီးနေ၍သာ စိတ်ကိုလျှော့လိုက်ရလေသည်။

''ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် နယ်ကပါ၊ ရန်ကုန်





မှာ အလုပ်လာရှာရင်း အသိတစ်ယောက်အိမ်မှာ တည်းနေတာပါ၊ ကြာလာတော့ ပါလာတဲ့ပိုက်ဆံလေးလည်း ကုန်တော့မှာမို့ ရရာအလုပ်ပဲ လုပ်တော့မယ် စိတ်ကူးနေတာ၊ ကံကောင်းချင်တော့ ကိုမှုံကြီးနဲ့ လာတွေ့တာပါပဲ၊ ခက်တာက အပင်ပန်းမခံနိုင်တဲ့ ကျွန်တော့်အတွက် အလုပ်ပေါတဲ့ ဒီရန်ကုန်မှာ အလုပ်ရှားနေရတာပါပဲ အန်တီ''

မဖြူသော်လည်း ယောက်ျားတန်မဲ့ ညိုနွဲ့နွဲ့ဖြစ်နေသော ဖေထွန်းပုံစံကိုကြည့်ကာအည်းက အလုပ်ကြမ်းမရမှန်း ဒေါ်သဇင်ထွန်း သိထားပြီးသားပါ။ အိမ်ထဲကို လူစိမ်းတစ်ယောက် ထပ်ခေါ်ရတော့မှာမို့ သေချာအောင် စစ်ဆေးမေးမြန်းနေခြင်း ဖြစ်ပါ၏။

မေးချင်တာတွေမေးပြီး၍ ကျေနပ်မှုရသွားသည်နှင့် ...

''မင်းကို အလုပ်ခန့်လိုက်ရင် ဒီအိမ်မှာပဲ နေရမှာနော်၊ ကားဂိုဒေါင်အပေါ်ထပ်မှာ နေရမယ်၊ အင်း ... တစ်ခုတော့ ကြိုတင်ပြောထားရဦးမယ်၊ အကြောင်းမရှိဘဲ ဒီအိမ်ကြီးထဲကို ဝင်မလာရဘူး၊ ဘာအကြောင်းနဲ့မှ ဒီအိမ်အကြောင်းကို စပ်စုစရာမလိုဘူး၊ ထမင်းကို မင်းအတွက် မနက်စာရော, ညစာပါ လာပို့ပေးမယ်၊ လစာက လေးသောင်း၊ ဒါပေမဲ့ မင်းရဲ့အရည်အချင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်တရားကိုကြည့်ပြီး အခု မှူးကြီးကို အလုပ်ပြောင်းပေးသလိုမျိုး ပြောင်းပေးမယ်၊ လခတိုးပေးမယ်၊ ဘယ့်နှယ်လဲ . . . အခုပြောတဲ့ စည်းကမ်းတွေ လိုက်နာနိုင်ပါ့မလား''

''ဟာ . . . လိုက်နာနိုင်ပါတယ် အန်တီ၊ ကျွန်တော့်အတွက်က အလုပ်ရဖို့ အဓိကပါ၊ လေးသောင်းဆိုတဲ့လခကလည်း မနည်းပါဘူး၊ တစ်ယောက်တည်းသမား ကျွန်တော့်အဖို့ နေစရာနဲ့ အလုပ်ပဲ အရေးကြီးပါတယ်''

ခပ်သွက်သွက်ဖြေလိုက်သော ဇေထွန်းအား ဒေါ်သဇင်ထွန်း သဘောတွေ စွတ်ကျနေတော့သည်။

လူပုံက ခပ်ဖြောင့်ဖြောင့်၊ စကားပြောပုံက ခပ်သွက်သွက်။ သူမ လိုချင်နေတာ ဒီပုံစံမျိုးပါပဲ။ သူမလုပ်ငန်းနဲ့လိုက်ဖက်သည့် စရိုက်လက္ခဏာကို တွေ့နေရ၍ ဒေါ်သဇင်ထွန်း ကျိတ်ပြုံး ပြုံးလိုက်မိပါသည်။ လူပုံနဲ့သလောက် သွက်မှသွက်ပဲ။

လူစိမ်းမို့ စစ်ဆေးမေးမြန်းနေရပေမယ့် ဟိုနေ့က မှူးကြီးပြောပြလို့ အားလုံးသိပြီးသားတွေပါ။ ထောင့်စေ့အောင် စုံစမ်းပြီးပြီမို့ ခေါ်ခဲ့နိုင်းလိုက်တာဖြစ်သည်။ အခုလုပ်နေရသည်က လူရှိန်အောင်ပါပဲ။ ဒီအတိုင်း လက်ခံလိုက်လျှင် မလေးမစားဖြစ်သွား





မည်စိုးတာကြောင့် မှင်သေသေနှင့် မေးနေရခြင်းဖြစ်လေသည်။

''ကဲ . . . မင်း ဒီနေ့ပဲ ပြောင်းလာလိုက်ပါ၊ မင်းပစ္စည်းတွေ ပြန်ယူချင်လည်း ပြန်ယူနိုင်တယ်''

''ဒါ . . ကျွန်တော့်ကိုယ်ပိုင်ပစ္စည်း အကုန်ပါပဲ အန်တီ''

ဇေထွန်းက ဂီတာနှင့်ကျောပိုးအိတ်ကို ရည်ညွှန်း၍ ပြောလိုက်လေသည်။

ဒေါ်သဇင်ထွန်း မျက်မှောင်ကုတ်လျက် . . .

''ကြိုတင်ငွေ ထုတ်ချင်ရင်ပြောနော်''

ဇေထွန်း ပြုံးလိုက်ပါသည်။ ကြိုတင်ငွေထုတ်ပြီး ဝယ်ချင်တာ ဝယ်ခိုင်းတာမှန်းသိ၍ ပြုံးလိုက်ခြင်းပါ။ တကယ်ကို ဒီပစ္စည်းတွေက သူ့ကိုယ်ပိုင်ပစ္စည်းတွေဖြစ်ပြီး ဒီထက်လည်း ပိုပြီး ရှိမနေ။ ရှိအောင်လည်း မကြိုးစားမိ။ ဗေဒါပင်လိုလူမျိုးဖြစ်သည့် သူ့အဖို့ သွားလေရာ လျှောက်သယ်မနေနိုင်တာကြောင့် ရှိတာလေးနဲ့ပဲ အဆင်ပြေအောင် နေခဲ့ရခြင်းဖြစ်သည်။

''မထုတ်သေးပါဘူး အန်တီ၊ အကြောင်းရှိရင်သာ ခေါ်လိုက်ပါ''

ပြောပြီး သူ့ပစ္စည်းလေးတွေကိုယူကာ သူနေရမည့်



www.burmeseclassic.com

www.burmeseclassic.com



ကားဂိုဒေါင်ဘက်သို့ ထွက်ခဲ့လိုက်လေသည်။

ကားဂိုဒေါင်ဘက်သို့ထွက်အလာ တိုက်ကြီး၏ဘေး တိုင်ကီနားတွင် အဝတ်လျှော်နေသော ကောင်မလေးတစ်ယောက်အား ဖေထွန်း သတိထားမိလိုက်လေသည်။ ဒီအိမ်ကြီး၏အရှင်သခင်မလေးတော့ မဖြစ်နိုင်ဟု တွက်လိုက်ပါသည်။ အပြင်မှာ သူမ၏အဝတ်တွေကို သီးခြားလျှော်ဖွပ်နေပုံထောက် ဒီအိမ်ကြီးမှာ ဘာတာဝန်ယူရတဲ့သူပါလိမ့်။

မထင်။ ဘယ်လိုမှကို ထင်ရက်စရာမရှိ။ နူးမွတ်ချောမွေ့နေပြီး မထိရက် မကိုင်ရက် ထိုင်ကြည့်နေချင်စရာကောင်းလောက်အောင် လှချက်က ကမ်းကုန်နေတော့သည်။ သူများတွေတော့မသိ။ ဖေထွန်းမျက်ဝန်းထဲမှာ ကဗျာလေးတစ်ပုဒ်ဖြစ်သွားခဲ့သည်။

သူမကတော့ ဖေထွန်း မျက်စိစားပွဲထိုင်လိုက်တာကို သိပုံမပေါ်။ သူမရဲ့အကျီတွေ၊ ထဘီတွေကို သစ်ပင်နှစ်ပင်မှာ ကြိုးချည်ထားသောတန်း၌ သွားလှန်းနေလေသည်။

ဖေထွန်း မျက်ခုံးတွေ ပူးကပ်သွားသည်ထိ ကျုံ့လိုက်မိသည်။ ဘာလဲဟ ... ဘယ်လိုကြီးလဲ၊ ကောင်မလေးငယ်ငယ်





ချောချောလေးလှန်းနေတဲ့ ထဘီတွေက အဘွားကြီးဝတ်တဲ့ အဆင်တွေပါလား။ ဒါတွေကို ဒီကောင်မလေးဝတ်ရသတဲ့လား။ ဂိုဒေါင်ထဲမဝင်သေးဘဲ ဝေဖန်ရေးလုပ်နေမိသော ဖေထွန်းတစ်ယောက် အမှတ်တမဲ့ အိမ်ကြီးပေါ်သို့ မော့ကြည့်လိုက်ရာ လက်ပိုက်လျက် ရပ်ကြည့်နေသော ဒေါ်သဇင်ထွန်းကို အတွေ့။ လှေကားလေးအတိုင်း ထပ်ခိုးပေါ်သို့ ကမန်းကတန်း ပြေးတက်လိုက်ရလေတော့သည်။

ဒီအိမ်အကြောင်းကို မစပ်စုရန် မှာလိုက်ရဲ့သားနဲ့ စပ်စုလိုက်မိသော ဖေထွန်းအဖြစ်က ပွဲဦးထွက်အနေနှင့် မျက်လုံးဒေါက်ထောက်ကြည့်တာကို ခံလိုက်ရပါပြီ။

နောက်ဆို ဒေါက်ထောက်ကြည့်ရုံမကဘူး ကျားကန်ပြီးများ ကြည့်နေမလား မပြောတတ်ချေ။

ထပ်ခိုးအပေါ်အရောက် သူ၏အချမ်းသာဆုံး ရှိစုမဲ့စု ပစ္စည်းလေးတွေကို အသင့်ပြင်ပေးထားသော ခုတင်ပေါ်သို့ ပစ်တင်လိုက်ပြီး သူပါ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် တက်အိပ်နေလိုက်မိပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟဲ့ကောင်မ ညွှန့်မွှေး . . . ဘာလုပ်နေလို့ ခုထိ မလာသေးတာလဲ၊ ငါ့စိတ်ကိုလည်း သိရဲ့သားနဲ့၊ လုပ်လိုက်ရင် တလွဲကြီးပဲ၊ အဟဲ့ . . . ငါခေါ်နေတယ်လေ"

စူးရှကျယ်လောင်သော အသံကြောင့် တိုက်ထဲဝင်ရန် ဟန်ပြင်နေသော ဖေထွန်းခြေလှမ်းများ ရပ်တန့်သွားရလေသည်။ မနက်စောစောစီးစီး အိမ်ကြီးသခင်မက ခေါ်သည်ဆို၍ လာခဲ့ခြင်းဖြစ်သည်။ ဒီရောက်တော့ ငှက်ဆိုးထိုးသံနှင့် တိုးနေရ၏။

ထိုအသံ၏မရှေးမနှောင်းပါပဲ ညှော်ခံထဲတွင် လမင်းထိန်ထိန်သာသည့်အလား သို့တည်းမဟုတ် ခုနစ်စဥ်ကြယ်လင်းလက်





တောက်ပသလို အလင်းရောင်တန်းက ကြည်လင်းဝင်းပလို့ သွားခဲ့လေသည်။

မနေ့က တွေ့လိုက်သော သူ၏မျက်ဝန်းထဲက ကဗျာလေးပါလား။ ဘယ်လိုပဲ ဟောင်းနွမ်းတဲ့ အဝတ်အထည်ကို ဆင်မြန်းထားပေမယ့် သူမ၏အလှတရားကို ဖုံးကွယ်လို့မရပေ။ မျက်နှာလေးအောက်ကျို့ပြီး ရပ်နေပုံက ပွေ့ယူပြီး ထွက်ပြေးချင်စရာ။

သူမနှင့်ဆန့်ကျင်ဘက် ဖြစ်နေရသူက ခုနက ငှက်ဆိုးထိုးသံပိုင်ရှင် အမျိုးသမီးပါပဲ။ သူမအသံနှင့် လိုက်ဖက်စွာ။ အသားက မည်းရတဲ့အထဲ ဝကလည်း ဝလိုက်သေး။ သူ့အသားကိုမှ အားမနာ။

ဒီထက်ပိုဆိုးတာက သူမရဲ့မနှစ်မြို့စရာ အကျင့်စရိုက်ပါပဲ။ ကြည့်လိုက်ဦးလေ ညွှန့်မွှေးဆိုတဲ့ သူ့ရင်ထဲက ကဗျာလေးကို ခေါ်ပြီး ဘာလုပ်ခိုင်းသလဲမှတ်တယ်။ မြင်ရတာ ရင်နာစရာ။

"နင် ဘာလုပ်နေလို့ ဒီလောက်ကြာနေရတာလဲ၊ အိဖြူ . . . ခုထိ ငါခိုင်းတာ မလုပ်ရသေးတာ ဘာလုပ်နေလို့လဲ"

"အား . . . အား လွှတ်ပါ၊ လွှတ်ပါ သီရိရဲ့၊ ခေါ်တည်း



www.burmeseclassic.com

www.burmeseclassic.com



က ထွက်လာမလို့ပါ၊ ဘွားဘွားကို ဆေးတိုက်နေလို့ မြန်းခနဲ ထွက်မလာနိုင်တာပါ၊ ဖိနပ်မတိုက်ရသေးတာက အနှိတီထွန်း ခိုင်းတာ လုပ်နေတာနဲ့ မလုပ်ဖြစ်သေးတာပါ၊ အခု တိုက်ပေးပါ့ မယ်၊ လွှတ်ပါ ... အား နာတယ် ... လွှတ်ပါ''

ရှေ့ကဆံပင်တွေကို ဆောင့်ဆွဲခံထားရ၍ တအားအားနဲ့ အော်ပြီး လွှတ်ခိုင်းနေတာကို လွှတ်မပေးဘဲ ထပ်ပြီးဆောင့်ဆွဲ လိုက်ပြီးမှ ...

''အဲဒါမှတ်ထား၊ ခိုင်းရင် ခိုင်းသလိုမလုပ်တဲ့ကောင်မ၊ ဘယ်လောက်လုပ်လုပ် မမှတ်တာ၊ နောက် ဒီထက်နာမယ်၊ ပြောလိုက်ရင် ဆင်ခြေကြီးပဲ၊ သွား ... အခုသွားတိုက်ချည်၊ ဖိနပ်မှာ ဖုန်တစ်မှုန်ရှိလို့က နင့်ပါးအကွဲပဲ''

ထိုသို့ရှန့်ရင်းကြမ်းတမ်းစွာ ပြောဆိုပြီး လွှတ်ပေးလိုက် လေသည်။ ဟိုခမျာတော့ နာတာကို သတိထားမိပုံ မရ။ နောက် ထပ် ပါးအချမခံရခင် ဖိနပ်စင်က ဖိနပ်ကို ပြေးယူ၍ ဘရုပ်လေး နှင့် တိုက်ပေးနေရရှာလေသည်။

လူလူချင်း စီးပိုးစွာ ခိုင်းစေနေသော ထိုမြင်ကွင်းကို ဇေထွန်း ဝင်ဖြေရှင်းပေးချင်သော်လည်း ကိုယ်နှင့်မဆိုင်တာ





မစပ်စုရန် မှာထားသော အလုပ်ရှင်၏စည်းမျဉ်းကြောင့် ဒီအတိုင်း ကြည့်နေလိုက်ရ၏။

ဖိနပ်တိုက်ရင်း တရှုံ့ရှုံ့ငိုနေသော ကောင်မလေးကို သနား၍ မဆုံး။ ဒါပေမဲ့ ကိုယ်လည်း ဘာမှမကူညီနိုင်။ ဒီတော့ ကိုယ့်အလုပ်ကိုယ်လုပ်ရုံသာ။ ရောက်နေကြောင်း အသံပေးမှဖြစ် တော့မယ်။ နို့မို့ဆို ဘယ်ထိကောင်မလေးကို ခိုင်းနေမလဲ မပြော တတ်ချေ။

''အဟမ်း''

ချောင်းဟန့်သံကြောင့် သရဲမ ... အဲလေ သီရိဆိုတဲ့ အမျိုးသမီး လှည့်ကြည့်လာလေသည်။

မျက်နှာကို အကျည်းတန်စွာ ရှုပုပ်လျက် ...

''ရှင်က ဘယ်အချိန်တည်းက ရောက်နေရတာလဲ၊ ရောက်နေရင်လည်း အစောကြီးတည်းက ပြောပါလား၊ ဒီမှာ ခိုင်းစရာတွေရှိနေတာ ခိုင်းရအောင်လို့၊ အခုတော့ ကျောင်းချိန် နီးနေပြီ၊ မေမေတို့ကလည်း ဘယ်လိုလူကိုရှာတွေ့ထားလည်း မသိဘူး''

ဗုဒ္ဓေါလို့သာ ဇေထွန်း အော်လိုက်ချင်တော့သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ဘီလူးဆိုင်းတီးပြီး သရဲသဘက်စီးနေပြီးတော့ လူကိုလာပြီး အပြစ်ဖို့ ရန်လိုလိုက်သေးသည်။

ဘာရမလဲ ကောင်မလေးလိုတော့ ဖေထွန်း ငုံ့မခံနိုင်။

"ခေါ်တယ်ဆိုတည်းက ထွက်လာတာပဲ၊ ခင်ဗျားဘာသာ ဒေါသူပုန်ထပြီး ပြောချင်ရာတွေ ပြောနေလို့ ကျွန်တော့်ကို မတွေ့တာ၊ ဘာတတ်နိုင်မှာလဲ၊ ခေါ်တယ်ဆိုတာ ဘာခိုင်းမလို့လဲ"

ဖေထွန်း၏လေသံကြောင့် ဖိနပ်တိုက်နေတဲ့ကောင်မလေး ဆတ်ခနဲ ခေါင်းမော့ကြည့်လာလေသည်။ အံ့ဩတဲ့ မျက်လုံးလေးက မျက်ရည်တွေ ပြည့်လျှံနေတော့ တစ်မျိုးကြည့်လို့ကောင်းနေတော့သည်။

ထိုမျက်လုံးအား ကြာရှည်သရုပ်ခွဲမနေနိုင်။ ဒေါသမျက်လုံးနဲ့ စိုက်ကြည့်နေသည့် သီရိဆိုသည့် ဝက်ပုတ်မဆီသို့ အာရုံစိုက်လိုက်ရလေသည်။

"ရှင် . . . မနေ့ကမှ အလုပ်ဝင်တဲ့သူ မဟုတ်လား၊ ကျွန်မကို ရှင် ဘယ်လိုဆက်ဆံလိုက်တာလဲ၊ မိုက်ရိုင်းလှချည်လား၊ အလုပ်ထုတ်ခံချင်တယ်နဲ့တူတယ်၊ စကားပြောတာ ဆင်





ခြင်မပြောဘူး"

အလဲ့ . . . သူကပဲ ပြောရတယ်ရှိသေးလို့။ ဖေထွန်းရင်ထဲက ပြောနေဆဲ။

"ဟဲ့ . . . ဘယ်လိုဖြစ်ပြီး မနက်စောစောစီးစီး ဆူဆူညံညံတွေ ဖြစ်နေရတာလဲ သမီး၊ အိပ်ရာကတောင် လန့်နိုးတယ်ဟယ်၊ အလိုက်ကန်းဆိုး မသိလိုက်ကြတာ"

ဘုရားရေလို့ ဖေထွန်း ထ,တလိုက်ရပြန်ပါသည်။ သူများတွေ အလုပ်လုပ်နေကြလို့ ချွေးတွေသံတွေတောင် ထွက်နေကြရပြီ။ သူ အခုထိအိပ်တုန်းတဲ့။ နာရီမှကြည့်မိရဲ့လားမသိ။ မနက်စောစောစီးစီးလို့ ဆိုလိုက်သေး။ မဆိုးပေဘူး မဆိုးပါ။ သူတို့သားအမိတွေနဲ့ နေရတာ ဘုရားကို ခဏခဏတနေရတော့ အမြဲကုသိုလ်ရနေမှာမလွဲ။

လေ့ကားထစ်တွေအတိုင်း ခြေတစ်လှမ်းကုဋေတစ်သန်းမကအောင် လှမ်းလာပြီး လက်ထဲက စီးကရက်ကို ဟန်ပါပါ ဖွာရှိုက်ရင်း ပြောလိုက်ပုံက ပြေးပြီး တွန်းလိုက်ချင်စိတ်ကို ဖေထွန်း မနည်းအောင့်ထားရ၏။

မအေတင်လားဆိုတော့ မဟုတ်သေး။ သူ့သမီးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဦး။ သူရုပ်ကြီးနှင့် နွဲ့နေပြန်သည်။

"ဒီမှာမေမေ ... မေမေရှာထားတဲ့ ဒရိုင်ဘာအသစ်က သမီးကိုစကားပြောတာ မိုက်ရိုင်းလို့ ပြောနေတာလေ၊ ဒီကောင်မကလည်း ခေါ်နေတာ မလာဘူး၊ ဖိနပ်တိုက်ခိုင်းထားတာ မနေ့ကတည်းက၊ အခုမှ တိုက်နေရတယ်ဆိုတော့ မေမေ စဥ်းစားကြည့်၊ သမီး ကျောင်းသွားဖို့ ဘယ်လောက်နောက်ကျနေပြီလဲဆိုတာ"

"ဟုတ်တာပေါ့၊ သမီးပြောတာ မှန်တယ်၊ နေပါဦး အိဖြူ ... ညည်းက ငါ့သမီးခေါ်တဲ့အချိန် ဘယ်မှာအလေလိုက်နေလို့ မြန်မြန်မလာရတာလဲ"

တော်လိုက်တဲ့ မအေလို့ ဖေထွန်း ချီးကျူးမိပါ၏။ သမီးကတုန်းကတိုက်လုပ်သမျှ ထောက်ခံကာ တစ်ဖက်သားကို သားသမီးချင်း ကိုယ်ချင်းမစာ ပြောနေလိုက်တာ။

ဟိုတစ်ယောက်ကတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့။

"ပန်းကလေးက အဘွားကို ဆေးတိုက်နေလို့ပါ အန်တီထွန်းရယ်၊ ပြီးတယ်ဆို အတင်းပြေးလာခဲ့တာပါပဲ၊ မနေ့ကတည်းက ဖိနပ်မတိုက်တာက အန်တီထွန်းခိုင်းတဲ့ဆီ သွားနေရလို့ပါ"





"တော်စမ်း ... ပြောလိုက်ရင် ဆင်ခြေကြီးပဲ၊ သေခါနီး နင့်ဘွားအေက အရေးကြီးလား၊ ငါ့သမီးကိစ္စ အရေးကြီးလား၊ နောက် ဒါမျိုးထပ်ဖြစ်လို့က နင့်ကို အရှင်မထားဘူး နားလည်လား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ"

"သွားတော့ ...လုပ်စရာရှိတာ သွားလုပ်"

အပျိုအရွယ်လေးဖြစ်ပြီး သူစိမ်းယောကျ်ားလေးရှေ့မှာ ဒီလိုအပြောအဆိုခံရတော့ ရှက်ရှာမှာပဲ။ ခေါင်းလေးငုံ့ပြီး တုန်တုန်ယင်ယင်နဲ့ လျှောက်သွားပုံက ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေ ဘယ်လောက်များ ပြင်းထန်နေသလဲ မပြောတတ်။

ဟိုပြိတ္တာမမျက်နှာကတော့ ဆွဲထိုးချင်စရာကောင်းလောက်အောင် ပြုံးရွှင်နေလေရဲ့။

"မင်းကိုလည်း ပြောထားရဦးမယ်၊ နောက်ကို ငါ့သမီးလေး မကြိုက်တာ မပြော်မိအောင်၊ မလုပ်မိအောင် သတိထားပါ၊. ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန်စားရဲမှဆိုတဲ့စကားအတိုင်း သူ့အလုပ်ကိုလုပ်မှတော့ ခေါင်းညိတ်ရုံမှလွဲပြီး ဘာထပ်ပြောလို့ရမှာတဲ့လဲ။ နောက်အလုပ်မရခင်တော့ သည်းခံပြီးနေရမှာပဲလေ။ နောက်ထပ်အလုပ်တွေ့လို့က ... အဟင်း ဇေထွန်းတို့က တာ့တာပဲ။ ဒီလိုအိမ်မျိုးများ ဆယ်ခါပြန် ဆလံပါလို့။ ထိုသို့တွေးကာ ဇေထွန်းရင်ထဲမှာ ကလိကလိဖြစ်နေရ၏။

ဇေထွန်း ခေါင်းညိတ်ပြလိုက်၍ ဒေါ်သဇင်ထွန်း ကျေနပ်သွားသော်လည်း သီရိဆွေတစ်ယောက်ကဖြင့် မကျေနပ်နိုင်ပါ။ လူကို မလေးမစားနဲ့ ဟုတ်ကဲ့လို့တောင်မပြော။ သူက ဘာကောင်မို့လဲ။ မေမေလည်း ဒီတစ်ယောက်ကျမှ ဘယ်လိုဖြစ်တာပါလိမ့်။ အစကများ နည်းနည်းလေး ခပ်မာမာ ဆက်မပြောနဲ့ ဂျောင်းပဲ။ အခုတော့ ဒီလူကို ဘာသဘောကျနေလည်း မသိ။ တပြုံးပြုံးနဲ့ တောင်နေလိုက်သေး။

"ကဲ ... သွားတော့သမီး၊ ကျောင်းနောက်ကျမယ်၊ ဒီမှာ မောင်ပိုင်ဇေထွန်း ... သမီးကို ဒီနေ့ကစပြီး မင်းကျောင်းပို့ကျောင်းကြို လုပ်ရမယ်၊ နောက်နေ့ဆို ခေါ်မခိုင်းတော့ဘူး၊ ၇–နာရီအရောက် အိမ်ထဲကိုလာရမယ်၊ ကားကိုအဆင်သင့်ဆေး





ကြောထားပါ၊ သမီး လွယ်အိတ်၊ ထမင်းဘူး၊ ကော်ဖီဓာတ်ဘူး ထည့်ထားတဲ့ လက်ဆွဲခြင်းကို လာသယ်ပါ၊ ဒါ နေ့တိုင်း မင်းရဲ့ တာဝန်ပဲ၊ စနေ,တနင်္ဂနွေက လွဲရင်ပေါ့လေ၊ အဲ ... အဲဒါတွေကို အခန်းထဲထိ လိုက်ပို့ရမှာနော်၊ ကျောင်းဆင်းလို့ သွားကြိုတဲ့အခါည်း အဲဒီအတိုင်း သွားသယ်ခဲ့ရမယ်၊ ဘာပြောချင်သေးလဲ၊ မေးစရာရှိလား"

နိုးလို့ ... ဇေထွန်း အော်မလိုဖြစ်သွားပြီးမှ ပါးစပ်ကို အတင်းဘရိတ်အုပ်လျက် ...

"ပြောစရာလည်း မရှိပါဘူး၊ မေးစရာလည်း မရှိပါဘူး အန်တီ၊ ဒါပေမဲ့ ... ဘယ်ကျောင်းကို ပို့ပေးရမှာလဲ"

"လသာ အ.ထ.က (၁) ကို ပို့ပေးရမှာပါ၊ ဟိုမှာ သမီးပစ္စည်းတွေ သယ်သွားလိုက်ပါ၊ မေးစရာမရှိတော့ရင် သွားလို့ရပါပြီ"

ဒေါ်သဇင်ထွန်း ညွှန်ပြရာသို့ ဇေထွန်း လှည့်ကြည့်လိုက်သည်။ စာအုပ်များထည့်ထားဟန်ရှိသော ကျောပိုးအိတ်နှင့်လက်ဆွဲခြင်းတစ်လုံးကို တွေ့ရလေသည်။ အဲဒါတွေကိုယူ၍ နောက်ထပ်အမိန့်ပေးသံ ထပ်မကြားရခင် ကားဆီသို့ သုတ်ခြေတင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

ကိုယ့်ကျောင်းပစ္စည်းတောင် မသယ်နိုင်လောက်အောင် အောက်ခြေလွတ်နေသော နောက်ကလိုက်လာသည့် မယ်မင်းကြီးမကို ဇေထွန်း လှည့်မကြည့်။ ကားထဲကို ပစ္စည်းတွေ နေသားတကျရှိအောင် ထားပေးပြီး ကားမောင်းသူနေရာမှာ ဝင်ထိုင်နေလိုက်လေသည်။

"ဒီမှာ ... ရှင် ဘယ်လိုအလုပ်သမားလဲ၊ ကားတံခါးဖွင့်ပေးရမှန်းတောင် နားမလည်ဘူးလား"

"ဟာ ... ဒီလောက်လေးတော့ ကိုယ့်ဘာသာ လုပ်ပေါ့ဗျာ၊ ဘေးတံခါးဖွင့်ဖို့လောက်တော့ ခင်ဗျားလက် အားနေသားနဲ့ဟာကို၊ ဘာလဲ ... လက်မှာ အနာပေါက်နေလို့ တံခါးမဖွင့်နိုင်ဘူးလား၊ ဒါဆိုလည်း ကြိုကြိုတင်တင် ပြောထားရောပေါ့"

"ဟင် ... ရှင် ရှင် တော်တော်လူပါးဝပါလား၊ မေမေ့ကို တိုင်မယ်၊ ရှင် ဒီနေ့ အလုပ်ကို ပြုတ်စေရမယ်"

"ပြုတ်ပါစေဗျာ။ ပြုတ်လည်း အေးတာပဲ၊ ဘယ်လိုအိမ်ရှင်တွေနဲ့ လာတွေ့ရမှန်းမသိဘူး"

ကားမောင်းသူနေရာမှာ ဝင်ထိုင်ပြီး အိမ်ကြီးရှင်သခင်မ





ကားပေါ်ရောက်မည့်အချိန်ကို စောင့်နေသော ဇေထွန်းမှာ ခါးထောက်ပြီး အနားမှာ လာရန်အတွေ့ကခံလိုက်ရ၍ စိတ်တိုတိုနှင့် ဘုတောလိုက်မိလေသည်။

ဟုတ်တယ်။ အလုပ်ပြုတ်မှသာ ပြုတ်ရော ဒီလောက်တင်စီးလွန်းသော အိမ်ရှင်တွေနှင့် ရှေ့လျှောက်မလွယ်။ စောစောစီးစီး ထုတ်လိုက်လည်း အေးတာပဲ။ သူ့ဘုတောစကား။ သူ့ခန္ဓာကိုယ်ကိုမှမညှာ အိမ်ထဲပြေးဝင်သွားသော သီရိဆွေနှင့်အတူ သူမရဲ့မိခင်ပါ လိုက်လာပြီး ...

"မောင်ပိုင်ဇေထွန်း ... သမီးကို စိတ်ဆိုးအောင်မလုပ်ပါနဲ့ကွယ်၊ မင်းနဲ့အန်တီ အလုပ်တွဲလုပ်စရာတွေ ရှိသေးတယ်၊ မင်းကို အန်တီ အလုပ်ထုတ်ပစ်လို့မဖြစ်သေးဘူး၊ အဲဒါကြောင့် အဆင်ပြေအောင် ကြည့်နေပေးပါ၊ ကဲ ... ကားပေါ်တက်၊ သမီးကလည်း ခုထိ ကလေးလေးကျနေတာပဲ၊ လာ ... မေမေ ကားတံခါးဖွင့်ပေးမယ်"

ချော့မော့ပြီး သူ့သမီးကို ကားပေါ်တင်ပေးရင်း လက်တစ်ဖက်ကလည်း ဇေထွန်းအား မောင်းတော့ဟူသောသဘောနှင့် လှုပ်ရှားပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေထွန်း နားလည်ဟန်ဖြင့် ကားကို မောင်းထွက်လိုက်လေသည်။

တစ်လမ်းလုံး ဆူဝေနေသောဒေါသကို ကွမ်းယာဝါးရင်း ထိန်းချုပ်ထားလိုက်ရသည်။ အခုတော့လည်း နောက်ခန်းက အာဋ္ဌာဝကမကြီး နှုတ်ဆိတ်နေလေသည်။ သူမအမေ ဘယ်လိုစည်းရုံးလိုက်လည်းမသိ။ ဒီလိုတွေးမိမှ ခုနက ဒေါ်သဇင်ထွန်း ပြောလိုက်သော မင်းနဲ့အန်တီ အလုပ်တွဲလုပ်စရာရှိသေးတယ်ဆိုသောစကားအား ဇေထွန်း သတိရသွားကာ ဘယ်အလုပ်ကို ပြောတာပါလိမ့်ဟု တွေးကြည့်နေမိသည်။ ဘယ်လိုမှတွေးမရ။

ဒါနဲ့ပဲ ကျောင်းရှေ့ကို ရောက်လာခဲ့သည်။ ဒေါ်သဇင်ထွန်း ညွှန်ကြားလိုက်သည့်အတိုင်း ကျောင်းစာအုပ်တွေထည့်ထားသော ကျောပိုးအိတ်နှင့် ထမင်းဘူး, ဓာတ်ဘူးများ ထည့်ထားသော လက်ဆွဲခြင်းကိုယူ၍ သီရိဆွေဝင်သွားသည့်အခန်းတွင်းသို့ သယ်သွားပေးလိုက်လေသည်။

ဇေထွန်းမှာ သူတို့အတန်းထဲမှ အရင်ရောက်နှင့်နေသော ကောင်မလေးတွေက ကွက်ကြည့်ကွက်ကြည့်လုပ်နေ၍ စိတ်အနှောင့်အယှက်ဖြစ်နေရသလောက် သီရိဆွေကတော့ သူမဘာဝကို





သူမ ဂုဏ်ယူဝင့်ကြွားနေဟန်ဖြင့် ရင်ကိုကော့ ခေါင်းကိုမော့ကာ အတန်းထဲသို့ ဝင်သွားလေတော့သည်။

ကျောင်းအပြင်ရောက်မှ ဇေထွန်း သက်ပြင်းချနိုင်တော့၏။ အင်း . . . တစ်မနက်တော့ ဝဋ်ကျွတ်သွားပြီဟု ရေရွတ်လိုက်မိသည်။ ညနေကို ဘယ်လိုထပ်ပြီး ကြုံရဦးမလဲမသိ။ ဟူး . . . ဘယ်ဘဝက ဝဋ်ကျွေးကြောင့်များ ဒီအိမ်ကို မျက်စိလည်ပြီး ရောက်ရသလဲ မသိပါဘူး။

အိမ်ဘက်သို့ ကားကို ပြန်မောင်းလာရင်း သက်ပြင်းကိုသာ ထပ်တလဲလဲချကာ ဇေထွန်း စိတ်ပျက်စွာ ရင်ထဲမှ ညည်းညူနေမိပါ၏။

ကိုယ့်အတွက်ကိုယ်တွေးပြီးတော့ မနက်က ကောင်မလေးဆီ စိတ်က ရောက်သွားရပြန်သည်။

သူတို့ခေါ်လိုက်တာ အိဖြူတဲ့။ ကောင်မလေးက သူ့ကိုယ်သူ နာမည်ထည့်ပြောတာ ပန်းကလေးတဲ့။ ဘယ်နာမည်က အမှန်ဖြစ်မလည်း မသိပေ။ သူကတော့ ပန်းကလေးဆိုတဲ့ နာမည်ကို ပိုသဘောကျနေ၏။ ကောင်မလေးနဲ့လည်း နာမည်က လိုက်ဖက်လှသည်။ တကယ့်ကို မထိရက် မတို့ရက်။ အပင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုကြည့်နေဖို့ကောင်းသည့် ပန်းကလေးတစ်ပွင့်နှယ် နုဖတ်ပျော့ပျောင်းနေလိုက်တာ။ ဘာဖြစ်လို့များ အစေခံဘဝကိုရောက်နေရပါလိမ့်။ သူ့ဘွားအေဆိုတာကရော ဘယ်အရွယ်ရှိပြီး ဘာရောဂါဖြစ်နေသလဲ သိချင်လိုက်တာ။ ကူညီခွင့်ရလျှင် ကူညီချင်ပါရဲ့။ ဘာဖြစ်လို့များ ဒီအိမ်က ကောင်မလေး ထွက်မပြေးတာပါလိမ့်။ ဒီလောက် လူလူချင်း အညှာတာကင်းမဲ့တဲ့အိမ်မှာ ငါသာဆို ဒုက္ခခံပြီး မနေဘူး။ အေးလေ . . . သူ့အကြောင်းနဲ့သူ ရှိမှာပေါ့။

သနားစရာကောင်းသော ကောင်မလေးအကြောင်းကို ဇေထွန်း တွေးလာရင်း အိမ်ခြံထဲကို ကားကိုမောင်းသွင်း၍ မနက်အတွက် အလုပ်တာဝန်ပြီးပြီမို့ ကိုယ့်အတွက် ပေးထားသော ထပ်ခိုးဆီသို့သာ ထွက်လာခဲ့လိုက်သည်။

ထပ်ခိုးပေါ် တက်ခါနီး ပန်းကလေးကိုများ တွေ့ဦးမလားဟု မနေ့က အဝတ်လျှော်သည့်နေရာကို ကြည့်မိသေးသည်။ မတွေ့။ အိမ်ထဲမှာ အလုပ်ရှုပ်နေတယ်နဲ့ တူပါရဲ့ဟု တွေးကာ လှေကားပေါ် ခြေထောက်တင်လိုက်စဉ် ထပ်ခိုးဆီမှ အံသံကြား၍ နားစွင့်နေမိသည်။





ဒီအချိန်မှာ ထပ်ခိုးမှ ဆင်းလာသော အရိပ်ကလေးတစ်ခုကြောင့် ဇေထွန်း အံ့ဩသွားရကာ အောက်သို့ ပြန်ဆင်းပြီး ရပ်နေလိုက်ရသည်။

ပန်းကလေး။

သူမ ထပ်ခိုးပေါ် ဘာတက်လုပ်တာပါလိမ့်။ သူ လိုက်ကြည့်နေတာတောင် လှည့်ကြည့်ပေါ်မရသည့် ကောင်မလေးကို ဇဝေဇဝါနှင့် ဇေထွန်း လိုက်ကြည့်နေပြီး ထပ်ခိုးအပေါ်သို့ အပြေးအလွှားတက်ခဲ့မိလေသည်။

ထပ်ခိုးပေါ်အရောက်၊ သူ့အိပ်ခန်းအပြင်ဘက်က ခုံလေးပေါ်မှာ တင်ထားသော လေးဆင့်ချိုင့်ကြီးကို အတွေ့မှာ ဇေထွန်း သဘောပေါက်လိုက်ပါတော့သည်။

ဩော် . . . ထမင်းချိုင့် လာပို့တာကိုး။ အဟွန်း . . . ငါက တစ်မျိုးတွေးလိုက်မိသေးတယ်။ ဆောရီးပဲ ပန်းကလေးရယ် . . . တစ်နေ့ကျရင် မင်းကို ဒီကိစ္စအတွက် ပြန်တောင်းပန်ခွင့် ရနိုင်ပါစေလို့ ကိုယ်ဆုတောင်းပါတယ်။

အခုတော့ . . . ကိုယ့်ကို ခွင့်လွှတ်လိုက်ပါ ပန်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဇေထွန်း တစ်ယောက်တည်း ရှုးသွပ်စွာတွေးရင်း မျက်လွှာလေးချ၍ အားငယ်ညှိုးနွမ်းနေသော မျက်နှာလေးကိုသာ မြင်ယောင်နေမိလေသည်။

❋ ❋ ❋



## အခန်း (၃)

"ကိုမှုံကြီး ဘယ်ပျောက်နေတာလဲဗျ၊ ကျွန်တော့်ကို ဒီအိမ်မှာ ပို့ထားပြီးတဲ့နေ့တည်းက ပျောက်ချက်သား ကောင်းနေလိုက်တာ အခုမှပဲ တွေ့ရတော့တယ်"

တိုက်ထဲက ရှိုးအပြည့်နှင့် ထွက်လာသော မှုံကြီးအားကားရေဆေးနေရာမှ ဇေထွန်း နှုတ်ဆက်လိုက်လေသည်။

"အေး ... ဟုတ်တယ် ကောင်လေးရေ၊ ငါ့မှာလည်း တာဝန်တွေနဲ့မို့ မင်းကို စကားမပြောအားဘူးကွ၊ အခုလည်း ငါတစ်ယောက်တည်း မုံရွာဘက်ကို ကိစ္စတစ်ခုနဲ့ သွားရမယ်၊ အဲဒါကြောင့် နောက်မှ အေးအေးဆေးဆေးတွေ့ကြတာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်နော်''

''ဟုတ်ကဲ့ . . . ဟုတ်ကဲ့''

ထိုသို့သာ ဇေထွန်း ပြောလိုက်ပြီး ကားကို အဝတ်နှင့် တိုက်နေလိုက်ရလေသည်။

ဒီလိုမှလုပ်မနေဘဲ ကိုမှူးကြီးနှင့် စကားဆက်ပြောနေလို့က နောက်ကနေ ထွက်လိုက်လာသော ဒေါ်သဇင်ထွန်း၏မျက်စောင်းဒဏ်ကြောင့်ပဲ ပြာကျမလား၊ ဒါမှမဟုတ် ပါးစပ်သေနတ်ပစ်သံကြောင့် နားပဲ ကွဲထွက်မလား မပြောတတ်ချေ။

အခုတော့ အလုပ်လုပ်နေသော ဇေထွန်းကို ဒေါ်သဇင်ထွန်း တစ်ချက်မျှစောင်းငဲ့ကြည့်ပြီး ဘာမှပြောမသွားခဲ့ပေ။

ဇေထွန်း ပခုံးလေးတွန့်ကာ ပြုံးလိုက်မိပါ၏။

ထိုစဉ် ညည်းသံလိုလို ကြားမိလိုက်၍ ရပ်ကာ နားစွင့်လိုက်မိသည်။ ဟိုနေ့တွေက ဒီအသံကို မကြားမိပါဘူး။

''အဟီး . . . ဟီး . . . ချမ်းလိုက်တာ၊ ချမ်းတယ် မြေးရယ်၊ ဘွားကို ဆေးတိုက်ပါ၊ ဆေးပေးပါ မြေးရယ်''

''ဒေါ်သဇင်ထွန်း အပြင်ခဏသွားတယ် ဘွားရယ်၊ ဆေးပေးမသွားဘူး၊ ဆေးက ဘယ်နားမှာထားမှန်းမသိတော့





ပန်းကလေးလည်း ဘွားကို ဒီအတိုင်း ကြည့်နေရတယ်၊ ပန်းကလေးကို ခွင့်လွှတ်ပါ ဘွားရယ်၊ ဘွား . . . ဘွားကို ပန်းကလေး တစ်ခုပြောပါရစေ၊ သူတို့တောင်းတဲ့ပစ္စည်းကို ဘွား ပေးလိုက်ပါလားဟင်၊ အဲဒါဆို ဘွား ဒီဘဝက လွတ်ပြီပေါ့၊ အခုတော့ ပန်းကလေးမှာ ဘာမှကူညီလို့လည်း မရ၊ ဒီအိမ်က ထွက်သွားပြီးရင် ဘာအလုပ်ပဲဖြစ်ဖြစ် ဘွားအတွက် ပန်းကလေး လုပ်ရဲပါတယ်၊ ဘွား ဒီထက်တော့ စိတ်ချမ်းသာဦးမှာပါ ဘွားရယ်၊ သူတို့တောင်းတဲ့ပစ္စည်းကို ပေးလိုက်ပါ ဘွားရယ်နော်''

ငိုသံတစ်ဝက် ရှိုက်သံတစ်ဝက်နှင့် ပြောနေသော ပန်းကလေး၏အသံကို ဇေထွန်း အတိုင်းသားကြားနေရပါသည်။ ဒီနေ့ ကျောင်းပိတ်ရက်မို့ သီရိဆွေက သူ့သူငယ်ချင်းတွေနှင့် ပဲခူးဘက်ကို ပျော်ပွဲစားထွက်သွားလေသည်။ ဒေါ်သဇင်ထွန်းက အခုပဲ မှူးကြီးနှင့် အပြင်ထွက်ပြီဖြစ်၏။

ဇေထွန်း တစ်ခုစဉ်းစားနေမိသည်က ဒေါ်သဇင်ထွန်း ဘာကြောင့် စိတ်ချလက်ချ အိမ်ကိုပစ်ထားခဲ့ပြီး ထွက်သွားသလဲဟု။ အတွေးနှင့် ခြံတံခါးနားကို လျှောက်သွားမိသည်။ အပြင်က သော့ခတ်သွားသည်ကို တွေ့ရ၏။ ဒီတော့မှ အိမ်မကြီးတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိလေသည်။ ရောမသော့ခလောက်ကြီးက အခန့်သား အိမ်ကို စောင့်ရှောက်နေ၏။

ဒီလိုဆို ဟိုမြေးအဘွား အိမ်ထဲမှာ နှစ်ယောက်တည်းပေါ့။ ကြည့်စမ်း . . . လူစိတ်ကင်းမဲ့ပုံများ ထွက်ပြေးလို့မရအောင် တံခါးတွေ ပိတ်ထားခဲ့သည်။ တကယ်လို့ မီးဘေးနဲ့များ ကြုံလိုက်ရလျှင် ဟိုမြေးအဘွားအတွက် မတွေးဝံ့စရာပါလား။ နေပါဦး . . . ခုနက သူတို့မြေးအဘွား ပြောနေကြတာ ဘာအဓိပ္ပာယ်တွေပါလိမ့်၊ မြေးလုပ်သူက သူတို့တောင်းတာပေးလိုက်ဖို့ ပြောနေသည်။ အဘွားလုပ်သူက မပေးနိုင်ဟု ပြော၏။ ဘာစကားတွေပါလိမ့်။ ဘာတဲ့ . . . အဘွားကြီးပြောတဲ့စကားက . . .

''မပေးနိုင်ဘူး မြေး၊ တကယ်ကို အဘွား အဲဒီပစ္စည်းတွေထားတဲ့နေရာ မသိတာလည်း အမှန်ပဲ၊ သိလည်း မပေးဘူး၊ မတရားလောဘနဲ့ ရှိသမျှ လက်ဝါးကြီးအုပ်ရုံတင် အားမရဘူး၊ ဘယ်မှာထားမှန်းမသိတဲ့ပစ္စည်းကို မျှော်လင့်နေသေးတယ်၊ အေး . . . တကယ်လို့ ဒီနေရာကို ရှာတွေ့ခဲ့ရင် အဲဒါတွေဟာ ငါ့မြေးအတွက်ပဲ၊ ဘာလဲတော် . . . လူတွေကို မသေရုံညှဉ်းပန်းထားလို့ အားမရနိုင်သေးဘူး၊ ဒုက္ခပေါင်းစုံပါ အိမ်ကိုသယ်လာသေးတယ်၊





ငဖော် . . . ငဖော် . . . ဒင်းပေးခဲ့တဲ့ ဒုက္ခတွေက ခုထိ မပြီးဆုံးနိုင်သေးပါလား၊ မြေးလုပ်စရာရှိတာ သွားလုပ်ပေး၊ တော်ကြာပြန်လာလို့ ဘာမှမလုပ်ရသေးရင် အရိုက်ခံနေရပါဦးမယ်ကွယ်၊ ဘွားလည်း အချမ်းပျောက်သွားပါပြီ၊ သွားတော့ . . . သွားတော့''

ဖေထွန်း မျက်မှောင်ကုတ်လိုက်မိသည်။ စကားအသွားအလာအရ ဒေါ်သဇင်ထွန်းတို့ မရိုးသားမှုက ပေါ်လွင်နေ၏။ သို့သော် ဘာမှမသိသေး။ ကူညီနိုင်တာရှိ ကူညီရအောင် ဘယ်သူမှမရှိတုန်း မေးကြည့်မှဟု တွေးကာ အသံကြားနေရသော မီးဖိုဘေးက အခန်းနားမှခွာကာ နောက်ဖေးတံခါးပေါက်ဆီ လျှောက်ခဲ့လေသည်။

တောက် . . . နောက်ဖေးတံခါးပါ သော့ခတ်သွားတာပါလား။ ဖေထွန်း ဒေါသထွက်လွန်း၍ အရှေ့မှာတွေ့သော ခဲလုံးကို ခြေထောက်နှင့်ကန်လိုက်မိလေသည်။

မိမိကိုပါ ခြံထဲမှာ သော့ခတ်ခဲ့တာပါလားဆိုသည့်အသိကြောင့် ဒေါသပိုထွက်လာရသည်။

ဒါကြောင့် အိမ်ထဲကိုရအောင်ဝင်မယ်ဆိုသည့်စိတ်ဖြင့် ဘယ်ကနေဝင်ရမလဲဟု စဉ်းစားနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်မဖြေလည်း ရပါတယ် အောင်ကြီးရာ၊ သိပြီးသား ကြီးဆိုပေမယ့် မင်း ဘာတွေလုပ်ရှားမလဲ သိချင်လို့ပါ၊ မင်းတို့ သား အမိကြား တစ်နေ့တစ်နေ့ ငါ စိတ်တွေဆင်းရဲလွန်းလို့ မေးမိတာပါ"

တည်ငြိမ်အေးဆေးစွာ ပြောလာတဲ့ သောင်းထိုက်၏ပခုံးကို နှေးကွေးစွာ ရန်ကြီးအောင် ဖက်လိုက်ရင်း သက်ပြင်းဖွဖွချလျက် ...

"ငါက မင်းထက်ဆိုးတော့မှာပေါ့ သောင်းထိုက်၊ မင်းက ငါတို့ဒီနားကို ပြောင်းလာမှ ဒီအသံတွေကို ကြားရတာပါ၊ ငါ့မှာက ဟိုး ... လူမှန်းသိတတ်တဲ့ အရွယ်ကတည်းက ဒီအကြောင်းတွေကို နားထောင်ချင်လည်း ထောင်, မထောင်ချင်လည်း ထောင်နေခဲ့ရတဲ့ အပြင် မင်းကြားတဲ့အတိုင်းပဲ ... အမေ့ရဲ့ ဆူပူကြိမ်းမောင်းမှုတွေကို နေ့စဉ်နဲ့အမျှ ခံနေခဲ့ရတာ၊ ကြာတော့ အိမ်မှာ နေချင်စိတ်ကို မရှိတော့ တာ သူငယ်ချင်း"

စိတ်ပျက်ညည်းညူစွာ ပြောနေသော ရန်ကြီးအောင်၏စကား များက မှန်နေသောကြောင့် သောင်းထိုက်လည်း ပြေရာပြေကြောင်း လေးတောင် ပြောစရာစကား ရှာမရ၊ သူငယ်ချင်းဖြစ်သူကို ကိုယ်ချင်း စာစိတ်ဖြင့် ပြောကြည့်မိ၏။





တံခါးခေါက်သံကြောင့် ငိုရှိုက်နေရာမှ ပန်းကလေး ဆတ်ခနဲ ခေါင်းမော့လာရသည်။ ထွက်သွားပြီဆို ဒီအချိန် ဘယ် တုန်းကမှ ပြန်မရောက်တတ်သော ဒေါ်သဇင်ထွန်းအကြောင်း ကို သိနေ၍ ဘယ်သူဖြစ်မလဲဟု တွေးကြည့်မိသည်။

သီရိလည်း မဖြစ်နိုင်။ သူလည်း မိုးချုပ်မှ ပြန်ရောက် လာမည့်သူ။ ဒါဆို ... ပန်းကလေးရင်ထဲ ထိတ်ခနဲဖြစ်သွားရ၏။ ဟိုလူ ... ဟိုလူပဲ ဖြစ်ရမယ်။ သူလည်း ငါတို့လိုပဲ အပိတ်ပဲခ လှောင်ခံခဲ့ရတာဆိုတော့။ ဟုတ်ပါတယ်။ ဒီလူပဲ ဖြစ်မှာပါ။ တစ်ခြံလုံးမှာ တို့မြေးအဘွားနဲ့ သူပဲ ကျန်ခဲ့တဲ့ဟာ။ ဘာလုပ်မလို့ ပါလိမ့်။ သော့တွေ အထပ်ထပ်ခတ်ထားခဲ့တာ ဘယ်ကဝင်လာ ပြီး ဘာသဘောနဲ့ ငါတို့အခန်းကို တံခါးလာခေါက်ရတာတဲ့လဲ။ မဟုတ်မှလွဲရော ဘယ်သူမှမရှိတုန်း တို့မြေးအဘွားကို တစ်ခုခု လုပ်ပြီး အိမ်ပေါ်က ရှိတာတွေ မ,သွားတော့မယ်နဲ့တူတယ်။

ပန်းကလေး တံခါးပေါက်ကို ငေးကြည့်ပြီး ဖြစ်နိုင်တာ ကို တွေးကြည့်နေရာမှ ပြန်အိပ်ပျော်သွားသော အဘွားကို ငုံ့ ကြည့်လိုက်မိသည်။

သူမ,ထင်သလို အဘွားက အိပ်မပျော်ဘဲ မျက်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ပြူးကာ သူမကို စိုက်ကြည့်နေ၏။ ဘယ်သူလဲဆိုသည့်သဘော နှင့် အဘွားက မျက်လုံးဖြင့်မေးလေရာ ပန်းကလေး ခေါင်းခါ ပြလိုက်သည်။ ဟုတ်တယ်လေ။ ရမ်းပြီးတော့သာ တွေးနေမိကာ ဘယ်သူရယ်လို့ အသေအချာမှ မသိတဲ့ဟာ။

အတန်ကြာမှ အဘွားဆီက လေသံမျှ အသံတိုးတိုးဖြင့်–

"သွားဖွင့်ပေးလိုက်ပါ မြေး၊ ဘွားတို့ကို အန္တရာယ်ပေး မယ့်သူ မဖြစ်နိုင်ဘူး၊ မြေးပြောတဲ့ ကားဒရိုင်ဘာအသစ်လေးများ လား"

ပန်းကလေး တွေးသလိုပဲ ဘွားကလည်း တွေးမိဟန်ဖြင့် ပြောလာတော့ အဆက်မပြတ်ခေါက်နေတဲ့ တံခါးဝဆီ ထ,လာခဲ့မိ သည်။

ထင်သည့်အတိုင်းပဲ တံခါးဝမှာ ထိုသူ့ကို မားမားကြီး တွေ့လိုက်ရလေသည်။

ပထမ ... ပန်းကလေး ဆတ်ခနဲ တုန်သွားပြီးမှ နှစ်လို ဖွယ် ပြုံးပြသော သူ့အပြုံးကြောင့် အလိုလိုယုံကြည်မိကာ အဘွား နားသို့ ခေါ်ခဲ့လိုက်လေသည်။

"ထိုင်ပါမောင်ရယ်၊ မင်း တယ်သတ္တိကောင်းတာပဲ၊





ဒီလောက် အခန်းတိုင်း အထပ်ထပ် ပိတ်ထားခဲ့တာ ဘယ်ကနေ ဝင်ခဲ့သလဲ၊ ပြောပါဦး ... အဘွားတို့ဆီ ရောက်လာရတဲ့ကိစ္စ"

အရိုးပေါ် အရေတင်ဆိုတဲ့စကားလို အသားဆိုတာ ရှာ မတွေ့လောက်အောင် ချည့်နဲ့ပိန်ခြောက်နေပြီး ဘယ်ဟာ ပေါင်၊ ဘယ်ဟာ ခြေသလုံးမှန်း မသိရတော့လောက်အောင် ဖြစ်နေရှာ သည့် အဘွားဆိုသည့် အမျိုးသမီးအား ကြည့်ကာ ဇေထွန်းရင်ထဲ ဆို့သွားရလေသည်။

ထိုင်ပါဆို၍ ခုနက ပန်းကလေး ထိုင်ခဲ့ဟန်တူသော ခုံပုလေးတွင် ဇေထွန်း ထိုင်လိုက်လေသည်။ တံခါးပေါက်ဆိုတာ မရှိ။ တစ်ခန်းလုံး မှောင်မည်းနေပြီး မီးလုံးလေးတစ်လုံးသာ ထွန်းထားပေးသော အခန်းလေးထဲတွင် ထိုအဘွားသည် နေ့နှင့် ည မှားကာနေရရှာသည်မှာ ဘယ်အချိန်အတိုင်းအတာကတည်း ကပါလိမ့်။ ဇေထွန်း တွေးကာ သက်ပြင်းချလိုက်ရင်း ...

"ကျွန်တော့်ကို အခုလို ယုံကြည်ပေးတဲ့အတွက် ကျေး ဇူးတင်ပါတယ် ဘွား"

ဒေါ်ထိပ်ထား ကျန်ရှိနေသေးသည့် အင်အားကို အသုံး ပြု၍ ယဲ့ယဲ့လေးပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွားက . . . အားမတန်လို့ မာန်လျှော့ပြီး မလွှဲသာလို့ ဒီဘဝကိုရောက်နေရပေမယ့် လူကဲတော့ ခတ်တတ်ပါတယ်ကွယ်၊ ငါ့မြေး လာရင်းကိစ္စသာ ပြောပါ၊ မြေးမ,က မတ်တတ်ကြီးလုပ်မနေနဲ့ ဘွားနားမှာလာထိုင်"

လေသံတိုးသော်လည်း ပြတ်သားစွာကြားရသော စကားသံက အမိန့်သံမဟုတ်ဘဲ ဩဇာသံအပြည့်ပါနေ၍ တစ်ချိန်က အားလုံးအပေါ် ဩဇာညောင်းခဲ့သောသူတစ်ယောက်ဖြစ်မည်ဟု ဖေထွန်း တွေးလိုက်မိသည်။

ဘွားအေလုပ်သူက သူ့အနားမှာ လာထိုင် ဆို၍ ခုတင်ခြေရင်းမှာရပ်နေသော ပန်းကလေးက ဖေထွန်းကို တစ်ချက်ကြည့်လိုက်ပြီး သူ့ဘွားအေကျောနောက်တွင် သွား၍ ကပ်ထိုင်လိုက်သည်ကိုကြည့်ကာ တစ်ချိန်က ဘွားအေအသည်းစွဲလေးလို့ ဖေထွန်း တွေးနေမိသည်။

"လိုရင်းကို မြန်မြန်ပဲပြောမယ် ဘွားရယ်၊ ပထမတော့ ဘွားရဲ့ညည်းသံကြောင့် ဘာဖြစ်တာလဲလို့ သိချင်တာတစ်ခုပါပဲ၊ နောက်မှ တစ်ခြံလုံးကို သော့ခတ်ပြီး ကျွန်တော်အပါအဝင် ဘွားတို့မြေးအဘွားနှစ်ယောက်ကို ချုပ်နှောင်သလို လုပ်ထားခဲ့





တာ ဘာသဘောလဲလို့ သိချင်တာနဲ့ ဒီအိမ်ထဲကို မရောက်ရောက်အောင် ဝင်ခဲ့တာပဲဘွား"

ဖေထွန်းစကားများကို ဒေါ်ထိပ်ထား အဇသအချာနားထောင်ပြီး . . .

"တကယ်လို့ ဒီအကြောင်းတွေကိုသိရင် ငါ့မြေး ဘာလုပ်မလဲ"

ဖေထွန်း ဝမ်းသာအားရဖြင့် ပိန်လှီနေသော ဒေါ်ထိပ်ထား၏လက်တစ်ဖက်ကိုကိုင်ကာ . . .

"ဘွား . . . ကျွန်တော့်ကို အပြည့်အဝယုံကြည်ပေးပါ၊ ကျွန်တော့်နာမည် ပိုင်ဖေထွန်းလို့ ခေါ်ပါတယ်၊ မတရားတာမုန်ရင် လက်ပိုက်ကြည့်မနေတတ်လို့ အချုပ်ထဲ ရောက်ရတာလည်း ခဏခဏပါ၊ အခုလည်း မတရားတဲ့လုပ်ရပ်တစ်ခုလို့ ရင်ထဲမှာ ထင်နေလို့ ဘွားတို့မြေးအဘွားကို ကယ်တင်ချင်တဲ့ဆန္ဒကြောင့် အဖြစ်မှန်ကို သိခွင့်ပေးပါ၊ ဘွားတို့ရဲ့ကံကြမ္မာကို ကျွန်တော် အကောင်းအတိုင်းဖြစ်အောင် ဖန်တီးပေးပါရစေ၊ ယုံပါ ပန်းကလေးရယ်'

ထိုသို့ရဲဝံ့စွာ ဖေထွန်းပြောလိုက်လျှင် ဒေါ်ထိပ်ထား ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်စွာပြုံးလျက် ...

"ယုံတယ် မြေး၊ ယုံတယ်၊ ပြောပြလို့လည်း ဝန်မလေးပါဘူးကွယ်၊ တကယ်တော့ ..."

"ဘွား"

ဒေါ်ထိပ်ထား ပြောရန်အားယူလိုက်စဉ် ပန်းကလေးကမန်းကတန်း ဟန့်တားမိလေသည်။ ကျားကြောက်လို့ ရှင်ကြီးကိုး ကျားထက်ဆိုးမှုဖြင့်ဟု တွေးမိလို့ပါ။

"မြေး အသာလေးနေပါကွယ်၊ ဘွား ဒီမြေးကို ယုံကြည်တယ်၊ ဘွားက သေလည်းမထူး၊ နေလည်းမထူးတဲ့ ဘဝပါ၊ ငါ့မြေးလေးသာ ဒီအိမ်ကြီးထဲမှာ ဘဝကို အဆုံးမသတ်စေချင်ဘူး၊ ဒါ့ကြောင့် ဘွားစကားကို နားထောင်ပါ မြေးရယ်"

ပန်းကလေး ငြိမ်နေလိုက်ရလေသည်။ ဘွားဖက်ကတွေးကြည့်တော့လည်း အခုချိန်မှာ ဒီလူကို ရေနစ်နေသောသူ မြက်ပင်တစ်ပင်ကိုတွေ့လိုက်ရလို့ အားရဝမ်းသာဖမ်းဆုပ်လိုက်သလိုမျိုး အားကိုးချင်မိသွားတာ ဖြစ်မှာပေါ့။

"ဘွားနာမည်အရင်းက ထိပ်တင်ထားလို့ခေါ်တယ်၊ အများက ထိပ်ထားလို့ ခေါ်ရာကနေ အဲဒီနာမည် တွင်သွားတော့





တာပဲ၊ ဘွားရဲ့ခင်ပွန်းက စပ်ဝဏ္ဏလို့ ခေါ်တယ်၊ ဘွားတို့မှာ သားနှစ်ယောက်ရှိတယ်၊ သားအကြီးက စပ်နေလွှမ်း၊ သားအငယ်က စပ်ဇော်လွှမ်းတဲ့၊ စပ်နေလွှမ်းဆိုတာ ဒီက မြေးမလေး ပန်းညမွှေးရဲ့အဖေပေါ့"

"ဩော် ... ပန်းညမွှေးတဲ့လား"

ဇေထွန်း နာမည်လေးကို ခေါ်ကြည့်ကာ ပန်းကလေးထံ အကြည့်ပို့လိုက်မိသည်။ တကယ်ကို ထိလိုက်တာနဲ့ ကြွေတော့မယ့် ပွင့်ဖတ်လေးလိုပါပဲလား့ကွယ်။ စိတ်ချပါ။ ကိုယ် မင်းဘဝမှာ ပျောက်ဆုံးနေတဲ့ ရွှေအိုရောင်နေ့သစ်များကို ပြန်ထူထောင်ပေးပါ့မယ် မိန်းကလေးရယ်။

ခဏာအမောဖြေနေတဲ့ အဘွားကို ဇေထွန်း တစ်ချက်ကြည့်လိုက်ပြီး ...

"ဘွား ပြောလို့ဖြစ်ရဲ့လား၊ မဖြစ်လည်း နောက်နေ့မှပြောလည်း ရပါတယ်၊ ကျွန်တော်က ဒီအိမ်မှာ လူနည်းနေတာကိုပါ မသင်္ကာတာ ဘွားရဲ့၊ အဲဒါတွေပါပြောရရင် ဘွား အရမ်းမောနေမှာ"

"ရတယ် မြေးရယ်၊ နောက်နေ့ဆိုတာ ဒီလိုအခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ရချင်မှရတော့မှာ၊ မိသဇင်လောက် အကင်းပါးတာမရှိဘူးနော်၊ မင်းကို အခုခေါ်မသွားပေမယ့် လျှော့တွက်မှာတော့ မဟုတ်ဘူး၊ ဒါ ... တော်တော့်ကို အရေးတကြီးသွားလို့ မင်းကို ဒီအတိုင်းထားခဲ့တာ၊ နို့မို့ဆို ဘယ်လိုပုံစံနဲ့ ထားခဲ့မလဲ မပြောတတ်ဘူး၊ ကဲ ... ဆက်နားထောင် မြေးရယ်၊ သူ့မလာခင်ပြီးအောင် ဘွား နား,နားပြီး ပြောမယ်၊ အရေးကြီးတာလောက်ပဲ ပြောပြမယ်၊ ကျန်တာ မြေးမလေး ဆက်ပြောလိမ့်မယ်"

❋

ယခုလက်ရှိ ရှိနေသော ရွှေသစ္စာခြံကြီးထဲရှိ နှစ်ထပ်တိုက်ကြီးထဲတွင် ဒေါ်ထိပ်တင်ထားနှင့်စပ်ဝဏ္ဏတို့မှမွေးဖွားသော သားကြီး စပ်နေလွန်း၊ ချွေးမ စံပယ်ငုံ၊ မြေးမလေး ပန်းညမွှေးတို့ နေထိုင်ကြပေသည်။

သားငယ် စပ်ဖော်လွန်းနဲ့ ချွေးမ ဒေါ်သဇင်ထွန်း၊ မြေးမလေး သီရိဆွေတို့က မန္တလေးအိမ်တော်ရာ ရပ်ကွက်တွင် ရွှေပြားခတ်သော လုပ်ငန်းဖြင့် ကြီးပွားချမ်းသာလျက် ခြံနှင့်ဝင်းနှင့်





နေကြသူများဖြစ်ကြပါ၏။

ထိုသို့ သားကြီးရော သားငယ်ကိုပါ စေစီးစွာ အမွေတွေ ခွဲပေးပြီး ဒေါ်ထိပ်ထားတို့ဇနီးမောင်နှံက အေးချမ်းစွာနေနိုင်ကြစေရန် တပ်အားသ၍ လိုသမျှ ပံ့ပိုးခဲ့ကြပါသည်။

မိဘအပေါ် သိတတ်သော သားကြီးက အိမ်ခွဲမနေဘဲ သူ့ဇနီးနှင့်သမီးအား မိဘများအား ခြေဆုပ်လက်နယ်ပြုစေလေသည်။ သူကိုယ်တိုင်ကလည်း မိဘလက်ငုပ်လက်ရင်းဖြစ်သော မေမြို့မှ သစ်တော်သီးခြံ၊ မက်မန်းသီးခြံများကို ဦးစီးဦးဆောင်ပြုရင်း မိဘများနှင့် မခွဲမခွာနေခဲ့လေသည်။

ဒေါ်ထိပ်ထားတို့ဇနီးမောင်နှံမှာ သားလိမ္မာ၊ ချွေးမလိမ္မာ၊ မြေးလိမ္မာတို့ကြောင့် ကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ရွှင်လျက် ဘုရားသွားကျောင်းတက် ကုသိုလ်ပြုကြရင်း အေးချမ်းလျက်ရှိကြလေသည်။

တစ်နေ့ ... ထိုတစ်နေ့တွင် ပျော်ရွှင်စရာ ဒေါ်ထိပ်ထားတို့မိသားစုအတွင်းသို့ အကုသိုလ်ဂြိုဟ်ဆိုးက ဝင်ရောက်မွှေနှောက်လေတော့သည်။ ထိုသည်ကား အခြားမဟုတ်ပေ။ မေမြို့မှ သစ်တော်သီးခြံသို့ စပ်နေလွန်းတို့လင်မယားနှင့်ဒေါ်ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



၏ခင်ပွန်းစပ်ဝဏ္ဏ လိုက်သွားရင်း လမ်းမှာ ကားအက်ဆီးဒင့် ဖြစ်ခြင်းကြောင့် သားအဖသုံးယောက်လုံး ပွဲချင်းပြီး သေဆုံးကြလေသည်။

ဒေါ်ထိပ်ထား အရှူးမီးဝိုင်းခံရသလို ကယ်ကူမဲ့သွားတော့သည်။ ထိုစဉ်က ပန်းကလေးမှာ ကျောင်းပိတ်ရက်မို့ သူငယ်ချင်းတွေနှင့် ဘုရားဖူးလိုက်သွားနေသောအချိန် ဖြစ်လေသည်။

ထိုသတင်းကို ကြားကြားချင်း မန္တလေးမှ သားငယ်စပ်ဖော်လွှန်းတို့မိသားစု ရန်ကုန်သို့ ဆင်းလာခဲ့လေသည်။ ဒေါ်သဖင်ထွန်း၏အကြံပေးချက်ကြောင့် ဘုရားဖူးသွားသော ပန်းကလေး အနှောင့်အယှက်မဖြစ်စေရန် ဖုန်းမဆက်ဖြစ်တော့ပေ။ အသုဘကို စပ်ဖော်လွှန်းကပဲ ဦးဆောင်ပြုလုပ်ခဲ့ပါ၏။

စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားသော အသုဘအခမ်းအနားကြီးပြီးသည့်တိုင် ပန်းကလေး ရောက်မလာနိုင်ခဲ့။ နေမကောင်းဖြစ်သော သူငယ်ချင်းကြောင့် ပန်းကလေးတို့ မျှော်လင့်ထားသောရက်ထက် ပိုနေလိုက်ရခြင်းကြောင့် ဖြစ်သည်။

ရွှေသစ္စာခြံကြီးထဲကို ပျော်ရွှင်စွာ ပြန်လာသော ပန်းကလေးအား အကျည်းတန်သော ဖြစ်ရပ်တစ်ခုက ကြိုဆိုနေခဲ့လေ





သည်။

အဲဒါကတော့ ရွှေသစ္စာခြံကြီး၏အရှင်သခင်မှာ စပ်ဝဏ္ဏနှင့်ဒေါ်ထိပ်ထားတို့ မဟုတ်တော့ဘဲ စပ်ဖော်လွှန်းနှင့် ဒေါ်သဖင်ထွန်းတို့ ဖြစ်နေကြပေပြီ။ ယခင်ရွှေသစ္စာခြံကြီး၏အရှင်သခင် ဒေါ်ထိပ်ထားမှာ မယုံကြည်နိုင်လောက်အောင် ပိန်လှီးချုံးကျပြီး ဆေးမရ (ဘိန်းဖြူ) လျှင် မနေနိုင်လောက်အောင် အဖြစ်ဆိုးနေသည့်ဘဝနှင့် ရင်ဆိုင်နေပြီဖြစ်၏။ ပြီးတော့ နေရသည်က ယခင်နေခဲ့ရသော ကတ္တီပါကော်ဇောအထပ်ထပ်ခင်းထားပြီး သန့်ပြန့်သည့် ဖဲမွေ့ရာထက်က ခုတင်ပေါ်မှာမဟုတ်။ အင်မတန် ညစ်ပတ်ပါသည်ဆိုသော စတိုခန်းကိုရှင်းပြီး ပြတင်းပေါက်တစ်ပေါက်မှမရှိသည့် အခန်းကျဉ်းလေးထဲတွင် ဖျာစုတ်, ခေါင်းအုံးစုတ်တို့ဖြင့် မတင့်တယ်စွာ တွေ့လိုက်ရလေသည်။

ဘွားအေကိုကြည့်ပြီး ယူကျုံးမရ သည်းအူပြတ်မျှ ငိုကြွေးမိသော ပန်းကလေးဘဝမှာ ထိုအဖြစ်ဆိုး၏ရလဒ်ကို ခါးသီးစွာ ခံစားလိုက်ရလေသည်။ ထိုရလဒ်သည်က ဥပဒေနောက်ဆုံးနှစ်ကျောင်းသူ ပန်းညမွှေးဘဝမှ ရွှေသစ္စာခြံကြီးအတွင်း ထိုခြံထိုတိုက်တို့၏အရှင်သခင် စပ်ဖော်လွှန်းနှင့် ဒေါ်သဖင်ထွန်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



အစေအပါးဘဝသို့ နေ့ချင်း ညချင်း ရောက်သွားရခြင်း ဖြစ်ပါလေသည်။

ထိုနေ့ ထိုအချိန်မှစ၍ ပန်းကလေး ကျောင်းဆက်မတက်ဖြစ်တော့ပေ။ ဘွားအေကို အသေသတ်လိုက်မည်စိုး၍ သူတို့နိုင်းသမျှ လုပ်ပေးရင်းဖြင့် ဘဝကို ကြံ့သလိုနေလိုက်ရလေသည်။

"ဘွားကို သူတို့က ဘာလို့ဆေးပေးသုံးဖြစ်တာလဲ ဘွား"

နားရင်းပြော ပြောရင်းနားနှင့် စကားက အဆုံးအသတ်သွားခဲ့သည်။ သို့သော် ဇေထွန်းနားမရှင်း၍ ထပ်မေးလိုက်မိသည်။

"ဘွားရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို သိမ်းပိုက်လို့အားမရဘူးလေ၊ ဘွားခင်ပွန်းလက်ထက်က ရှိခဲ့ဘူးတဲ့ ဟန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကြီးနှစ်လုံးကို လိုချင်လို့ တောင်းတာကွဲ့၊ မပေးတာနဲ့ ဘွားကို ဆေးထိုးတော့တာပဲ၊ အဲဒီတည်းက ဘွားမှာ အဲဒါမှ မရရင် အော်နေခဲ့ရတာပါပဲကွယ်"

"ဘွားက ဘာလို့မပေးတာလဲ၊ ကျန်တာတွေတောင် စွန့်လွှတ်ပြီးမှဟာ"

"အေး . . . ငါ့မြေးမေးသလိုပဲ ဟော့ဒီက ဘွားရဲ့မြေးမ





လေးကလည်း မေးဖူးတာပါပဲ၊ အဲဒီပစ္စည်း ဘယ်မှာရှိမှန်းကို ဘွားမသိတာ အမှန်ပါကွယ်၊ အေး . . . တစ်ခုတော့ရှိတယ်၊ ဟော့ဒီမှာ ဘွားခင်ပွန်းက . . . မင်း ဒါလေးကို ကိုယ်နဲ့မကွာ သိမ်းထားဆိုလို့ သိမ်းထားမိတာတော့ ရှိတယ်၊ ဘာလဲမသိဘူး၊ မြေး ကြည့်ချင်ကြည့်ပါ . . . ရော့"

သူ့နားမှာ ပန်ထားသော နားကပ်အား ချွတ်ပြီး နောက်ပိတ်အား ဝက်အူရစ်ဆုံးသည်ထိ ရစ်ထုတ်လိုက်ပြီး နားကပ်အပေါက်ထဲမှ စာရွက်လေးတစ်ရွက်ကို ဇေထွန်းအား ခေါ်ထိပ်ထားပေးလိုက်လေသည်။

စာရွက်လေးကို ဇေထွန်း ကမန်းကတန်းဖွင့်ဖတ်လိုက်၏။

အဓိပ္ပာယ်ပေါင်းများစွာ ဖော်ဆောင်နေသော စာလုံးပိစိလေးများကို ဇေထွန်း အသေအချာဖတ်ကာ စဉ်းစားနေမိသည်။ အဖြေကမထွက်။ ဒါနဲ့ပဲ ပန်းကလေးဆီ လှမ်းမေးမိ၏။ သူမ ခေါင်းခါလိုက်သဖြင့် ပြန်ယူပြီး ဖတ်ကြည့်မိပြန်သည်။

"ငါတို့ဘဝမှာ အားအထားရဆုံးဟာ ဘာဖြစ်မလဲ မင်းစဉ်းစား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ရေးထားလေသည်။ ပန်းကလေးလည်း ဖတ်ပြီးပြီနဲ့ တူပါတယ်။ အဖြေထွက်ပုံမရ။ ဇေထွန်းလည်း ခေါင်းပူသွားရပြီး အဘွားကတော့ ဒီစာရွက်ဟာ ပတ္တမြားနှစ်လုံးထားရာမြေပုံ အညွှန်းဟု ဆိုလိုချင်ပုံရသည်။ ဖြစ်လည်းဖြစ်နိုင်ချေရှိပါသည်။ ဒါပေမဲ့ ဘာမှန်းမသိတာက ခက်နေ၏။

ဦးနှောက်ခြောက်သွားတာပဲ အဖတ်တင်၍ စာရွက်လေးကို ဘွားထံ ပြန်ပေးလိုက်လေသည်။ ဒေါ်ထိပ်ထားက အသာ အယာ သက်ပြင်းချ၍ ...

"ငါ့မြေးယူထားပါ၊ ဘွားဆီမှာ ဆက်ထားလို့ ဖြစ်မယ် မထင်တော့ဘူး၊ ဒီနားကပ်ကို ဘာအကြံမဲ့ မယူဘဲနဲ့ သဇင်ထွန်းက ထားသလည်းမသိဘူး၊ တော်ကြာ ဒီနားကပ်ကိုချွတ်ပေးပါ ဆို ခက်နေဦးမယ်၊ မြေး စဉ်းစားလို့ရအောင် ဖတ်ကြည့်နေပေါ့၊ ဒါဟာ ဘွားခင်ပွန်းရဲ့ အမြော်အမြင်ကြီးမှုကြောင့် ကျန်နေတဲ့ နောက်ဆုံးပစ္စည်းလေးပါပဲ၊ ဒါလေးကို ဘွား မရှိတော့မှ တွေ့ လည်း မြေးမလေးအတွက် အသုံးဝင်ကောင်းဝင်မှာပါ၊ မန္တလေး ခဏပြန်ဦးမယ်ဆိုပြီး ခုထိ ပြန်မလာတဲ့ သားငယ်ကလည်း ငါ့မြေးကို ကယ်မှာမဟုတ်ဘူး"





"အို ... ဘွားကလည်း ဘွားမသေရပါဘူး၊ ဒီပစ္စည်းကို လည်း ပန်းကလေး မမက်ဘူး ဘွား၊ ဘွားကိုသာ ဆေးပြတ် အောင် လုပ်နိုင်ရင် ဒီကနေ ရတဲ့နည်းနဲ့ ထွက်ပြေးမယ်၊ ဘွား ကို ပန်းကလေး ကယ်နိုင်အောင် ကယ်မှာပါ"

မျက်ရည်မကျဘဲ ငိုသံလေးနှင့် ပြောနေသော ပန်းက လေးကို သနားကြင်နာစွာ ဇေထွန်းကြည့်၍ ...

"ခုနက ဘွား ချမ်းတယ်လို့ အော်နေပြီး ... အခုတော့ အကောင်းအတိုင်းပဲနော်"

"ဟုတ်တယ် မြေး၊ သူတို့က ဘွားကို မသေမရှင်နဲ့ ထားတာလေ၊ ဆေးပေးတဲ့နေ့ပေးပြီး မပေးတဲ့နေ့ မပေးပြန်ဘူး၊ အဲဒီတော့ မပေးတဲ့နေ့ကျရင် ပထမ အတော်ခံရတာပဲ၊ နောက် တဖြည်းဖြည်း ခံနိုင်ရည်ရှိသွားပြန်ရော၊ မခံနိုင်ပြန်ရင်လည်း အော်နေရတာပဲ၊ ယမင်းဝအောင်စားနေရလို့ တော်သေးတယ်၊ တစ်ခါတလေ တရားမှတ်ရင်း ခံနိုင်အောင်ကြိုးစားရတယ်"

ဇေထွန်း စိတ်မချမ်းမြေ့စွာ သက်ပြင်းချလျက် ...

ပန်းကလေးကရော ... အဲဒီပစ္စည်းကို ရှာမိသေး လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ဟာ အစက ပန်းကလေး ကိုယ့်လက်ကိုယ်ခြေ နေခဲ့ရတဲ့အိမ်ပဲ၊ ဘယ်နားမှာ ဘာရှိတယ် ပန်းကလေးထက် ဘယ်သူမှ ပိုမသိနိုင်ပါဘူး။ အခုလည်း အန်တီထွန်းက ပစ္စည်းမရ လို့ နှိပ်စက်တယ်ဆိုပေမယ့် တစ်အိမ်လုံး ပန်းကလေးလက် ပန်းကလေးခြေပဲလေ၊ ရှာတာနဲ့နေပြီ ဘယ်မှာမှကို မတွေ့တာ၊ တစ်ခါတလေ စိတ်ပျက်လွန်းလို့ သေလိုက်ချင်တဲ့စိတ်ကို မနည်း ထိန်းနေရတယ်၊ သံယောဇဉ်ထားစရာ ဘွားသာမရှိရင် ထွက်ပြေးတာ ကြာလှပြီ"

ဟုတ်မှာပဲ ဇေထွန်း တွေးပြီး ...

"ကဲ ... ကျွန်တော် သွားမယ်ဘွား၊ စိတ်ချပါ၊ ဘွားတို့ကို ကျွန်တော် ကယ်နိုင်အောင် ကြိုးစားပါ့မယ်၊ ပန်းကလေး မနက်ထမင်းလာပို့ရင် အဲဒီကုလားထိုင်အောက်မှာ အထုပ်ကလေးတစ်ထုပ် ချထားမယ်၊ ယူလာပြီး ဘွားကို နေ့တိုင်းတိုက်၊ ဘွားက ကျွန်တော့်ကို တစ်ခုကူညီပါ၊ ဆေးမရလို့ အော်တဲ့ပုံစံ အတိုင်း လုပ်မြဲလုပ်နေပါ၊ သူတို့ ဆေးလာပေးရင် ယူထားလိုက်၊ မသုံးနဲ့ ... ဖြစ်မလား ဘွား၊ အရင်လိုပဲ ခံနိုင်အောင် ကြိုးစားပါ"





"ဖြစ်ပါတယ် မြေးရဲ့၊ အစကသာ သူတို့ဆေးကို ထိုး ပေးတာပါ၊ အခု မြေးမလေးက ထိုးပေးနေရတာ၊ ဘွားကို အဲဒီလိုလုပ်ထားတာ လူသိမှာစိုးလို့ အိမ်မှာ လူပိုမရှိတာ မြေး အတွေ့ပဲ မဟုတ်လား၊ သွားတော့ မြေး၊ သူတို့ ပြန်ရောက်ချိန် တန်ပြီ"

"ဟုတ်ကဲ့၊ ကိုယ်ပြောတာ မမေ့နဲ့နော် ပန်းကလေး၊ မင်းလည်း အရင်ပုံစံအတိုင်း ဟန်မပျက်သာနေ၊ ဪ ... ဒါနဲ့ ထမင်းချိုင့်ထဲမှာ အားဆေးပုလင်းပါ ထည့်ထားမယ်၊ ညနေလာ သိမ်းတဲ့အခါ သတိထားယူ၊ ဘွားကို အချိန်နဲ့တိုက်၊ ည,ညလည်း သူတို့မသိအောင် ဘွားကို ဒီအခန်းထဲမှာ လမ်းလျှောက်ကျင့်ပေး ... နော်"

"ဟုတ်"

"သွားပြီနော် ဘွား"

ဇေထွန်း နှုတ်ဆက်ကာ စာရွက်လေးကို ဘောင်းဘီ အိတ်ထဲ ထိုးထည့်၍ လာလမ်းအတိုင်း ပြန်ဆင်းလာခဲ့လေသည်။

ဟန်မပျက် ထပ်ခိုးပေါ် ပြန်တက်ပြီး ဂီတာခေါက်နေ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ပါ။ ဒေါ်သဖင်ထွန်းနှင့်အတူ သီရိဆွေတို့ ပြန်လာကြလေသည်။ ဘယ်မှာဆုံလာကြသည်မသိ။ ကပ်လွဲလေး လွဲသွားသော ဖေထွန်းအတွက် ရင်မောစွာဖြင့် အခန်းထဲကနေ ပန်းကလေး သက်ပြင်းချလိုက်သလို ဖေထွန်းလည်း ဂီတာခေါက် ရင်း သီချင်းတစ်ပုဒ်ကို စိတ်မပါဘဲ အော်ဟစ်ကာ စိတ်ထွက် ပေါက်ရှာလိုက်မိလေသည်။ တော်ပါသေးရဲ့ဟု အသံတိတ်ပြော လိုက်မိပါ၏။

ခြံထဲဝင်လာတည်းက ဒေါ်သဖင်ထွန်းနားရော မျက်စိ ရော ဖွင့်ထားမိသည်။ ဖေထွန်း၏ဂီတာသံနှင့် သီချင်းသံတို့ ခြံဝမှာတည်းက ကြားနေရ၍ မသက်သာစိတ်မရှိသော်လည်း ရင် ထဲမှာ တစ်ခုခုကို ထင့်သလိုကြီး ဖြစ်နေမိလေသည်။

ငှားလာတဲ့ကား ပြန်မောင်းထွက်သွားပြီး ခြံတံခါးကို သော့ခတ်၏။ ဂိုဒေါင်ဘက်ကို ဒေါ်သဖင်ထွန်း လျှောက်လာမိ သည်။ ဖေထွန်း ဂီတာသံနှင့်သီချင်းသံက တိတ်မသွား။ ဒါနဲ့ပဲ ဟိုကြည့်ဒီကြည့်လုပ်ရင်း တိုက်ဖက်ပြန်လျှောက်လာခဲ့လေသည်။

"အား ... ချမ်းတယ်၊ ချမ်းတယ်၊ ငါ့ကိုဆေးပေးပါ၊ မြေးလေး ဘွားကို ဆေးတောင်းပေးပါ၊ လုပ်ပါ လုပ်ပါ မြေးရယ်"





တိုက်ထဲဝင်လာတယ်ဆို ဒေါ်ထိပ်ထား၏အသံစူးစူး ကြောင့် ဒေါ်သဖင်ထွန်း ဒေါသထွက်ကာ အခန်းဝသို့ လျှောက် သွားပြီး အခန်းဝကနေ ခါးထောက်လျက် ...

"ဘာဖြစ်လို့ ဒီလောက်အော်နေရတာလဲ အဘွားကြီး၊ ဘာလဲ ... ဟိုဘက်ကအကောင် ကြားရင် အကူအညီလာပေး အောင်လို့ အော်နေတာလား။ ဒီလိုပဲ တစ်နေ့လုံး အော်နေတာပေါ့ ... ဟုတ်လား၊ ကျက်သရေ မရှိလိုက်တာ"

"မဟုတ်ပါဘူး အန်တီ၊ ဘွားကို ကျွန်မ အိပ်ဆေးတွေ တိုက်ထားလို့ တစ်နေ့လုံး အိပ်နေတာ၊ အခုမှ နိုးပြီး အော်တာပါ၊ ဘွား သနားပါတယ် အန်တီရယ်၊ ဆေးပေးလိုက်ပါနော်"

ငိုမဲ့မဲ့နှင့် ပန်းကလေး ရှိခိုးမတတ် တောင်းပန်၍ ပြော လေမှ ဒေါ်သဖင်ထွန်း လက်ပွေ့အိတ်ထဲက အထုပ်လေးတစ် ထုပ်ကို ပန်းကလေးဆီ ပစ်ပေးလိုက်ပြီး ...

"ရော့ ... အဲဒါကို ခွဲတာသုံး၊ ငါ့လိုချင်တဲ့ပစ္စည်းကို မြန်မြန်ပေးချင်ပေး၊ မပေးရင် ဒါ နောက်ဆုံး ဆေးထုပ်ပဲလို့ မှတ်လိုက်၊ သေလည်း ငါက ဂရုမစိုက်တော့ဘူး၊ အသေခံပြီး မပေးလည်း ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် ဒေါ်သဖင်ထွန်း တဒုန်းဒုန်း တဒိုင်းဒိုင်း ဖြင့် အိမ်ပေါ်ထပ်သို့ တက်သွားတော့သည်။

ဆေးထုပ်ကိုကောက်ပြီး ပန်းကလေးမှာ ငိုင်တွေလျက် ဘွားကိုကြည့်လိုက်မိသည်။

"နေပလေ့စေတော့ မြေး၊ ဘွားဆေးမထိုးဘဲ ဒီနေ့ နေကြည့်မယ်၊ နောက်နေ့ကျ မြေးဖေထွန်း ပြောတဲ့အတိုင်း ဘွားတို့ ဆက်လုပ်ကြတာပေါ့၊ ယုံတယ်၊ ဘွားယုံတယ်၊ ဒီတောင်ကို ဘွားကျော်ကို ကျော်နိုင်ရမယ်"

"ဖြစ်ပါ့မလား ဘွားရယ်"

"ဖြစ်တယ် ဖြစ်တယ် ... မြေး အပြင်ထွက်တော့၊ သူတို့ ဘာနိုင်းမလဲမသိဘူး၊ ဘွားကို တစ်ခုခုကျွေးပြီး အိပ်ဆေး တိုက်ပြီး သိပ်ခဲ့၊ မြေး ခုနကပြောမှ ဘွား သတိရသွားတာ၊ ဟုတ်တယ် ... အိပ်ဆေး တိုက်ခဲ့စမ်း၊ ဟိုရက်တွေကလည်း မခံနိုင်တဲ့အဆုံးမှ ဆေးထိုးတာပဲဟာ"

စိတ်မချမ်းမသာနှင့်ဘဲ ဘွားနိုင်းသည့်အတိုင်း ပန်းက လေး လုပ်ပေး၍ ဒေါ်သဖင်ထွန်းပေးခဲ့သော အထုပ်လေးကို ဖျာအောက်ထိုးထည့်လိုက်လေသည်။





ဘွားကို စောင်ခြုံပေး၊ ခြင်ထောင်ချပေးပြီးသည်နှင့် အိမ်ကြီးရှင်များ ခိုင်းသမျှလုပ်ပေးရန် ပန်းကလေး အခန်းအပြင် သို့ ထွက်ခဲ့လိုက်လေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အန်တီ"

"ဟင် . . . မင်းမခေါ်ဘဲ မလာနဲ့ ပြောထားတာ အသံမပေးဘဲ ဘာလို့ ညှော်ခန်းထဲထိ ဝင်လာရတာလဲ"

အသံကြားလိုက်ရသည်နှင့် လက်ထဲကပစ္စည်းကို ဖျတ်ခနဲ ခုံအောက်ထိုးသွင်းလိုက်ရင်း စားမတတ် ဝါးမတတ် ဇေထွန်းကိုကြည့်ကာ ဒေါ်သဇင်ထွန်း ဒေါသနှင့်ပြောနေလေသည်။

ဇေထွန်း အံ့ဩသောမျက်နှာနှင့် . . .

"၈–နာရီထိုးတော့မှာမို့ အခုထိ မခေါ်သေးတာနဲ့ လာသတိပေးတာပါ။ သီရိ ကျောင်းချိန်နီးနေပြီလေ"





ဒေါ်သဇင်ထွန်းမျက်နှာကို တင်းထားရာမှ လျှော့ချလိုက်ပြီး . . .

"အေး . . . အခုလို လာသတိပေးတာ ကျေးဇူးပဲ၊ နောက်ကို မခေါ်ဘဲ ဘယ်တော့မှ အိမ်ဝတောင် လာမရပ်ပါနဲ့၊ ညမွှေး . . . ဟဲ့ ညမွှေး"

"ရှင် . . . လာပါပြီ အန်တီ"

အသံနှင့်အတူ ပန်းညမွှေး,ညှော်ခန်းသို့ ရောက်လာလေသည်။

"သမီးကို သွားတက်ကြည့်စမ်း အိပ်နေတုန်းပဲလား၊ နေများမကောင်းလို့လား၊ ခုထိ အောက်ဆင်းမလာသေးဘူး၊ ငါလည်း အလုပ်ထဲ စိတ်ရောက်နေတာနဲ့ မေ့သွားတယ်၊ ဒီမှာ . . . မင်း ကားနားမှာပဲ သွားစောင့်နေပါ၊ လိုအပ်ရင် ခေါ်လိုက်မယ်"

"ဟုတ်ကဲ့"

စေတနာနဲ့လည်း လာသတိပေးရသေးတယ်၊ မျက်နှာကိုမျက်နှာထားနှင့် အော်ငေါက်ခံရ၍ ဇေထွန်း တင်းသွားရသည်။ သို့သော် ပန်းကလေးကို မသိမသာပြုံးပြလိုက်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မိပါသည်။

ကိုယ့်မှာ အလုပ်အားနေသလောက် ပန်းကလေးမှာ တစ်စက်လေးမှ အအားမနေရ။ ပိုင်းကူလို့ရလျှင် ကူညီပေးချင်ပါရဲ့။ ဒါပေမဲ့ အခွင့်အရေးက မသာ။ ပန်းကလေးကလည်း ကူညီတာ ကြိုက်မည်မထင်။ သူ့အဒေါ်ရှေ့မှာ ကိုယ့်ကို မော့တောင်ကြည့်ရဲတာမဟုတ်။ ခုနတောင် မရဲတရဲလေးကြည့်သွားပုံက သနားစရာ။

ဇေထွန်း ကားနားမှာရပ်ရင်း ပန်းကလေးအကြောင်းပဲ တွေးနေလိုက်သည်။ ဘွားရော ဘယ်လိုနေလဲ သိချင်မိ၏။ အခြေအနေပေးမှ ပန်းကလေးကို မေးရမှာပဲ။ ခုတော့ နေမြဲတိုင်းပဲ ကောင်းပါတယ်။

လို့တွေးပြီး ပေးလာမည့် အမိန့်သံကို နားစွင့်နေမိလေသည်။

တအောင့်အကြာမှာ ဒေါ်သဇင်ထွန်း ထွက်လာပြီး . . .

"ဒီမှာ မောင်ရင် . . . မင်း ဒီနေ့ သမီးကို ကျောင်းလိုက်ပို့ဖို့ မလိုဘူး၊ သမီး နေမကောင်းဘူးတဲ့၊ ခဏနေရင် ငါ အပြင်သွားမယ်၊ မင်းမှာ ဒီထက်ကောင်းတဲ့ အဝတ်အစားရှိရင် သွားလဲ





ထားပါ၊ ပြီးရင် ဒီနားမှာပဲ လာစောင့်နေ"

သူနဲ့လိုက်ခဲ့ရမည်ဟု ဆိုသောစကားကို ထည့်မပြောဘဲ သွယ်ဝိုက်ပြီး ပြောသွားပုံက အရူးယားစရာ။ ဒီထက်ကောင်းတဲ့ အဝတ်အစားတဲ့။ ဘယ်လိုအဝတ်အစားကို ပြောတာပါလိမ့်။ အခုဝတ်ထားတာကို မကောင်းဘူးလို့ ဆိုချင်တာပေါ့။ ရတယ်။ ဇေထွန်းမှာ အချမ်းသာဆုံး၊ အကောင်းဆုံး သုံးထည်ထဲက တစ်ထည်ကို သွားရွေးဝတ်ရုံပင်။

ဇေထွန်း သူဝတ်ထားတာကို ငုံ့ကြည့်ပြီး နှာခေါင်းရှုံ့၍ အကျီရော ဘောင်းဘီပါ ဝတ်လိုက်လေသည်။

ထပ်ခိုးပေါ်က ပြန်ဆင်းလာပြီး ကားနားမှာ သွားရပ်နေလိုက်၏။

ဒေါ်သဇင်ထွန်း ထွက်လာချိန်မှာ ကားနား၌ ဇေထွန်းကို အရန်သင့်တွေ့လိုက်ရ၍ . . .

"မင်း . . . အဝတ်အစားသွားလဲရဲ့လား"

ခြေဆုံးခေါင်းဆုံးကြည့်ကာ မေးလိုက်လေသည်။

"အဟွန်း . . . ကျွန်တော့်မှာ ချမ်းသာသမျှထဲက အကောင်းဆုံး အဝတ်အစားပဲ၊ နောက်ထပ် လဲစရာ မရှိတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

ဒေါ်သဇင်ထွန်း တွေခနဲဖြစ်သွားပြီးမှ လက်ကနာရီကို ကြည့်လိုက်ပြီး ...

''ကဲ ... ကဲ ... နောက်မှ မင်းကိစ္စကို ပြောမယ်၊ အခု လေဆိပ်ကို အမြန်မောင်း''

အမိန့်သံရဲ့အဆုံးမှာ ဇေထွန်း ကားစက်ကိုနိုးပြီးသား ဖြစ်နေလေပြီ။ ဒေါ်သဇင်ထွန်း ကားပေါ်ရောက်သည်နှင့် ခြံထဲမှ မောင်းထွက်ခဲ့လေသည်။

တရိပ်ရိပ်ပြေးနေသော ကားလေးက လေဆိပ်ကို ဦး တည်နေပါ၏။ စကားပဲ အပြောနည်းတာလား၊ အပိုတွေပြောမိ မှာစိုး၍ပဲလားမသိ တစ်လမ်းလုံး ဒေါ်သဇင်ထွန်း နှုတ်ဆိတ်လျက် လိုက်ပါလာခဲ့ပါသည်။

လေယာဉ်ကွင်းအရောက် ကားလေးကို ကွေ့ဝင်လိုက် တယ်ဆို ...

''မင်း အပြင်မှာစောင့်နေပါ''

ကြို့တင်ကာ ပြောလိုက်သော ဒေါ်သဇင်ထွန်းစကားကို ဇေထွန်း စောဒကမတက်ပါ။ အပြင်မှာပဲ နေခဲ့လိုက်ပါ၏။ ခပ်





သွက်သွက်လှမ်းလျှောက်သွားသော ဒေါ်သဇင်ထွန်း လေယာဉ် အဆောက်အဦထဲ ဝင်သွားတာကိုကြည့်ပြီး ဘာလို့ပျာယာခတ် နေပါလိမ့်လို့ တွေးနေမိလေသည်။ နောက်မှ ကိုယ်နဲ့မှ မဆိုင် တာဆိုပြီး ကူရှင်ကိုမှီကာ မျက်စိမှိတ်ထားလိုက်လေသည်။

''ဟဲ့ ... အို ... အဲ့သလောက်တောင် အလုပ်ကိုလေး စားရလား၊ မျက်စိလေး နားလေးများ ရှင်ရှင်ထားမှပေါ့ဟယ်၊ ကျွတ် ... လာ ... ကိုမျိုး အဲ့ဒါသာကြည့်တော့ ကိုမျိုးရေ၊ စိတ်တိုင်းကို ဘယ်နေရာမှမကျဘူး''

ဘေးကနေ နားကွဲမတတ် အော်ပြောလိုက်သောအသံ ကြောင့် မျက်စိလေးမှိတ်ပြီး ဇိမ်လုပ်နေသော ဇေထွန်းတစ် ယောက် ပျာပျာသလဲ ကျိုးထလိုက်ပြီး ဒေါ်သဇင်ထွန်းရှိရာသို့ လှည့်ကြည့်လိုက်မိလေသည်။ သူ့အခေါ် ကိုမျိုးဆိုသူကိုပါ တစ် ဆက်တည်း ကြည့်ပစ်လိုက်၏။ လူကိုကြည့်နေပုံက အထင်အမြင် သေးသည့်ပုံစံနှင့် ဒီကလည်း အထင်မကြီးဘူးဆိုသည့်ပုံစံနှင့် ကြည့်ပစ်လိုက်ပြီး ကားစက်ကို နှိုးလိုက်လေသည်။

ဒီလောက်အိုက်ရတဲ့ထဲ အနောက်တိုင်းဝတ်စုံကို ဝတ် ထားလိုက်တာများ ညည်ခံပွဲတစ်ခုကို သွားမည့်ဒီဖိုင်း။ ဇေထွန်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ပြီး ချွေးပြန်လာရသည်။ သူကတော့ ဘာမှဖြစ်ပုံမရ။ တစ်ခါမှ ရန်ကုန်ကို မရောက်ဖူးသည့်ပုံ။ ဇေထွန်း အမြင်ကတ်ကတ်နှင့် လေယာဉ်ကွင်းနယ်နိမိတ်ကျော်တယ်ဆို ကားကို မိုင်ကုန်မောင်းနှင်လိုက်လေသည်။ ဘသားချောက ဇေထွန်းကို မျက်မှောင်ကုတ်ကာ လှမ်းကြည့်လာသည်။ နောက်ကြည့်မှန်ကနေ မြင်နေရသော်လည်း မမြင်ဟန်ပြု၍ ဆက်မောင်းနေလိုက်သည်။

မကြာလိုက်ပါ။ နောက်ခန်းမှ အသံထွက်လာလေသည်။

"သဇင် . . . မင်းလူကိုကြည့်ပြောပါဦး၊ အိမ်မရောက်ဘဲ လမ်းမှာ ရှောနေပါဦးမယ်"

"အဟွန်း . . . ကိုမျိုး ကားအမြန်မောင်းတာ မစီးဝံ့မှန်း သဇင်မေ့သွားတယ်၊ မောင်ဇေထွန်း အရှိန်နည်းနည်းလျှော့လိုက်ပါကွယ်၊ သူက ကား တစ်ခါမှောက်ဖူးတော့ လန့်နေတာလေ"

ဇေထွန်း ရယ်ချင်သွားသည်။ ဒီမိန်းမ အထာနပ်တယ်လို့ ရင်ထဲက ချီးကျူးမိသည်။ အသံမာမာနှင့် ပြောလျှင် အရွဲ့တိုက်မှာစိုးပုံရ၏။ လေသံက ပျော့သွားလိုက်တာ ခုနက ကားနားမှာ လာအော်သည့်အသံနှင့် ဘာမှမဆိုင်၊ ဒီလိုဆိုတော့လည်း ဇေထွန်း မရိုင်းတတ်ပါ။ စက်ရှိန်ကို လျှော့လိုက်ရသည်။ တော်





ကြာ ကားမှောက်လို့ မသေဘဲ ကားအမြန်မောင်းတာနဲ့တင် ကိုမျိုးဆိုတဲ့သူ သေသွားလို့ နေရင်းထိုင်ရင်း အမှုပတ်နေရဦးမယ်။

လို့ ဇေထွန်း တွေးပြီး နှုတ်ခမ်းကို မသိမသာမဲ့လိုက်မိလေသည်။ ဟုတ်တယ်လေ။ လူကြည့်တော့ဖြင့် နပန်းသမားလိုလို ဘာလိုလိုနဲ့ ဒီလောက်တောင် အသည်းငယ်တတ်ရင်လည်း အိမ်ထဲမှာပဲနေပေါ့။ ဘာလို့ခရီးထွက်လာလဲ။ လေယာဉ်ပျံတောင် စီးလာပြီးမှဟာ ကားနှကျမှ လာပြီး အပိုတွေလုပ်နေတယ်။

ဒီလိုတွေ တွေးနေပြီး ဇေထွန်းရင်ထဲ ယားကျိယားကျိဖြစ်နေရသည်။ သို့သော်လည်း လူလိမ္မာမို့ အမျက်က အပြင်မထွက်ပါ။ ခပ်အေးအေးပင် ကားကို မောင်းလာခဲ့ပါ၏။

ဒီလိုနှင့်ပဲ အိမ်ကို ရောက်လာခဲ့ပါသည်။ ခြံဝကနေ ဟွန်းတီးလိုက်တာနှင့် ပန်းကလေး ခြံတံခါးကို လာဖွင့်ပေးလေသည်။ ပေါ်တီကိုအောက်မှာ ကားကို ရပ်လိုက်သည်နှင့် မနက်က နေမကောင်းလို့ ကျောင်းမတက်ဖူးဆိုသော သီရိဆွေတစ်ယောက် အသံစာစာနှင့် အိမ်ထဲက ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟယ် အန်ကယ်မျိုး … မတွေ့တာကြာလို့လား မသိဘူး လှလို့ဝလို့ပါလား၊ သမီးဖို့ ဘာပါလဲဟင်”

ပြေးမဖက်ရုံတမယ်ဖြစ်နေသော သမီးကို ဒေါ်သဇင်ထွန်း တပြုံးပြုံးနှင့် ကြည့်နေသလို အချီးမွမ်းခံလိုက်ရသော ကိုမျိုးဆိုသူမှာလည်း နှုတ်ခမ်းမွေးတွေ ကာတက်လာသည့်ထိ ပြုံးရယ်လိုက်ရင်း …

“မပါဘဲနေမလား သီရိလေးရယ်၊ ဒီကားထဲမှာတော့ မပါဘူး၊ ဟိုကောင်တွေလာမှ ပါလာလိမ့်မယ်၊ သီရိသဘောကျတွေချည်းပဲ စိတ်ချ … အဟင်း ဟင်း”

သီရိခွေပခုံးကို ဖက်ခါ ထိုသို့ပြောလိုက်ပြီး ကားဘေးမှာ ယို့ယို့လေးရပ်နေသော ပန်းကလေးထံ အကြည့်ရွှေ့၍ ကြာကူလီသံနှင့် ရယ်နေတော့သည်။

ဒီတော့မှ ဒေါ်သဇင်ထွန်း သတိရသွားဟန်ဖြင့် ပန်းကလေးဘက်ကိုလှည့်လိုက်ပြီး …

“ဟဲ့ … မသွားသေးဘဲ ဘာရပ်လုပ်နေတာလဲ၊ ဘာမှမပါလို့ နင့်ကို မသယ်ခိုင်းတာပေါ့၊ အခုမှ အလိုက်သိနေလိုက်တာ၊ သွား သွား … လုပ်စရာရှိတာ သွားလုပ်၊ ငါတို့ ခဏ





နားပြီးရင် ထမင်းစားမယ်၊ အရန်သင့်ဖြစ်ပါစေ”

“သူလေးက ဘယ်သူလေးလဲ သဇင်”

အိမ်ထဲကို ခပ်သုတ်သုတ်ဝင်သွားသော ပန်းကလေးအား ခေါ်တောမျက်လုံးနှင့်ကြည့်ကာ ကိုမျိုးဆိုသူက မေးလိုက်လျှင် ဒေါ်သဇင်ထွန်းမျက်နှာ ချက်ချင်းအပြောင်းအလဲဖြစ်သွားလျက် …

“အဟွန်း … အိမ်မှာခိုင်းထားတဲ့ ကောင်မလေးပါ ကိုမျိုးရယ်၊ အဲ့သလိုပဲ ထုံထုံအအနဲ့ သမီးအဖေနဲ့ အမျိုးမကင်းလို့သာ သနားလို့ခေါ်ထားရတာ၊ တယ်စိတ်တိုင်းမကျပါဘူးကွယ်၊ ကိုမျိုး စိတ်အနှောင့်အယှက်ဖြစ်သွားပြီလားမသိဘူး၊ ဆောရီးကွာ၊ သမီး … သမီးအန်ကယ်ကို ဧည့်ခန်းထဲ ခေါ်သွားလေ၊ ခဏအနားယူပြီး ထမင်းစားကြတာပေါ့”

တော်တော်လည်း တတ်နိုင်သည့် ဒေါ်သဇင်ပင်။ ပန်းကလေးကိုကြည့်သည့် မျက်လုံး၊ စကားသံနှင့်မတူအောင် ကိုမျိုးဆိုသူအား ပြောလည်း ပြောတတ်ပါ့။ ကြည့်လည်း ကြည့်တတ်ပါ့။ လူတစ်ကိုယ်တည်းနှင့် စရိုက်နှစ်မျိုး သရုပ်ဆောင်နေသလား မှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သရုပ်ဆောင်ပြနေတာကို ဖေထွန်း ပေါ်တင်လည်း မကြည့်ရဲ။ ကားကို အဝတ်စနဲ့သုတ်ရင်း မသိမသာကြည့်ရတာ ဖြစ်သည်။ သေသေချာချာ ပြုံးပြုံးသွားကြည့်နေလို့က ဟွန်း ... ဒေါ်သဇင်ထွန်းရဲ့မျက်စောင်းဒဏ်ကြောင့် ပြာပဲဖြစ်မလား ခြီအပြင်ကိုပဲ စတိုးမိုးရှင်းနဲ့ ရောက်သွားမလား မပြောတတ်။ အကုန်လုံး တိုက်ထဲဝင်ကုန်မှ ဘာမှမဆိုင်းတော့ဘူးဆိုတာ သိတာကြောင့် ကိုယ့် စံမြန်းရာ ဗိမာန်လေးဆီသို့ ယွန်းခဲ့တော့သည်။

ထပ်ခိုးပေါ်ရောက်တာနှင့် ရေချိုးရန် စဉ်းစားလိုက်ပြီးမှ ထမင်းပဲ အရင်စားလိုက်တော့မည်ဟု တွေးကာ ထမင်းချိုင့်ကို ဖွင့်ပြီး စားပွဲမှာထိုင်လိုက်သည်။ ပန်းကန်ပြားထဲကို ထမင်းခူးထည့်စဉ် ဖေထွန်း မျက်ခုံးကျုံ့လိုက်မိသည်။ ကျွတ်ကျွတ်အိတ်နှင့်ထည့်ထားသော စာလေးတစ်စောင်ကြောင့် ဖြစ်သည်။

လက်က ထမင်းလုံးတွေကို ရေနှင့်စဆေးပစ်ပြီး စာလေးကို ကမန်းကတန်း ဖွင့်ဖတ်လိုက်မိ၏။

"အစ်ကို ... ဘွားလေး လမ်းလျှောက်ကျင့်နေတာ အတော်ဟုတ်နေပြီ၊ အစ်ကို့ကျေးဇူးကို မမေ့ပါဘူး။ အားဆေး





ကုန်နေပြီ အစ်ကို ကူညီပါဦး၊ ပန်းကလေးက သူတို့ ဝယ်ပေးတာကို ချက်နေရတော့ အပြင်မထွက်ရဘူးလေ၊ အစ်ကိုလည်း သိပါတယ်၊ ဒါပဲနော်"

ပန်းကလေး

ဖေထွန်း စာကိုဖတ်ပြီး ပြုံးလိုက်မိသည်။ ထမင်းချိုင့်ထဲကို စာခိုးထည့်ပေးလိုက်ပုံက ရယ်ချင်စရာဖြစ်နေ၏။ ဟိုကများတွေ့သွားလျှင် ပန်းကလေးတို့ မြေးအဘွားအတွက် အန္တရာယ်များလှသည်။ ဘယ်လိုများ ကြံရပါ့လို့ တွေးနေဆဲ။ ပန်းကလေး အသံကို ကြားလိုက်ရသည်။

"အစ်ကို"

"ဟင် ... ဘာလဲ ပန်းကလေး"

ထပ်ခိုးအောက်ကို လှေကားထိပ်ကနေ ငုံ့ကြည့်ပြီး ဖေထွန်း ထူးလိုက်ခြင်းဖြစ်သည်။

ပန်းကလေးက မော့ကြည့်နေပြီး ...

"အန်တီ ခေါ်နေတယ်"

"လာခဲ့မယ် ... လာခဲ့မယ်၊ ထမင်းစားနေတယ်လို့ ပြောလိုက်ကွာ၊ ဒါနဲ့ ပန်းကလေး ... နောက်ကို ထမင်းချိုင့်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို စာထည့်မပေးနဲ့၊ ပန်းကလေးတို့ အန္တရာယ်များလို့ ပြောတာပါ''

ပန်းကလေး မျက်နှာလေး ငယ်သွားရကာ ...

''ဒါဆို ... အစ်ကို့ကို ပြောချင်ရင် ဘယ်လိုပြောရမလဲ''

''နေဦး ... အစ်ကို စဉ်းစားဦးမယ်၊ စဉ်းစားလို့ရတော့ ပြောမယ်သိလား၊ အားဆေးကို မနက်ဖြန် ထမင်းလာစားရင် ယူနော်၊ သွားတော့, သွားတော့ ... တော်ကြာ ကြာလို့ အဆူခံနေဦးမယ်''

''ဟုတ်ကဲ့''

ချာခနဲ လှည့်ထွက်သွားတဲ့ ပန်းကလေးရဲ့ကျောပြင်ကို ကြည့်ပြီး ဇေထွန်း သက်ပြင်းချမိ၏။ ပန်းကလေးတို့ မြေးအဘွား နေရာမှန် လူမှန် ပြန်ဖြစ်ရေးအတွက် ဘယ်လိုကူညီရပါ့မလဲဟု တွေးကာ စိတ်ရှုပ်သွားရသည်။ သို့သော်လည်း သူများအရေးထက် ကိုယ့်အရေးက လက်တွေ့မှာ ပိုအရေးကြီးနေသည်မို့ ထမင်းကို ခပ်သွက်သွက် ထ,စားလိုက်ရသည်။

ပြီးတာနှင့် တိုက်ကြီးဘက်သို့ လျှောက်လာလိုက်ပြီး





ညှော်ခန်းထဲထိ ဝင်သွားလိုက်သည်။ ဖိမ်ခံနေသူတွေရှေ့မှာ အရိုအသေပေးကာ ရပ်နေလိုက်၏။

''ထိုင်ပါဦး မောင်ဇေထွန်း''

ဇေထွန်းပုံစံကိုကြည့်ပြီး ဒေါ်သဇင်ထွန်း ကျေနပ်စွာပြုံးရင်း ထိုင်ခိုင်းလိုက်သည်။ ဇေထွန်းလည်း ခပ်တည်တည်ပင် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

''သမီးကို ဈေးလိုက်ပို့ခိုင်းမလို့ကွဲ့၊ တစ်ပတ်စာအတွက် ဈေးဝယ်ရမှာဆိုတော့ နည်းနည်းကြာမယ်၊ စိတ်တော့ရှည်မှဖြစ်မယ်နော်၊ သားငါးကအစ ဟင်းသီးဟင်းရွက် စုံအောင်ဝယ်ရမှာ၊ ကားထဲမှာလည်း နေခဲ့လို့မဖြစ်ဘူး၊ သမီးဝယ်သမျှ မင်းဈေးခြင်းလိုက်သယ်ပေးပါ''

ချိုသာစွာ စကားစပြီး အမိန့်သံနှင့် အဆုံးသတ်လိုက်သော ဒေါ်သဇင်ထွန်းကို ဇေထွန်း ခပ်တည်တည်ပင် စိုက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သွားတော့ဟု မပြောသေးသဖြင့် ဆက်ထိုင်နေမိသည်။ ကိုမျိုးဆိုသူအား မျက်လုံးစွေကြည့်မိနိုက် အကဲခတ်သလိုကြည့်နေသည်မို့ ဆတ်ခနဲ မျက်နှာကို လွှဲပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သံဇင်ထွန်း ထိုအခြေအနေကို မသိလိုက်။ အပေါ်ထပ်သို့တက်ပြီး သူ့သမီးကို ခေါ်နေသောကြောင့် ဖြစ်သည်။

မကြာလိုက်ပါ သားအမိနှစ်ယောက် ဆင်းလာကြပြီး ဇေထွန်းအနားသို့ လျှောက်လာကာ ...

"ကဲ သွားတော့ မောင်ဇေထွန်း ... အန်တီ စိတ်ချမယ်နော်"

စိတ်မချသောလေသံကို မနှစ်မြို့သော်လည်း ယဉ်ကျေးစွာပဲ ခေါင်းညိတ်ပြခဲ့ပါ၏။ သီရိဆွေနောက်က လိုက်လာတာကို မသိသလိုလုပ်ကာ ကားဆီကိုသာ အရောက်သွားနေမိသည်။

"ဒီမှာ ...ရှင် ဘယ်လိုလူလဲ၊ လက်ဆွဲခြင်းကို ဝိုင်းယူပါဦးလား"

မသိချင်ယောင်ဆောင်ပါတယ်ဆိုမှ မရွှေချောက အနောက်ကနေ ရန်ထောင်လေတော့ ဇေထွန်း မလှည့်ချင် လှည့်ချင်ဖြင့် အနောက်သို့ လှည့်ကာ သူမလက်ထဲက ကြိမ်ခြင်းကြီးကို လှမ်းယူလိုက်ရသည်။

ကားဆီရောက်တော့ တံခါးဖွင့်ပြီး အနောက်ခန်းထဲကို ဖြစ်သလို ပစ်ထည့်လိုက်ရင်း နောက်ထပ် ရန်ထောင်သည့်စကား





မကြားရစေရန် ကားတံခါးကို အရန်သင့်ဖွင့်ပေးထားလိုက်သည်။

သီရိဆွေ အံကလေးကြိတ်ပြီး စောင့်ခနဲနေအောင် ကားထဲဝင်ထိုင်လိုက်ကာ တံခါးကို ဝုန်းခနဲနေအောင် ပိတ်ပစ်လိုက်လေသည်။

ဇေထွန်း ပခုံးတွန့်ကာ တစ်ချက်ပြုံးလိုက်ပြီး ကားကို မောင်းထွက်ခဲ့လိုက်ပါ၏။ ကားမောင်းလာရင်း ပန်းကလေးဆီ စိတ်က ရောက်သွားရသေးသည်။ ကိုမျိုးဆိုတဲ့သူကများ ထိကပါး ရိကပါး လုပ်လေဦးမလားဟု တွေးပူလိုက်မိပြီး နောက်ကြည့်မှန်ကနေ သီရိဆွေကို ကြည့်လိုက်မိသည်။

နေမကောင်းဘူးလို့ ပြောတဲ့သူကလည်း အလတ်ကြီးပါလားလို့ တွေးလိုက်မိ၏။ မနက်က နေမကောင်းလို့ဆိုပြီး ကျောင်းမတက်တဲ့သူက အခုတော့ ရှုတင်သွားမည့် မင်းသမီးရုံးအောင် ပြင်ထားလိုက်တာ မအေကရော ဘာထူးလို့လဲ မနက်က လေယာဉ်ကွင်းကိုသွားတာ အပျိုလေးလားမှတ်ရတယ်။ အွန်း ... အဲ့လိုစဉ်းစားမိမှ ဇေထွန်း ကိစ္စတစ်ခုကို သတိထားမိသွားရသည်။

အဲ့ဒါက ... မနက်တုန်းက လေယာဉ်ကွင်းသွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



သီရိဆွေအိမ်မှာနေခဲ့ပြီး မိမိနှင့် ဒေါ်သဇင်ထွန်း လိုက်ခဲ့သည်။ အခု သီရိဆွေနှင့်မိမိ အပြင်ကိုလွှတ်သည်။ ဒေါ်သဇင်ထွန်း အိမ်မှာ ကျန်ခဲ့သည်။ ဒါ ရိုးသားမှုရှိရဲ့လား။ မိမိကို ပထုတ်ပြီး အိမ်မှာ ဘာတွေများ အကြံအစည်ရှိနေကြပါလိမ့်။ ထိတ်ခနဲ ပန်းကလေးတို့မြေးအဘွားအတွက် စိတ်ပူသွားမိသည်။ သို့သော် ဣန္ဒြေမပျက်ရဲ။ အနောက်က မိန်းမကြမ်းကြီးက လှမ်းကြည့်လှမ်းကြည့်လုပ်နေသောကြောင့် ဖြစ်၏။

"ကိုဇေထွန်း ... ရှင် ဘယ်လိုဖြစ်နေလဲ၊ ဘာတွေ တွေးနေလို့ ကားကို ဆက်မောင်းနေရတာလဲ"

ဟိုက် ... သေစမ်းလို့ ဇေထွန်း အော်လိုက်ချင်တော့တာပါပဲ။ ဟုတ်ပ့ါ ... ဈေးက နောက်မှာ အတော်တောင် ကျန်ခဲ့ပါပကောလား။ ဒ့ါကြောင့် လှမ်းကြည့်လှမ်းကြည့်လုပ်နေတာပါလားလို့ သဘောပေါက်သွားရ၏။

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ပြန်ပြုံးပြလိုက်ပြီး ကားကို ဖြည်းဖြည်းမောင်းကာ ကားရှင်းချိန်ကို စောင့်၍ ယာဉ်ကြောပြောင်းလျက် ပြန်မောင်းခဲ့ရလေသည်။

ဈေးရှေ့မှာ ကားကိုရပ်လျက် အလိုက်တသိပင် ကား





တံခါးဖွင့်ပေး၊ ကြိမ်ခြင်းကြီးကို လှမ်းယူ၍ အနောက်မှ ခပ်တည်တည်နှင့် လိုက်သွားမိသည်။

ဝယ်တဲ့သူက ဝယ်လိုက်တာမှ တစ်ဆိုင်ဝင်တစ်ဆိုင် ထွက်နှင့် ဝယ်လို့မပြီးနိုင်။ အသေအချာ တွက်ကြည့်ရင်း တစ်နာရီလောက်ပင် ရှိတော့မည်။ ဇေထွန်းအဖြစ်က လက်ဆွဲခြင်းကို ခဏထားခဲ့ပြီး တိုလီမိုလီအထုပ်တွေကို ကားထဲသွားပြန်ထားရသည့်အဖြစ်။ ကားထဲကို အထုပ်တွေ ပစ်ထည့်ခဲ့ပြီး စိတ်တိုတိုနှင့် ဆွဲခြင်းထားတဲ့နေရာကို ပြန်လျှောက်လာစဉ်။

"ဟော့ အစ်ကိုလေး ... ဒါလေး ဝယ်သွားပါလားဟင်၊ သူများ ဖန်တီးထားတဲ့ အလှတရားလေးတွေကို အားပေးခဲ့စမ်းပါ ... နော်"

အရေးထဲ စက္ကူလိပ်လေးများဖြင့် ပြုလုပ်ထားသော ပန်းပွင့်အခိုင်လေးများကို ကိုင်လျက် အခြောက်တစ်ယောက်က ပြေးလာပြီး ရှေ့တည့်တည့်မှာ လာရပ်၍ ကန္တဲ့ကလျနှင့် ပြောနေလေရာ ဇေထွန်း ဒေါသက ပိုထွက်လာရသည်။ သို့သော်လည်း ဈေးထဲမှာမို့ စိတ်ကိုထိန်းချုပ်၍ ထိုလူကိုရှောင်ကွင်းပြီး ရှေ့သို့ဆက်သွားရန် ပြင်လိုက်မိသည်။ ထိုသူကလည်း ခေသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ဇေထွန်းရှေ့မှ ပိတ်ရပ်လိုက်ပြီး ထုပ်စည်းတိုးသလို လက်ကို ကားလျက်။

"အစ်ကိုလေးကလည်းကွယ် . . . နှစ်ခိုင်မှ ငါးရာတည်း ရယ်၊ ဝယ်သွားပါနော်၊ အစ်ကိုလေး အခန်းက စားပွဲပေါ်မှာ အလှပန်းအိုးထိုးထားလိုက်၊ အစ်ကိုလေး နေ့ချင်းညချင်း လာဘ်ပွင့်လာလိမ့်မယ်၊ အဟီး . . . ရော့ပါကွယ် . . . ယူနော်"

အတင်းကြီး လက်ထဲထိုးထည့်ပေးနေသည်မို့ ဇေထွန်း ယောင်တိယောင်ချာနှင့် ယူလိုက်မိလေသည်။

ပတ်ဝန်းကျင်က လူတွေကလည်း ကွက်ကြည့်ကွက်ကြည့် ပြုံးစိပြုံးစိနှင့် သူတို့နှစ်ယောက်ကို ကြည့်နေကြပြီဆိုတော့ ဇေထွန်း ရှက်လည်း ရှက်လာလေပြီ။ ဒါ့ကြောင့် အိတ်ထဲက ငါးရာတန်တစ်ရွက်ကို ထုတ်ပေးပြီး ထိုနေရာကနေ ခပ်မြန်မြန်ပင် ထွက်ခဲ့လိုက်သည်။

ချထားခဲ့သည့်ဆွဲခြင်းနားကိုအရောက် ဈေးဝယ်လို့ ပြီးသွားပြီဖြစ်တဲ့ သီရိဆွေကလည်း အနားကိုရောက်လာပြီး . . .

"ဘယ့်နှယ်လဲ အတော်စိတ်ပိန်သွားလား၊ ယောကျ်ား အချင်းချင်းတောင် ရှင် အတော်ရှက်နေပုံရတယ်၊ အဟင်း . . .





ရှင် ဒီလောက်ရှက်တတ်လိမ့်မယ်လို့ ကျွန်မ ထင်မထားဘူး၊ ကဲ . . . လက်ဆွဲခြင်းယူ သွားကြစို့"

သူမ ပြောလိုရာကိုပြောပြီး သီရိဆွေအရှေ့က ထွက်သွားနှင့်လေသည်။

ဇေထွန်းလည်း ဆွဲခြင်းကို ဆတ်ခနဲဆွဲ၍ အနောက်ကနေ လိုက်သွားမိသည်။ လက်ထဲက ကိုင်ထားဆဲ စက္ကူပန်းနှစ်ခက်ကို လွှင့်ပစ်ရန် ရည်ရွယ်မိသော်လည်း ပတ်ဝန်းကျင်၏ထပ်ကြည့်လာမည့် မျက်လုံးဒဏ်ကို မခံချင်တာကြောင့် ကားဆီးရောက်သည်ထိ ယူလာမိလေသည်။

ဒက်(ရှ်)ဘုတ်ပေါ် တံခါးပေါက်ကနေ ပန်းခက်တွေ ပစ်တင်လိုက်ပြီး ဆွဲခြင်းနောက်ခန်းထဲ ထည့်လိုက်လေသည်။

ကားမောင်းသူနေရာမှာ ဝင်ထိုင်ပြီးသည်နှင့် . . .

"မောင်းလို့ရပြီလား မသီရိဆွေ"

"ရပြီ . . . ရပြီ၊ ဒေါ်သထွက်ပြီး ကားမောင်းမနေနဲ့ဦး၊ လမ်းမှာ နှစ်ယောက်လုံး ရှော့နေဦးမယ်"

နောက်ပြောင်လိုက်တဲ့ သီရိဆွေစကားကို ဇေထွန်း ပြန်မချေပဖြစ်။ ဈေးထဲမှာ ကြုံခဲ့ရသောအဖြစ်ကိုသာ တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ဒီလိုမကြုံဘူး။ စိတ်ထဲ ကသိကအောင့်ဖြစ်နေရသည်။

ကားမောင်းရင်း ဒက်(ရှ်)ဘုတ်ပေါ်က ပန်းခိုင်တွေဆီ မျက်လုံးရွေ့ကြည့်မိ၏။ အိမ်ရောက်တာနှင့် လွှင့်ပစ်ရန် စိတ်ကူးပြီး ပန်းတွေကို ထပ်ကြည့်လိုက်ပြန်သည်။

ဇေထွန်းမျက်လုံးထဲ ပန်းခိုင်လေးတွေက သူ့အား စကားပြောနေသယောင် မြင်ယောင်မိကာ အကြည့်တွေကို ထပ်ဆင့်ထပ်ဆင့်ပို၍ ဦးနှောက်ကို အလုပ်ပေးမိလေသည်။ ဦးနှောက်ကထွက်လာတဲ့ အလင်းတန်းတစ်ခုကို ရင်ထဲမှာ မိမိရရ သိမ်းဆည်း၍ အိမ်ကို အမြန်ပြန်ရောက်လိုစိတ် ဖြစ်ပေါ်လာခဲ့ရသည်။

"ကိုဇေထွန်း ... အိမ်ရောက်ရင် ပစ္စည်းတွေကို မီးဖိုထဲထိ ပို့ပေးခဲ့ဦးနော်၊ မပြောမဆိုနဲ့ ဒီအတိုင်း ထွက်မသွားနဲ့ဦး"

ဇေထွန်း ခေါင်းမညိတ် ခေါင်းမခါနှင့် နောက်ကြည့်မှန်ကနေသာ လှမ်းကြည့်လိုက်လေသည်။

သူ့ရဲ့မထုံတတ်သေးအမူအရာကို ကြည့်ပြီး သိဂိရွှေမျက်နှာလွှဲနေလိုက်ရသည်။ သူမစိတ်ထဲ ခိုးလို့ခုလုဖြစ်သွားသော်လည်း အိမ်ရောက်တော့မှာမို့ ရန်ဖြစ်မနေချင်။

ခြံထဲကို ကားလေးမောင်းဝင်ခဲ့ပြီး အိမ်ရှေ့မှာ ကားရပ်





လိုက်တာနဲ့ သိဂိရွှေ ဦးစွာ ကားပေါ်က ဆင်းသွားနှင့်လေသည်။

ဘာမှထပ်ပြောမသွားပေမယ့် ဇေထွန်း အလိုက်တသိ ပစ္စည်းတွေကို မီးဖိုခန်းထဲ သွားပို့ပေးလိုက်ပါသည်။ မီးဖိုခန်းဘက်အသွား ဧည့်ခန်းကိုဖြတ်သွားရတာမို့ ဧည့်ခန်းမှစကားသံများက မကြားချင်ဘဲ ကြားနေရလေသည်။ နားခါးလွန်း၍ လှည့်မကြည့်မိအောင် မနည်းသတိထားလိုက်ရသည်။

ဒါတောင် အသိတရားမရှိသည့် အသံဗလံများက အနောက်ကနေ ခုန်ပေါက်ပြေးလွှားပြီး လိုက်လာသေးသည်။

"ဒီနေ့တော့ အန်ကယ်မျိုး ပွဲတော်အုပ်တည်ရပြီးသာမှတ်ပေတော့၊ သိဂိမျက်စိထဲ တွေ့တာတွေ ဝယ်လာခဲ့တာ မနည်းဘူး၊ အန်ကယ်မျိုးတို့ဆီမှာ မရနိုင်တာတွေရော အစုံပဲ"

"ဟုတ်လား၊ အဲ့ဒါတွေ သိဂိတို့က ချစ်စရာကောင်းနေတာ၊ စားမှာ ... စားမှာ၊ စိတ်ချ ... ဒီညနေ ဗိုက်ခွေးနမ်းအောင် စားပစ်လိုက်ဦးမယ်၊ တော်ကြာ စားလွန်းလို့ မျက်စောင်းချည်း လှိမ့်ထိုးမနေနဲ့နော်"

"ဟာ ... ပြောတော့မယ် အန်ကယ်ကလည်း ... အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



နားကြားပြင်းကတ်စရာ အသံများကို လျစ်လျူရှု၍ ဖေထွန်း မီးဖိုထဲသို့ ခပ်သွက်သွက်လျှောက်ခဲ့လိုက်သည်။

ဒီလိုမှ လျစ်လျူမရှုလျှင် တဟီးဟီး တဟားဟားအသံတွေက အော်ဂလီဆန်ကာ ပျို့တက်ချင်လာမှာ အမှန်။ ဒီအိမ်အကြောင်းကို အစအဆုံး သိလိုက်တည်းက သူတို့တွေကို ဖေထွန်း အလိုလိုမျက်မုန်းကျိုးနေခဲ့ရသည်။

ပန်းကလေးခမျာ တစ်ယောက်တည်း ဘယ်လောက်တောင် ပင်ပန်းနေရှာမလဲလို့ စာနာစွာ တွေးဖြစ်နေမိ၏။

မီးဖိုထဲအရောက် ထင်သည့်အတိုင်း တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေသောပန်းကလေးကိုအတွေ့ ဖေထွန်း အတော်စိတ်မကောင်းဖြစ်သွားရသည်။ သို့သော် အာမှမတတ်နိုင်ခဲ့။ အကူအညီပေးချင်လို့လည်း အခြေအနေက မပေး။ မကြည့်ရက်လည်း ကြည့်နေလိုက်ရသည်။

ဆွဲလာတဲ့ လက်ဆွဲခြင်းကို အသာချထားခဲ့ပြီး ဟင်းအိုးမွှေနေသော ပန်းကလေးအနားသို့ လျှောက်သွားပြီး ...

"ပန်းကလေး"

"အမယ်လေး ... လန့်လိုက်တာ၊ ဟာ ... အစ်ကိုက





လည်း လန့်သွားတာပဲ၊ ဂူး ... တော်သေးတယ်"

ဟင်းအိုးမွှေရင်း အတွေးလွန်နေသော ပန်းကလေးအဖြစ်က အသံကြားတာနဲ့ လန့်ပြီး လက်ထဲက သံယောင်းမနဲ့ ရွယ်လိုက်စဉ် ဖေထွန်းဖြစ်နေခြင်းကြောင့် သူမရင်ဘတ်ကို လက်တစ်ဖက်နှင့် ဖိထားကာ ပြောနေမိသည်။

ဖေထွန်းကလည်း ရွယ်လာသော သံယောင်းမ သူ့ခေါင်းကို လာမထိခင် လက်နှင့်ကာရင်း စပ်ဖြဖြနှင့် ...

"ဘာတွေတွေးနေလို့ လန့်သွားရတာလဲ ပန်းကလေးရဲ့၊ ဟိုမှာ အထုပ်တွေ ပစ်ချသံ၊ လက်ဆွဲခြင်းချသံတွေ မကြားမိဘူးလား၊ ဝင်လာတဲ့ခြေသံလည်း ကြားတယ်မှတ်လို့ ခေါ်လိုက်မိတာပါ၊ တော်သေးတာပေါ့ ... ခေါင်းတော့ အီသွားပြီမှတ်တာ ... အဟီး"

"ဟွန်း ... ဘာအဟီးလဲ၊ ဒီက တကယ်တီးထည့်လိုက်မှာ သိရဲ့လား၊ သွားတော့ ... သွားတော့၊ တော်ကြာ စကားပြောသံကြားလို့ လာကြည့်နေဦးမယ်"

မျက်စလေးချီပြီး ပန်းကလေး ပြောလိုက်ရင်း အပြင်က ဘယ်သူများ ဝင်လာမလဲလို့ စိတ်ပူသွားရကာ ဖေထွန်းကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းနှင်နေတော့သည်။

ဇေထွန်းလည်း အလိုက်သိစွာဖြင့် ပြန်ရန်ပြင်ရင်း . . .

"ဘာလို့ အဲ့သလောက် လန့်နေရတာလဲ ပန်းကလေးရယ်၊ သွားမှာပေါ့၊ ဆွဲခြင်းလာထားတာ သူတို့ သိသွားပဲဟာ၊ ဘွား နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ပန်းကလေးဘဝကို ပန်းကလေးလောက် ဘယ်သူမှ ပိုမသိပါဘူး အစ်ကို၊ ကြိုတင်ပြီး စိုးရိမ်တာတောင် တော်ကာမကျနိုင်ဘူးလေ"

မျက်နှာလေး ညှိုးငယ်ပြီး အသံလေး တိမ်ဝင်သွားသော ပန်းကလေးကို ဇေထွန်း သနားကြင်နာစွာ တစ်ချက်မျှစိုက်ကြည့်လိုက်ကာ . . .

"အစ်ကို နားလည်ပါတယ် ပန်းကလေးရယ်၊ မင်းတို့ မြေးအဘွား အရင်လို နှစ်ယောက်တည်း မဟုတ်တော့ဘူးလေ၊ မင်းတို့ရှေ့မှာ အစ်ကို ရှိနေပါပြီ၊ စိုးရိမ်စိတ်ကို လျှော့လိုက်ပါ၊ တတ်နိုင်သလောက် အစ်ကို ကူညီမှာပေါ့ . . . သွားပြီနော်"

ပန်းကလေး ခေါင်းညိတ်ပြလိုက်တော့ ဇေထွန်း လွှန့်လွှန့်လေးပြုံးကာ ခြေလှမ်းကျဲဖြင့် အပြင်သို့ ထွက်ခဲ့လိုက်လေ





သည်။

ညနေခင်းက ဖြတ်အလျှောက် ဟားတိုက်ရယ်မောသံတို့ ဇေထွန်းခြေလှမ်းတွေကို ရပ်တန့်သွားစေတော့သည်။

ပန်းကလေးကသာ အစိုးရိမ်ပိုနေတာ သူတို့ကဖြင့် လောကကြီးကို မေ့နေကြသလား မပြောတတ်၊ ပတ်ဝန်းကျင်က လူတွေကို ရှိတယ်လို့ပင် ထင်ကြရဲ့လားမသိ။ ရယ်မောနေလိုက်ကြတာများ ဝက်ဝက်ကိုကွဲလို့။

ရပ်တန့်သွားတဲ့ခြေလှမ်းတွေကို ရှေ့သို့ဆက်ပြီး ရွှေ့လျားလိုက်ရင်း ကိုယ်နှင့်မဆိုင်သော ကိုယ်နှင့်ဘယ်လိုမှ အံမဝင်သော ထိုလူများနှင့် ဝေးရာသို့ ဇေထွန်း ကျောခိုင်းထွက်ခွာခဲ့လိုက်ပါသည်။

အိမ်အပြင်ကိုအရောက် ကားထဲမှာကျန်ခဲ့သော ပန်းခိုင်လေးကို သတိတရ လှမ်းယူပြီး မိမိဗီမာန်လေးပေါ် တက်ခဲ့လိုက်သည်။

အခန်းဝမှာ အသင့်တွေ့သော ထမင်းချိုင့်အား အခန်းတံခါးဖွင့်ပြီးတာနဲ့ လှမ်းဆွဲယူခဲ့ကာ စားပွဲပေါ်တင်၍ လက်ထဲက ပန်းခိုင်မှ ပဟောင်ဦကို အဖြေညှိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနက ကားမောင်းရင်း လက်ကနဲဝင်ရောက်လာသော အတွေးတစ်ခုကို အကောင်အထည်စဖော်လိုက်သည်။ ပထမ အနေနဲ့ ပွင့်ဖတ်များကို တစ်ဖတ်ချင်း ခြွေလိုက်သည်။ ပြီးတော့ ဝတ်ဆံအဖြစ် ပြုလုပ်ထားသော အလယ်မှ စက္ကူရွက်ကို ခွာလိုက်သည်။ မတွေ့။ ဘာမှရှိမနေ။ မျှော်လင့်သလို ဖြစ်မလာခြင်းကြောင့် လက်ထဲမှ ပန်းခိုင်တွေကို စားပွဲပေါ် ပစ်တင်လိုက်မိသည်။ ဘာမှအကြောင်းမထူးလည်း ထမင်းစားရုံပေါ့ဟု တွေးသည်။ ဘာမှအကြောင်းမထူးလည်း ထမင်းစားရန် ပြင်နေဆဲ ခြွေပစ်ထားသော စက္ကူပွင့်ဖတ်ကာ ထမင်းစားရန် ပြင်နေဆဲ ခြွေပစ်ထားသော စက္ကူပွင့်ဖတ်လေးများ စားပွဲပေါ်ကနေ အောက်သို့ တစ်ခုချင်း လွင့်ကြသွားသည်ကို အမှတ်တမဲ့ လှည့်ကြည့်ရာမှ အဖြေတစ်ခုကို တွေ့လိုက်သည့်အလား ဇေထွန်း ဝမ်းသာသွားပြီး ပွင့်ဖတ်လေးတွေကို တစ်ခုချင်း လိုက်ကောက်နေမိသည်။ အားလုံး လက်ထဲရောက်လာသည်နှင့် တစ်ခုနှင့်တစ်ခု ဆက်ကြည့်လိုက်လေသည်။

ထွက်လာသော အဖြေအတွက် ဇေထွန်း ကျေနပ်စွာ ပြုံး၍ နောက်ထပ်ကျန်ရှိနေသေးသော ပန်းပွင့်လေးတွေကို အလျင်အမြန် ဆက်လက်လှုပ်ရှားလိုက်သည်။

"ကျွို"





"ဟော ... မြေးမ အလုပ်တွေ ပြီးခဲ့ပြီလား"

လင်ပန်းနှင့်ထည့်လာသော ထမင်းဟင်းများကို ဘွားအေအတွက် ယူလာသော ပန်းကလေးက အခန်းတံခါးကို တွန်းလိုက်သည်နှင့် ဒေါ်ထိပ်ထား အခန်းထဲမှာ လမ်းလျှောက်နေရာမှ လှည့်ကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

ခုတင်ဘေးက စားပွဲပေါ်ကို လင်ပန်းလေးတင်လိုက်ရင်း

"ပြီးတော့ ပြီးခဲ့ပါပြီ ဘွားရယ်၊ သူတို့တွေက အခုထိ ထမင်းမစားရသေးတော့ ဘယ်အချိန်မှ ထွက်ပြင်ပေးရဦးမလဲ မသိဘူး၊ ဒီနေ့ ချက်ရတဲ့ဟင်းအရေအတွက်က ပြောပြလို့တောင် ကုန်ပါ့မလား မသိဘူး ဘွားရေ၊ ပန်းကလေးတော့ ကြာရင် လွယ်မယ်မထင်ဘူး၊ ဘွားရှိနေလို့ တစ်ယောက်တည်းဆို ထွက်ပြေးတာ ကြာလှပြီ"

ညည်းညည်းညူညူလေး ပြောကာ သုန်သုန်မှုန်မှုန်လေး ဖြစ်နေသော မြေးကို ဒေါ်ထိပ်ထား ဂရုဏာသက်စွာ ကြည့်လျက် ...

"သည်းခံလက်စနဲ့ သည်းခံပါ မြေးရယ်၊ ကိုယ်တွေက မတရား အညှဉ်းဆဲခံနေရတာပဲ၊ အမှန်တရားဆိုတာ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ပေါ်လာစမြဲပါကွယ်၊ အဲဒီအမှန်တရားဟာ ငါ့မြေးအတွက် ရှိကိုရှိလာရစေမယ်''

ကျောလေးကိုပွတ်သပ်ပြီး ချော့မော့နှစ်သိမ့်နေသော ဘွားအေကို ပန်းကလေး ရီဝေစွာ မော့ကြည့်လိုက်သည်။ ဆေးမသုံးတော့ခြင်းကြောင့် အသားအရေ ပြန်ကောင်းလာပြီး အားဆေးကိုမှန်မှန်သောက်ကာ အပြင်မထွက်ရသော်လည်း အခန်းထဲမှာ လမ်းမှန်မှန်လျှောက်နေခြင်းကြောင့် အရင်လို ချည့်နဲ့မနေတော့ခြင်းက အားတက်စရာ။ ဒါတွေဟာ အစ်ကိုဇေထွန်းရဲ့ ကျေးဇူးတွေပဲလို့ စိတ်ထဲက တွေးနေဖြစ်၏။ ဒေါ်သဇင်ထွန်းတို့ အရင်လို မကြာခဏ လာမကြည့်တာဘဲ တော်သေးတော့သည်။ စိုပြည်နေသော အသားအရေနှင့် လမ်းလျှောက်နိုင်နေသော အဘွားကိုသာ တွေ့သွားလို့က ဘယ်လောက် ဒေါသူပုန်ထလိုက်မလဲလို့ တွေးကာ ပန်းကလေး မပွင့်တပွင့် ပြုံးလိုက်မိသည်။

၏

ပင်ပန်းလွန်းလို့ ထွက်ပြေးချင်စိတ် ဖြစ်မိပေမယ့် တစ်လောကလုံးမှာ ခင်တွယ်စရာဆိုလို့ ဒီဘွားအေပဲ ရှိတာ။ ဘယ်လို စိတ်ထားနဲ့ ထွက်ပြေးရက်ပါ့မလဲ။ တကယ်လို့ ပြေးကြပြော့ဆို





လည်း ဒီဘွားအေးကိုတော့ အပါခေါ်ရမှာပင်။

အခုတော့ ခုနက အဘွားပြောသလိုပဲ အမှန်တရားတွေနဲ့ ဆုံလာမည့်နေရက်ကို သည်းခံလက်စနှင့် သည်းခံရတော့မှာပေါ့။

''မြေး . . . ဘာတွေတွေးနေလဲ၊ လုပ်စရာကျန်သေးရင် သွားလုပ်လေ၊ ဘွားဘာသာ ထမင်းစားလိုက်မယ် ထားခဲ့''

''လုပ်စရာမရှိတော့ဘူး ဘွားရဲ့၊ သူတို့ခေါ်မှပဲ ထွက်သွားတော့မယ်၊ ထမင်းက ပန်းကလေးဖို့ပါ ထည့်လာတာ၊ ဘွားနဲ့အတူတူ စားမယ်လေ''

အတွေးနဲ့ ငေးနေသော မြေးဖြစ်သူအား ဒေါ်ထိပ်တင်ထား မေးစေ့လေးမှကိုင်၍ သတိပေးလိုက်ရာ ပန်းကလေး အပြုံးလေးဖြင့် ပြန်ပြောလိုက်ပြီး မြေးအဘွားနှစ်ယောက် ထမင်းအတူစားရန် ပြင်လိုက်လေသည်။

ထမင်းပွဲပြင်နေစဉ် ပန်းကလေး စဉ်းစားလိုက်မိသည်က ထမင်းကို ဝအောင်စားနေရလို့ တော်သေးရဲ့ဟု။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ဒေါက် ‥ ဒေါက် ‥ ဒေါက်'

''ဟဲ့ မိညမွေး … ခုထိ မထသေးဘူးလား''

အပြင်ကနေ တံခါးကို အဆက်မပြတ်ခေါက်၍ နှုးရှသော ဒေါ်သဇင်ထွန်း၏အသံကြောင့် ဒေါ်ထိပ်ထား နိုးလာပြီး ဘေးမှာ အိပ်မောကျနေသော မြေးဖြစ်သူအား လှုပ်နှိုးလိုက်ရသည်။

''မြေး … မြေးလေး … ထ … ထ၊ အပြင်မှာ ဒေါ်သူ ပုန်ထနေပြီ''

''ဟင် … အင် … အား ‥ ကျွတ် … ကျွတ် …





တစ်ကိုယ်လုံးကို နာကျင်နေတာပဲ ဘွားရယ် … မထနိုင်ဘူး''

''မထလို့လည်းမဖြစ်ဘူး မြေးရဲ့၊ တော်ကြာ သရဲဘီလူး စီးပြီး အခန်းထဲဝင်လာဦးမယ်''

''ဟင်း''

ဘွားအေပြောကစား မှန်နေ၍ ပန်းကလေး မထချင် ထချင်ဖြင့် ကျုံးထ၍ သက်ပြင်းရှိုက်လိုက်မိ၏။ ဆိုးလိုက်တဲ့ဘဝ ရယ်လို့လည်း တွေးလိုက်မိသည်။

''ဟဲ့ … ငါခေါ်နေတာ မထူးဘဲ ဘာလို့ မြူနေရတာလဲ၊ ညမွေး ဘယ်အချိန်ရှိနေပြီလဲ''

''လာပြီ … လာပြီ ဒေါ်လေး၊ ကိုယ်တွေလက်တွေ နာနေလို့ ခဏမှိန်းနေတာပါ … အခုပဲ လာပါ့မယ်''

''အေး … နင့်ဘာသာ ဘာဖြစ်ဖြစ် ငါမသိဘူး၊ နောက်ထပ်လည်း ဘာဆင်ခြေမှ မကြားချင်ဘူး၊ ညွှန်သည်နိုးရင်သာ အားလုံးအရန်သင့်ဖြစ်နေပါစေ''

ပြောပြီး ထွက်သွားသောခြေသံကို ကြားလိုက်သဖြင့် မျက်ရည်မကျအောင် ပန်းကလေး မနည်းထိန်းထားရ၏။ ဒီဘဝ မျိုးရောက်လိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးခဲ့။ ဒါတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဋကြွေးဆိုပါက ဒီလောက်နဲ့ပဲ ကြေပါတော့လို့ တွေးလိုက်မိသည်။

တွေးနေလို့ ငေးနေလို့ မပြီး။ ခေါင်းကို ကမန်းကတန်း ဖီးရသည်။ အင်္ကျီပင် လဲမနေတော့။ မီးဖိုဘက်ကို ခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။ လုပ်စရာရှိတာ မြန်မြန်လုပ်မှဖြစ်မည်။ ဒီလိုမှ မဟုတ်လျှင် နောက်ထပ် ကြားရဦးမည့် စကားသံနှင့် ခြေနင်းသံ တို့က ခုနထက် ဆယ်ဆလောက် ကျယ်လောင်လာမှာမလွဲ။ အိမ်အကူတစ်ယောက်လောက် ခေါ်ပါလို့ တောင်းပန်တာလည်း မရ။ ကိုယ့်ကိုပဲ သေအောင်ခိုင်းချင်နေတော့ပါလားလို့ အတွေး ရောက်တော့ ဝဋ္ဋကြွေးကိုကြေအောင် ဆပ်မယ်လို့ စိတ်ကူးထား တဲ့အတွေးတွေလည်း ပျောက်ကုန်ရသည်။ မကျအောင် ထိန်း ထားရတဲ့ မျက်ရည်တွေကလည်း မျက်နှာသစ်ရင်း ရေနဲ့အတူ ရောကုန်ရတဲ့အဖြစ်။

အိပ်ရာထ နောက်ကျနေတာမို့ မနက်စာကို အမြန်ပြီး မယ့် အစားအသောက်ကိုပဲ ဖန်တီးလိုက်ရ၏။ နှပ်ထားတဲ့ လက် ဖက်ခြောက်နှင့် လက်ဖက်ရည်ကို ခပ်ကျကျလေးဖျော်ကာ မနေ့ က ညနေကမှ ကြော်ထားသော အာလူးကက်သလိပ်ကြော်နှင့်





အရန်သင့်ရှိသော ကိတ်မုန့်ကို အနေတော်လေးလှီးကာ စားပွဲ ပေါ်မှာ ပြင်ပေးထားလိုက်သည်။

သူတို့အတွက် ပြီးပြန်တော့ ဘွားအတွက် ပြင်ဆင်ပြီး အခန်းထဲကို ယူသွားပေးလိုက်သည်။

အခုဆို ဘွားက သူ့ဘာသာ မျက်နှာသစ် သနပ်ခါးလူး တာကစ ပန်းကလေး လှည့်မကြည့်ရတော့။ ဒါတွေကပဲ ပန်း ကလေးအတွက် အတော်သက်သာနေပါပြီ။ ထမင်းစား ဆေး တိုက်တာတွေလည်း မလုပ်ပေးရတော့။ အနားယူချိန်တွေ တိုး လာခဲ့ပါရဲ့။ ဒါပေမဲ့ အိမ်ကြီးရှင်တွေရဲ့ ဝေယျာဝစ္စက နားချိန်ကို မရှိ။ ဒီတော့ အခန်းထဲပြန်လာပြီး ဘွားကို ဟိုဟာလုပ်ပေးသလို လို ဒီဟာလုပ်ပေးသလိုလိုနဲ့ပဲ ကြံဖန်ပြီး အနားယူခဲ့ရသည်။

"ဘွား"

"အင်"

"ဒေါ်လေးက သီရိကို ကျောင်းထွက်လိုက်တော့လို့ ပြော သံကြားတယ်၊ ဘာတွေခိုင်းမလို့လဲ မသိဘူး"

မြေးဘွားနှစ်ယောက် လက်ဖက်ရည်သောက် မုန့်စား ရင်း သူမ ကြားထားတာကို ဘွားအေအား ပန်းကလေး ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



မိခြင်းဖြစ်သည်။

"သူ့ဘာသာ ဘာခိုင်းခိုင်းကွယ် . . . ဒီလောက်လောဘကြီးတဲ့မိန်းမ တစ်နေ့ဘေးတွေ့လိမ့်မယ်၊ သူ့အပေါ် ချွေးမ,ပေမယ့် သမီးလို သဘောထားဆက်ဆံတာ ဘွားလိုယောက္ခမကို စော်ကားတဲ့မိန်းမ ဘာဆက်ဖြစ်မလဲဆိုတာ နားသာထောင်နေ၊ အခုပဲကြည့် ကိုယ့်ယောကျ်ားတစ်ယောက်လုံး သတင်းမကြားဘာမကြားနဲ့ ပျောက်နေတာကို စုံစမ်းဖော်မရဘူး၊ ပူပန်ပုံလည်း မရပါဘူး၊ ပျော်နေရွှင်နေလိုက်တာ၊ ကိုယ်ကလည်း ကိုယ့်သားမို့ စိတ်ပူမိတာပါ၊ သူလည်း ဘာထူးလဲ၊ မိဘ, မိဘမှန်းမသိတဲ့သားပဲ၊ ဒါတွေထားပါ မြေး၊ ခုနက ကိုယ်လက်တွေနာလို့ဆို . . . ဆေးသောက်လိုက်ဦး"

ဒေါ်ထိပ်ထား မချိုတင်ကဲ စကားများကိုပြောရင်း စိတ်ကိုပြောင်းပစ်လိုက်ကာ မြေးလုပ်သူဘက် စကားလှည့်လိုက်သည်။

"ရှင် . . . သြော် . . . သက်သာသွားပါပြီ ဘွား၊ အလုပ်လုပ်ရင်းနဲ့ သွေးပူတော့လည်း ကောင်းသွားပါပြီ၊ ဒါပေမဲ့ လိုလိုမယ်မယ် ဆေးတော့သောက်လိုက်ပါ့မယ်၊ ဘွား မုန့်စားလေ . . . တော်ပြီလား"





"တော်ပါပြီ မြေးရယ်၊ ယူသွားချည်တော့၊ ဒါနဲ့ . . . မြေးဖေထွန်းနဲ့ တွေ့သေးလားကွဲ့"

"ဟုတ်ကဲ့ . . . တွေ့ပါတယ် ဘွား၊ သူနဲ့တွေ့ပေမယ့် စကားပြောရတာ မလွတ်လပ်ပါဘူး ဘွားရယ်၊ သုတ်သုတ်ပြောသုတ်သုတ်ပြေးပါပဲ"

"အင်း . . . ဒီကလေးဟာ ဘွားတို့အတွက် အလင်းရောင်ပဲမြေး၊ ဘုရားတရားဂုဏ်ကျေးဇူးကြောင့် ဒီကလေး ဘွားတို့ဆီရောက်လာခဲ့တာ၊ ကဲ ကဲ . . . မြေးလည်း ဒီအခန်းထဲ ပြန်လာတာ ကြာသွားပြီ၊ ဟိုက ထပ်မခေါ်ခင်ထွက်တော့"

ဘွားအေ၏သတိပေးမှုကြောင့် ပန်းကလေး ယူစရာရှိတာတွေယူ၍ အပြင်သို့ အပြေးလေးထွက်ခဲ့ရလေသည်။

ထမင်းစားခန်းထဲမှာတော့ ပန်းကလေး အရန်သင့်ပြင်ဆင်ထားသမျှကို ဖိမ်နှင့်ပွဲတော်တည်နေကြပါပြီ။

ကိုယ်က အခန်းထဲမှာ ဖြစ်သလို ပြီးစလွယ်စားခဲ့ရပြီး သူတို့ကတော့ ဖိမ်ယူကာ အရသာခံနေကြတာကို ပန်းကလေး မျက်နှာလွှဲကာ မလုပ်လို့လည်း မပြီးနိုင်သောကိစ္စများကို ဆက်လုပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို နေ့တိုင်း တွေ့မြင်နေကျဖြစ်သလို နေ့တိုင်းလည်း ရင်နှင့်မဆန့်အောင် ခံစားနေရတာက အကြိမ်ပေါင်းမရေတွက်နိုင်။ ရွှေလင်ပန်းနဲ့ အချင်းမဆေးရပေမယ့် လူမှန်းသိတတ်ကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေခဲ့ရတဲ့သူ၊ လိုတရဘဝနဲ့ နေလာခဲ့ရပြီးမှ သူတစ်ပါးရဲ့အစေအပါးဘဝနဲ့ ကိုယ့်အိမ်ကိုယ့်ယာမှာပဲ ပြန်အလုပ်အကျွေးပြုနေရတဲ့အဖြစ်၊ တွေးလိုက်တိုင်း မဆုံးနိုင်တဲ့ အကြောင်းအရာများက ပေါ်လာမြဲ။ ဒီအတွေးနဲ့အတူ အဘွား ခုနကပြောလိုက်တဲ့ ဒီကလေးဟာ ဘွားတို့အတွက် အလင်းရောင်ပဲ ဆိုလိုက်သောဖေထွန်းကို မြင်ယောင်မိပြန်သည်။

အင်း ... သူက တို့မြေးအဘွားကို ဘယ်လိုအလင်းရောင်တွေ ပေးနိုင်မှာပါလိမ့်။ သူတောင် သူများအိမ်က ကားမောင်းနေရတဲ့ဘဝ။ ပြောလို့တော့ မရဘူးပေါ့လေ။ အခုတောင်ဘွားအတွက် အတော်ကို အဆင်ပြေသွားပြီပဲ။ တဖြည်းဖြည်းတော့ အခြေအနေပေးလာကောင်းပါရဲ့။

"ညီမလေး"

"ဟင် ... ရှင် ဘာလဲ၊ ဘာလုပ်မလို့လဲ"





အလုပ်လုပ်ရင်း တွေးရင်းဖြင့် တစ်ယောက်တည်း စိတ်ကူးထဲမှာ မျောနေစဉ် အနောက်က အသံကြောင့် ပန်းကလေးလန့်ပြီး လှည့်ကြည့်လိုက်ရာ ကိုမျိုးဆိုသူဖြစ်နေခြင်းကြောင့် မျက်နှာ တင်းခနဲဖြစ်သွားရပြီး ခပ်မာမာပဲ မေးလိုက်မိသည်။

"အာ ... ညီမလေးကလည်း မေးပုံက နားဝင်မချိုလိုက်တာ၊ ညီမလေးရုပ်ရည်လေးနဲ့ အခုလို သူများအိမ်မှာ အိမ်ဖော်လုပ်နေမယ့်အစား အစ်ကိုကြီးကို အားကိုးလိုက်ပါလားလို့ပြောမလို့ပါ၊ ညီမလေးကလည်း အထာကိုင်လိုက်တာ"

မျက်နှာက ရွံစရာကောင်းလောက်အောင် ပရောပရည်နိုင်လှသောအမူအရာနှင့် အသံကပါ တရော်က အဖေခေါ်ရလောက်အောင် ချွဲပစ်ပြီး လာရောနေသော ကိုမျိုးဆိုသူအား ... ပန်းကလေး မီးဝင်းဝင်းတောက်တဲ့ မျက်လုံးများနဲ့ စိုက်ကြည့်ပြီး ပေါင်းအိုးဘေးက ကြက်သွန်လှီးတဲ့ဓားကိုပါ ဆွဲယူလျက် ..

"ဘာတွေလာပြောနေတာလဲ ... အခုထွက်သွား၊ ငါ ဒီအိမ်မှာ ဒီလိုဘဝနဲ့ ဘာဖြစ်လို့ပဲနေနေ နင်နဲ့ ဘာမှမဆိုင်ဘူး၊ အေး ... အဲဒါမှ ထပ်ပြီး အထွန့်တက်လာရင် ဒီမှာတွေ့လားဓား၊ ဘယ်ရောက်ကုန်ပြီလဲ အိမ်ကြီးရှင်တွေ၊ ရှင် သွားမလား၊



www.burmeseclassic.com

www.burmeseclassic.com



မသွားဘူးလား''

အခုပဲ ထမင်းစားပွဲမှာ စားနေသောက်နေကြသေးတယ်။ ချက်ချင်းကြီး ဘယ်ရောက်ကုန်တာလဲဆိုတဲ့သဘောနဲ့ ပန်းက လေး မျက်လုံးများက ဟိုကြည့်ဒီကြည့် မျက်လုံးဝေ့ကြည့်ပြီး ရှေ့ကနေ ကိုးရိုးကားရား လုပ်ပြနေသော အကုသိုလ်ကြီးကိုလည်း ခါးတဝင့်ဝင့်နှင့် ဟန်ကိုယ့်ဖို့ လုပ်နေရသေးသည်။

''အဟီး ... ညီမလေး ဘယ်သူမှ အားကိုးရှာမနေနဲ့၊ အခုပဲ သူတို့သားအမိ ထွက်သွားကြပြီ၊ အစ်ကိုကြီးစကားကိုသာ လက်ခံလိုက်ပါနော်၊ အစ်ကိုကြီး တင့်တောင့်တင့်တယ်ထားမှာပါ၊ လာပါကွာ''

တစ်ဆင့်တက်ပြီး ပန်းကလေးလက်ကို အတင်းဝင်ဆွဲ၍ အတင်းဝင်လုရင်း ကိုမျိုးဆိုသူမှာ သရဲသဘက်စီးတဲ့လူလို တား မနိုင်ဆီးမရဖြစ်နေတော့သည်။

''ဟင် ... အား ... အဘွား ... ဘွားရေ ... အစ်ကို ဇေထွန်း လာပါဦး ... ကယ်ကြပါဦး''

''ချွင် ... ဂလွမ်း''

ကိုမျိုး၏သံမာသောလက်များက ပန်းကလေး၏လက်ထဲ





က ခါးကို လွှတ်ကျသွားစေသလို ရှန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် ဒန်အိုးတွေကိုပါ တိုက်မိပြီး အသံဗလံတွေ ဆူညံသွားစေတော့ သည်။

''ဟား ဟား ဟား ... မင်း ဘယ်လောက်ပဲ အထာ ကိုင်ကိုင် နောက်ဆုံးတော့ ငါ့လက်က မလွှတ်ပါဘူးကွ၊ ခေါ်မနေ နဲ့ မင်းအကောင်လည်း မရှိဘူး''

''လွှတ်စမ်း ... သေနာကြီး လွှတ်စမ်း''

''ဟား ဟား ... မလွှတ်ဖူးကွာ၊ လွှတ်လို့ဘယ်ဖြစ်မလဲ၊ ဒီလိုအချိန်ကို ငါ စောင့်နေရတာ လွှတ်လိုဖြစ်မလားကွ''

ပန်းကလေး ခွန်အားရှိသရွေ့ ရုန်းလိုက် ကန်ကျောက် လိုက်နှင့် ချွေးသီးချွေးပေါက် ကျနေတော့သည်။ အစ်ကိုဇေထွန်း လည်း မရှိဘူးဆိုတော့ ကယ်မယ့်သူလည်း ဝေးပြီမို့ ဝမ်းနည်း အားငယ်သွားမိသည်။

ထိုအချိန်မှာ ...

''ဟော့ကောင် လွှတ်စမ်း ... ကဲကွာ''

ဆိုသည့်အသံနှင့်အတူ ကိုမျိုးဆိုသူလည်း အနောက်က နေ ဆွဲဆောင့်ခံလိုက်ရပြီး ဇေထွန်း၏ဘယ်ဂိုက် ညာဂိုက်လက်



www.burmeseclassic.com

www.burmeseclassic.com



သီးဖျားနဲ့အတူ ပင့်ဒူး၏အရှိန်ကြောင့် ဘာမှကို မခုခံနိုင်ဘဲ နေရာမှာတင် သတိလစ်မေ့မြောနေတော့သည်။

ပန်းကလေးလည်း ထိတ်ထိတ်လန့်လန့်ဖြင့် လူးလဲထလာကာ ဇေထွန်းရင်ခွင်ထဲ ပြေးဝင်ငိုရှိုက်နေမိလေသည်။ ဇေထွန်း အလိုက်သင့် ပြန်ဖက်ထား၏။

"တိတ်ပါ ပန်းကလေးရယ် ... စိတ်ထဲမှာ ထင့်နေလို့ ပြန်လာကြည့်တာ၊ ထင်တဲ့အတိုင်းပဲ ခွေးဇာတ်ခင်းနေတာနဲ့ တန်းတိုးတော့တာပဲ"

"အဟင့်ဟင့် ... ကျေးဇူးပါပဲ အစ်ကိုရယ်၊ အစ်ကိုသာ ရောက်မလာရင် ပန်းကလေးဘဝ မတွေးရဲအောင်ပါပဲ၊ အစ်ကို သူတို့နဲ့ ပါသွားတယ်ဆိုတော့ ပန်းကလေးဖြင့် အားအင်တွေချည့်နဲ့ကုန်တော့တာပါပဲ ... အဟီး အဟီး"

ပန်းကလေး ပြောလည်းပြော ငိုလည်းငိုနှင့် ဝမ်းပန်းတစ်နည်းဖြစ်နေတော့သည်။

"တိတ်တော့ ... တိတ်တော့၊ ဘွားလည်း အတော် စိတ်ကောင်းဖြစ်သွားတယ်၊ ဘွားက ပန်းကလေးအော်သံကြားတည်းက တုတ်ကြီးကိုင်ပြီး ထွက်လာတာ၊ အစ်ကိုကလည်း





ရောက်အလာ တော်သေးတယ်၊ နို့မို့ဆို ဒင်းပဲ သေမလား၊ ဟိုဟာတွေ ပြန်လာလို့ ဘာပြဿနာတွေ တက်မလဲမသိဘူး၊ သူတို့တွေ ပြန်လာပြီး ဘွား သန်သန်မာမာဖြစ်နေတာကို တွေ့မှာစိုးလို့ အတင်းအခန်းထဲ ပြန်ဝင်ခိုင်းလိုက်ရတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်ပ"

"ဟဲ့ ... အဲဒါက ဘယ်လိုဖြစ်နေကြတာလဲ၊ အမယ်လေး ... ကိုမျိုး၊ ကိုမျိုး ... ဒါ ဘယ်သူ့လက်ချက်လဲ၊ ငါ့ညီ့သည်ကို ဘယ်သူစော်ကားလိုက်တာလဲ"

ဒေါ်သဇင်ထွန်းရဲ့ အသံဆိုး အသံနက်နှင့်အော်ပြောသံက ထမင်းစားခန်းထဲ ဟိန်းထွက်သွားရပြီး အပြေးတစ်ပိုင်းဝင်လာရင်း လဲနေသော ကိုမျိုးအနားမှာ ရင်ဘတ်ဖိကာ ထိုင်ချလိုက်သည်။

ကိုမျိုးကို ဟိုစမ်း ဒီကိုင်လုပ်ပြီး ဖရိုဖရဲဖြစ်နေသော ပန်းကလေးနှင့် ဇေထွန်းတို့အား မျက်လုံးကြီးပြူးထွက်လျက် ကြည့်ရင်း အဆက်မပြတ် မေးနေလေတော့သည်။

ဇေထွန်းမျက်နှာကို လှလှပပလေး မဲ့လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လက်ချက်ပါ အန်တီ၊ ဒါပေမဲ့ ... အန်တီ့ညည်းသည်ကို ကျွန်တော် စော်ကားတာမဟုတ်ပါဘူး။ ဟောဒီက ... အန်တီ့အလုပ်သမားကို သူ စော်ကားနေတာတွေ့လို့ ကျွန်တော် ဆုံးမလိုက်တာပါ၊ ကိုယ်လို့ပဲ ဘဝတူချင်းမို့ ကူညီလိုက်တဲ့သဘောပါ"

"ဘာပြောတယ် ... ကိုမျိုးက မိညမွှေးကို စော်ကားတယ်ဟုတ်လား၊ အမယ်လေး ဒါများ မင်းက အနေသာကြီးကို ဘာဝင်ပါစရာအကြောင်းရှိလဲ၊ ကိုမျိုးလိုလူက ဒီလိုဟာမမျိုးကို ကြိုတာများ နာရတယ်ရှိသေး"

သားသမီးချင်း မစာ ပြောလိုက်သော ဒေါ်သဇင်ထွန်းကို ပန်းကလေး ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေပြီးမှ ..

"ဘယ်လို ဒေါ်လေး ... အဲ့လို စိတ်ဓာတ်မျိုး ဒေါ်လေးရင်ထဲမှာ ရှိနေရင် ဒေါ်လေးသမီးနဲ့ လွှတ်ပေးထားလိုက်ပါလား၊ ပန်းကလေးဘဝ ဒီဘဝ ဘာကြောင့်ရောက်ရတယ်ဆိုတာ ဒေါ်လေး မေ့သွားလို့လား"

ဖေထွန်းဖက်ထားသောလက်ကို ပန်းကလေး ဖြုတ်ချလိုက်ပြီး မခံမရပ်နိုင်စွာ ဒေါ်သဇင်ထွန်းအား ခံပြောနေမိလေ





သည်။

ဒီတစ်ခါ အံ့ဩငေးမောသွားရသူက ဒေါ်သဇင်ထွန်းပင်။ အခုလို မိမိအား ခံပြောဖို့ မပြောနဲ့ မျက်နှာတောင် ရဲရဲမော့မနေတတ်တဲ့ ကောင်မလေး အခုတော့ ဘယ်ကသတ္တိတွေနဲ့ ခံပြောနေပါလိမ့်။

ဒါပေမဲ့ ဘာရမလဲ ဒင်းသိစေရမယ်။

"ဘာ ... ဘာပြောတယ်၊ ပြန်ပြောစမ်း မိညမွှေး"

ဒေါ်သနှင့် ကျုံးထပြီး ပန်းကလေးရဲ့ဆံပင်တွေကို လှမ်းဆွဲလိုက်လေသည်။ သို့သော် ဆံပင်တွေက ဒေါ်သဇင်ထွန်းလက်ထဲ ရောက်မလာဘဲ ရှေ့သို့ မှောက်လျက် လဲကျမတတ်ဖြစ်သွားရလေသည်။

အကြောင်းမှာ ပန်းကလေးကို ဘေးသို့ ဖေထွန်း ဆွဲပွေ့လိုက်သောကြောင့် ဖြစ်၏။ ဒေါ်သဇင်ထွန်း ပို၍ ဒေါသဖြစ်သွားပြီး လက်မှာချိတ်ထားသော ပိုက်ဆံအိတ်ကို ပစ်ချလျက် ...

"လာစမ်း ဟိုကောင်မ ... နင်က အားကိုးရှိသွားလို့ ငါ့ကို အာခံတယ်ပေါ့ ဟုတ်လား၊ လာ ... အခု ငါ့နားကိုလာ"

ပန်းကလေးကို အမိအရ လိုက်ဆွဲသော်လည်း ဖေထွန်း



www.burmeseclassic.com

www.burmeseclassic.com



အရှေ့မှ မားမားရပ်နေ၍ ဒေါ်သဇင်ထွန်း ကြိတ်မနိုင်ခဲမရဖြစ်နေရသည်။ နောက်ဆုံး ဇေထွန်းဘက်ကို မြားဦးလှည့်လာတော့သည်။

"ဒီမှာ ... မင်းနဲ့ ဘာဆိုင်လို့ သူ့ရှေ့ကနေ မင်းက ကာကွယ်နေရတာလဲ၊ ဖယ်ပေးလိုက်စမ်း။ ဒီကောင်မကို ဆုံးမရမှ ငါ ကျေနပ်နိုင်မှာ၊ တစ်ခါမှ ခံမပြောဖူးတဲ့ကောင်မ ... မင်းကြောင့် ငါ့ကို ခံပြောတတ်ပေနေပြီ"

ဟန်ဆောင်အရေခွံတွေ ကွာကြကာ ဒေါ်သဇင်ထွန်း ဓာတ်ရုပ်တွေ ပေါ်နေတော့သည်။

ထိုအဖြစ်ကို ဇေထွန်း ကြည့်ကာ ရယ်မောရင်း ...

"အလဲလဲ ... အန်တီပြောတာတွေ မှားနေပြီလေ၊ ဒီကောင်မလေးနဲ့ ကျွန်တော် ဘာဆိုင်စရာရှိလဲ၊ ဘာမှပတ်သက်စရာကို မရှိတာ၊ ပြောပြီးပါပကော အမြင်မတော်လို့ ဝင်ကူညီတာပါလို့၊ အပွန်း ... ဆိုင်တာက အန်တီတို့နဲ့လေ"

"ဘာ"

ဒေါ်သဇင်ထွန်း နောက်ကို ခြေတစ်လှမ်းဆုတ်သွားပြီး ဆွံ့အသွားရသည်။ ဒီကောင်လေး ဘာတွေသိထားလို့လဲဆိုသည့်





သဘောနှင့် ဇေထွန်းနောက်မှာ ရပ်နေဆဲ ပန်းကလေးဆီ အကြည့်ရောက်သွားမိသည်။

ပန်းကလေးပုံစံက ကြောက်အား လန့်အားနဲ့ ဇေထွန်းကို ပြန်ကြည့်နေခြင်းကြောင့် မေးမည်ကြံပြီးမှ မမေးဖြစ်တော့။ ဇေထွန်းဆီ အကြည့်ပြန်ပို့၍ ...

"မင်း ... ခုနကပြောတာ ဘာအဓိပ္ပာယ်လဲ မောင်ဇေထွန်း"

"ဘာကိုလဲ အန်တီ"

"တို့နဲ့ မိညမွှေးဆိုင်တယ်ဆိုတာကို ပြောတာ"

ဇေထွန်း ခပ်လွန့်လွန့်ပြုံး၍ ...

"အပေါ် ... ဒီကောင်မလေးက ကျွန်တော်မရောက်ခင်တည်းက အန်တီတို့ဆီရောက်နေတာ မဟုတ်လား။ နောက်ပြီး ကျွန်တော် ကြည့်နေတယ် သူ့မှာ အမိအဖဆိုတာလည်း အနားမှာ မတွေ့ဘူး။ အန်တီတို့ကိုပဲ ဆွေလိုမျိုးလို အားကိုးနေရှာတာ၊ ပြီးတော့ အန်တီ့သမီးအရွယ်လေး။ အဲဒီတော့ ကျွန်တော့်ထက်စာရင် ဒီကောင်မလေး ဘဝလုံခြုံရေးက အန်တီတို့လက်ထဲမှာ ရှိမနေဘူးလား၊ အန်တီတို့နဲ့ ပိုမသက်ဆိုင်နေဘူးလား၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောတာပါ၊ အန်တီက ဘာတွေတွေးမိလို့လဲ၊ အန်တီ့လူကို ပြုစုလိုက်ဦး၊ ကျွန်တော့်လက်ချက်နဲ့ မာလကီးမယားဘဲ သမံတလင်းပေါ်မှာ အအေးပတ်ပြီး ရှောနေဦးမယ်၊ သွား . . . မင်းလည်း အဝတ်အစား သွားလဲချေ''

ဖေထွန်း အကွက်ကျစွာ ရှင်းပြပြီး စကားတွေ ဆက်တိုက်ပြောလိုက်ရင်း ပန်းကလေးဘက်ကိုပါ လှည့်၍ပြောလိုက်ရာ ကျေးဇူးတင်သော မျက်လုံးလေးဖြင့် ကြည့်ကာ ထွက်သွားသော သူမအား သက်ပြင်းတရှိုက်နှင့်အတူ ငေးနေမိသည်။

ဒေါ်သဖင်ထွန်းသည်လည်း ဖေထွန်း၏ရှင်းပြချက်ကို ကြားပြီး ဟင်းချနိုင်သွားရသည်။ တော်ပါသေးရဲ့ဟူသော စကားကို ရင်ထဲမှာပဲ ပြောဖြစ်လိုက်ပါ၏။ ဘာတွေများ သိသွားပြီလဲဆိုပြီး ထိတ်သွားသည့်ရင်က ကွဲထွက်မတတ် ပူပင်မှုတွေ ပြည့်ကျပ်သွားရသည့်အဖြစ်။

ပေါ့ပါးသွားသည့်ရင်ကို လက်နဲ့ အသာဖိလိုက်ပြီး သတိမရသေးသော ကိုမျိုးဘက်ကို ပြန်လှည့်လိုက်မိသည်။

''ကျွန်တော် ဘာကူညီရမလဲ အန်တီ၊ မဆိုင်တဲ့အလုပ်တွေ ဝင်ပါမိလို့ အလုပ်က ထုတ်ချင်ရင်လည်း ထုတ်လိုက်ပါ၊





ကျွန်တော်ကတော့ ဘယ်သူ့မဆို မတရားတာတွေ့လို့က လက်ပိုက်ကြည့်မနေတတ်ပါဘူး''

အလုပ်တစ်ခုကို ပိပိရိရိမလုပ်တတ်သော ကိုမျိုးကို ရှိသမျှဒေါသတွေနှင့် စိတ်ရှိလက်ရှိသာ ထုသတ်လိုက်ချင်တော့တာပဲလို့ တွေးနေဆဲ ဖေထွန်း၏အသံကြောင့် မျက်နှာပြန်လှည့်လာကာ . . .

''ကျေးဇူးပဲ၊' အိမ်ရှေ့က ဧည့်ခန်းထဲကိုသာ ရွှေ့ခဲ့ပေးပါ၊ အန်တီ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ဦးမယ်၊ ပြီးရင် . . . မင်းသမီးကို သွားခေါ်ခဲ့တော့၊ မင်း ခုနက ပို့ထားခဲ့တဲ့အိမ်မှာပဲ၊ ဪ . . . ဒါနဲ့ မင်း ဘယ်လိုလုပ်ပြီး အိမ်ပြန်ရောက်နေတာလဲ''

ကိုမျိုးကို့ ထမ်းခေါ်သွားတဲ့ ဖေထွန်းနောက်ကနေ လိုက်ခဲ့ပြီး ပေါက်ပေါက်ဖောက်သလို ဒေါ်သဖင်ထွန်း ပြောနေရာမှ သူသိချင်သောကိစ္စကို အကြောင်းတိုက်ဆိုင်တုန်း မေးလိုက်မိသည်။

ဆိုဖာရှည်ပေါ်သို့ ကိုမျိုးအား ပစ်ချလိုက်ပြီး သူ့အင်္ကျီတွေကို သပ်ရပ်အောင် ဖေထွန်း ပြင်ဆင်ရင်း . . .

''အန်တီတို့က အဲ့ဒီမှာ ကြာဦးမယ်ဆိုတော့ ကားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရတာ ပျင်းလို့ ဈေးတန်းတက် လျှောက်ကြည့်တာ၊ အဲဒီမှာ ကျွန်တော်ကြိုက်တဲ့ ဘောင်းဘီတွေ့တာနဲ့ ဝယ်မယ်လုပ်ရော၊ ပိုက်ဆံအိတ်က ပါမလာဘူး။ အဲဒါနဲ့ အိမ်မှာကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ကို ပြန်ယူရင်း အခုလိုတွေ ဖြစ်ရတာပါပဲ''

ချော့ချော့ငံငံပြန်ပြောနေတဲ့ ဇေထွန်းရဲ့လေယူလေသိမ်းကို နားထောင်ပြီး ဒေါ်သဇင်ထွန်း ယုံကြည်စိတ်အပြည့်ဖြင့် ကြည့်နေမိသည်။ ဟုတ်မှာပါလို့လည်း တစ်ထစ်ချ ထွက်လိုက်ပါသည်။ ကိုမျိုးကိုယ်က အသုံးမကျတာဟု အားမလိုအားမရ တွေးလိုက်မိသည်။

''ကျွန်တော် သွားလို့ရပြီလား အန်တီ''

''ဟင် . . . သြော် . . . အေး အေး သွားလို့ရပြီ၊ သမီးကို အန်တီ အိမ်ပြန်ရောက်နေပြီလို့ ပြောလိုက်''

''ဟုတ်ကဲ့''

ဇေထွန်းအသံကြောင့် ဒေါ်သဇင်ထွန်း၊ အတွေးစပြတ်သွားရကာ အထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ပြောလိုက်မိသည်။ သမီး အိမ်ပြန်ရောက်လျှင် အသုံးမကျတဲ့ ကိုမျိုးအကြောင်းကို စီကာပတ်ကုံး ပြောပြရန် စဉ်းစားနေခြင်းပါ။





အလုပ်ကိစ္စဟု အကြောင်းပြကာ တမင်ခေါ်ထုတ်သွားသော ဇေထွန်းမှာ အိမ်ပြန်ရောက်နေခြင်းအတွက် သမီးကဘာတွေဝေဖန်ဦးမလဲမသိ။

ကိုယ်ဆင်တဲ့အကွက်ထဲ မိညမွေး မတိုးမိတာ အတော်ခံရခက်သည်။ စောင့်ခိုင်းထားတဲ့နေရာမှာ ဇေထွန်းကို မတွေ့ရပေမယ့် တစ်နေရာကို အပျင်းပြေသွားတယ်လို့ ထင်ခဲ့တာ အခုလို အိမ်ပြန်ရောက်နေမယ်ဆိုတာ မထင်မိခဲ့။

ကိုယ်ကသာ အိမ်မှာ ဘယ်လိုအခြေအနေတွေဖြစ်ကုန်ပြီလဲဆိုတာ သိချင်လို့ အိမ်ကို တစ်ခေါက်ပြန်ခဲ့တာ။ ဒီကျမှ မထင်မှတ်တာတွေဖြစ်နေတာနဲ့ တိုးရသည်။ နောက်ထပ် ဒီလိုအခွင့်အရေးမျိုး ထပ်ရဖို့ မလွယ်တော့။ အေးပေ့ါလေ . . . ကံကောင်းသွားတဲ့ မိညမွေး တစ်ကွေ့တော့ တွေ့ဦးမပေ့ါ။

မကျေမချမ်းနှင့် ဒေါ်သဇင်ထွန်း တွေးနေဆဲ ဖုန်းဆက်ခေါ်လိုက်သော မိသားစုဆရာဝန်ကြွလာ၍ အတွေးတွေ ရပ်သွားရသည်။

ဆရာဝန်က ကိုမျိုးအဖြစ်ကိုကြည့်ပြီး ဘယ်လိုဖြစ်တာလဲလို့ မေးတော့ ဒေါ်သဇင်ထွန်း ပြန်ဖြေလိုက်ပုံအား သီရိခွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သွားကြိုပြီး ပြန်ရောက်လာတဲ့ ဇေထွန်း ကြားလိုက်သည် တွင်း ရယ်ချင်လျက် ပက်ကျိဖြစ်ရပါလေသည်။

ဖြေပုံကိုကြည့်ပါဦး။

အပြင်ကို ခဏထွက်သွားတာ ပါသွားတဲ့ပိုက်ဆံတွေ အလုခံရပြီး လူကတော့ အဲဒီပုံစံဖြစ်လာပါသတဲ့။

အခန်းထဲက မြေးအဘွားနှစ်ယောက်မှာတော့ အဲဒီအသံ ရဲ့အဆုံးမှာ နှစ်ယောက်သားဖက်ပြီး ဝမ်းနည်းကြေကွဲစွာ ငိုလို့ မဆုံးနိုင်။

ဒေါ်ထိပ်ထား မြေးကိုဖက်ပြီး အံကိုတင်းတင်းကြိတ်ထား မိပါ၏။

တွေ့မယ် မိသဖဇင် သားသမီးချင်း ကိုယ်ချင်းမစာတဲ့ မိန်းမ အဲ့သလိုများ တစ်နေ့ နင် ကိုယ်တွေ့ကြုံခဲ့ရရင် အခုလိုပဲ ပြုံးရွှင်ပျော်မြူးစွာ စကားဆိုနိုင်ပါစေ။

လို့ မြေးမလေး ပန်းညမွှေးအတွက် ယူကျုံးမရစွာ ရင် ထဲမှ ဒေါ်ထိပ်ထား ပြောနေမိလေသည်။

❋ ❋ ❋



## အခန်း (၆)

"မေမေ"

"ဟင်"

ဒေါ်သဇင်ထွန်း အပြင်သွားရန် မျက်နှာကို ချယ်သနေ စဉ် သီရိဆွေ အခန်းထဲဝင်လာပြီး ခေါ်လိုက်သဖြင့် မှန်ထဲကနေ လှမ်းကြည့်ပြီး ထူးလိုက်လေသည်။

"အန်ကယ်မျိုး ဘယ်ထွက်သွားတာလဲ"

"ဘယ်သွားရမလဲ သမီးရယ်၊ ဒီအိမ်မှာနေရင် ရှက်တာ နဲ့ သေလိမ့်မယ်ဆိုပြီး သူ့သူငယ်ချင်းအိမ်ကို ပြောင်းသွားတာပဲ၊ သူလည်း ဘယ်ဆက်နေချင်မလဲ သမီးရယ်၊ ဟိုကောင်မမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို နေ့တိုင်းတွေ့နေရမှာ မဟုတ်လား''

ဒေါ်သဇင်ထွန်းတစ်ယောက် ပါးစပ်ကလည်း ပြော၊ လက်ကလည်း အဆက်မပြတ် လုပ်စရာရှိသည်များကို လျင်မြန်စွာ လုပ်လျက်ရှိလေသည်။

အားလုံးပြီးစီးသွားတော့ မှန်ထဲမှာ ဘယ်ပြန်ညာပြန်ကြည့်ကာ စိတ်ကျေနပ်မှုရသွားမှ အသင့်ချထားသော ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်ပြီး ...

''သမီး ... မေမေသွားမယ်၊ မေမေခိုင်းထားတဲ့ဆီ ဖုန်းဆက်ဖို့မမေ့နဲ့ဦးနော်''

''စိတ်ချပါ မေမေရဲ့၊ အခု ကိုဇေထွန်းကိုခေါ်သွားမှာလား မေမေ''

''အေးပေါ့၊ ဘာဖြစ်လို့လဲ သမီးရဲ့''

''ဘာမှမဖြစ်ပါဘူး၊ အဲဒီလူကို သတိထားဖို့ ပြောမလို့ပါ''

''အဟွန်း ... မနေ့က ကိစ္စကြောင့် မောင်ဇေထွန်းကို မေ့သမီးလေး အစာမကြေဘူးထင်တယ်၊ သူ့အတွက်ဆိုရင်တော့ စိတ်ချပါ သမီးရယ်၊ ဒင်းလေးက ရေမြွေပါ၊ မနေ့က သူပြော





သလိုပဲ တိုက်ဆိုင်တာဖြစ်မှာပါ၊ အဲဒါမှ မေမေတို့အတွက် အမှိုက်ဖြစ်နေရင် အလွယ်လေးပါကွယ် ... ဟင်း ဟင်း''

ဒေါ်သဇင်ထွန်း ဟန်ပါပါမျက်နှာသေးနှင့် သမီးဖြစ်သူကို ရှင်းပြရင်း မျက်မှောင်ကုတ်ခါ သမီးမျက်နှာကို အနားကပ်၍ ကြည့်လိုက်မိသည်။

''သမီး ... မေမေ့ကို ဘာပြောချင်လို့လဲ''

တစ်ခုခုပြောရန် မဝံ့မရဲဖြစ်နေပုံရသော သမီး၏အနေအထားကို ဒေါ်သဇင်ထွန်း ရိပ်စားမိလိုက်၍ အပြောရဲရန် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

မိခင်ဖြစ်သူအား သီရိဆွေ မရဲတရဲလေး ကြည့်၍ –

''မေမေ''

''ပြောပါသမီး၊ မေမေ နားထောင်နေပါတယ်''

''ဟို ... အခုတစ်လော ဘွားအသံကို မကြားမိဘူး။ နေ ... နေကောင်းရဲ့လားလို့ပါ''

သမီးရဲ့စကားအဆုံးမှာ ဒေါ်သဇင်ထွန်း မျက်နှာလွှဲ၍ သက်ပြင်းချလိုက်မိလေသည်။

ထင်သည်။ သမီး မပြောရဲမဆိုရဲဖြစ်နေတယ်ဆိုကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ဒီအကြောင်းအရာတွေနဲ့ ကင်းတဲ့စကား မဟုတ်နိုင်ဘူးဆိုတာ သိနေ၏။

ပြောပြီးမှ မျက်နှာလေးအောက်ငုံ့နေသည့် သမီးကို မျက်နှာတင်းတင်းနှင့်စိုက်ကြည့်လိုက်ပြီး ...

"သမီးက သမီးဘွားအေကို အတော်သံယောဇဉ်ရှိတာကိုး၊ သမီးကသာ သံယောဇဉ်ရှိနေ သမီးအဘွားက သူ့နားက မြေးမှ မြေးလို့ ထင်နေတာ သိရဲ့လား၊ အခု ပတ္တမြားညီနောင်ကို မပေးဘဲ အသေခံနေကြတာ မြင်တယ်မဟုတ်လား၊ သူ့မြေးအတွက် အသေခံနေတယ်လေ၊ သမီးက ဒါကို မနာဘူးလား"

ပြောရင်း ဒေါသဖြစ်လာတော့ ဒေါ်သဇင်ထွန်းအသံက မာကျောပြတ်တောက်နေသည်။

တစ်သက်လုံး ဒီအမေက သေဆိုသေ၊ ရှင်ဆိုရှင်ဘဝနှင့် နေခဲ့ရသော သီရိဆွေမှာလည်း ဘာမှကို ထပ်မဟရဲတော့။

ပန်းညမွှေးဆိုတဲ့ ဟာမကို မုန်းပေမယ့် ဘွားကိုတော့ သနားနေမိသည်။

အနေဆင်းရဲနေသော ဘွားအတွက် တစ်နေ့မှ စိတ်မကောင်း။ မေမေ ဆေးမပေးလို့ ဘွားအော်နေတဲ့နေ့များဆို သူမ





မျက်ရည်ကျရမြဲ။ ဘွားကို ခိုးတွေ့ချင်ပေမယ့် မေမေ့ရဲ့ရာဇသံကို ကြောက်လွန်း၍ ခိုးမတွေ့ရဲ။ တစ်ခုတော့ အရဲစွန့်ကာ တောင်းဆိုခဲ့ဖူးသည်။ ဘွားကို ထမင်းတော့ ဝအောင်ကျွေးပါ မေမေရယ်လို့၊ ဒီစကားတစ်ခွန်းရဲ့အပေးအယူနဲ့ ဘွားကိုတွေ့ရန် စိတ်ကူးအား ပယ်ဖျက်ခဲ့ရခြင်းပင်။

ဒါပေမဲ့ အခုတစ်လော ဘွားအသံကို မကြားရ၊ ဒီတော့ နေမှကောင်းရဲ့လားလို့ စိတ်ပူနေမိသည်။ ဘွားဆီက ပတ္တမြားညီနောင်ကို မရတာနှင့် ဖေဖေ့ကိုပါ ရန်လုပ်၍ ပြဿနာဖြစ်ခဲ့ရသည်။ ဒီပြဿနာကြောင့် ဖေဖေတောင် ဘယ်ရောက်နေမှန်းမသိ။ မေးလို့လည်း မကြိုက်။ အိမ်ရှေ့ အတွင်းပစ္စည်းပါ ရနေမှ ဒီပတ္တမြားနှစ်လုံးကို မက်မနေပါနဲ့ကွာလို့ ပြောခဲ့သော ဖေဖေ့ကို အဲဒီနေ့က သူမ နောက်ဆုံးတွေ့လိုက်ရခြင်းဖြစ်သည်။

အခုဆက်ပြီး မေမေ့ရဲ့စီမံမှုအောက်မှာ သူမ နေခဲ့ရသမျှ ဘာမှကို အထွန့်မတက်ရဲ။ ဒါကြောင့် သူမလည်း အိုးစားမကွဲသေးတာ ဖြစ်နိုင်သည်။

မေမေ့ကို မလွန်ဆန်နိုင်သလို ပန်းညမွှေးဆိုတဲ့ဟာမကိုလည်း မော့မကြည့်ရဲအောင်ကို နင်းထားနိုင်မှာ တော်ကာကျ



www.burmeseclassic.com

www.burmeseclassic.com



မည်။

အစစအရာရာ သာနိုင်လွန်းသည့် ဒင်းကို ငယ်က တည်းက မျက်မုန်းကျိုးခဲ့ရတာ အခုထိ မနာလိုစရာကောင်းနေဆဲ။

ဒီလောက်နွမ်းဖတ်ဖတ်အဝတ်အစားတွေကို ဝတ်ထားတာတောင် ရုပ်ရည်က ငေးကြည့်နေရသည်။ အပြင်အဆင်ဆိုတာ ဝေးလာဝေးပြီး မီးဖိုထဲက မထွက်နိုင်းထားတဲ့ကြားက အလှတွေ တိုးနေသေးသည်။

ကိုယ့်မှာတော့ ဝတ်ကောင်းစားလှတွေ ဝတ်ပြီး ရတနာတွေ တစ်ခုပြီးတစ်ခု ညွတ်နေအောင် ဝတ်ထားလျက်နဲ့ အလှတရားဆိုတာ ရှာမတွေ့။ ဖအေက ရှမ်း၊ မအေက မြန်မာဆိုသော်လည်း ရှမ်းရုပ်လည်း မပေါက်၊ မြန်မာရုပ်လည်း မထွက်။ ဘယ်လိုဖြစ်ပြီး မည်းမည်းဝဝကြီးဖြစ်နေသလဲမ ပြောတတ်။

အစကတော့ ပိုက်ဆံရှိရင်ပြီးရော ဝတ်နိုင်စားနိုင်ရင် လှရာဝင်တယ်လို့ ထင်ခဲ့မိတာ။ ပန်းညမွှေးနဲ့ယှဉ်ယှဉ်ပြီး ပြောလာကြမှ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်လာခဲ့မိတာ။ ဟွန်း ... အခု ဒီကောင်မ ဘာတတ်နိုင်သေးလဲ။ အိမ်ထဲက အိမ်ပြင်လည်း





မထွက်ရတော့ဘူး။ သူ ဘယ်လောက်ပဲလှလှ၊ လူတွေက သူ့ကို မမြင်ကြရတော့ဘူး မဟုတ်လား။

ဒီလိုအတွေးရောက်သွားတော့ ကျေနပ်မှုတွေ ဖြစ်ထွန်းလာပြီး ခေါင်းပြန်မော့လာရသည်။ မျက်နှာကိုပါ တစ်ချက်မဲ့လိုက်ရင်း ...

"သမီးကို ခွင့်လွှတ်ပါ မေမေ၊ ဘွားရဲ့အလိုလိုက်မှုတွေကိုခံခဲ့ရဖူးတဲ့စိတ်က တစ်ခါ တစ်ခါ စာနာစိတ်ဖြစ်ပေါ်လာမိတာပါ၊ ဟုတ်ပါတယ် ... မိညမွှေးနဲ့ယှဉ်လိုက်ရင် သမီး ဘေးထွက်နေခဲ့ရတာတွေကိုလည်း မေ့မထားသင့်မှန်း သမီးသဘောပေါက်ပါပြီ၊ မေမေ အပြင်သွားမှာ သွားတော့လေ၊ သမီးကြောင့် မေမေ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါမေမေ"

"အဟွန်း ... အဲ့သလို အသိတရားဝင်စမ်းပါ သမီးရယ်၊ မေမေ့သမီးလေး နားမဝေးဘူးဆိုတာ မေမေ သိပါတယ်၊ နားဝေးတဲ့ သမီးဖေဖေနဲ့တော့ မတူချင်နဲ့ သမီးရေ၊ မေမေ့သမီးကိုတော့ မေမေ မရက်စက်ချင်ဘူး၊ ဒါပဲနော် သမီး၊ ဟိုအဘွားကြီးဆီ မေမေမရှိတုန်း သွားဖို့ စိတ်မကူးနဲ့၊ အသံမကြားလို့ သေလည်း အေးတာပဲ၊ ကြားရဲ့လား မေမေပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ပါ မေမေ"

ဒေါ်သဇင်ထွန်း ကျေနပ်မှုတွေနှင့် ဖက်ကာ အထပ်ထပ် အခါခါ စကားတွေ ရှိက်သွင်းနေမိလေသည်။

"ကဲ ... မေမေသွားမယ်၊ မန္တလေးကို ဖုန်းဆက်ဦးနော် သမီး၊ မေမေ မလာနိုင်းဘဲ ရန်ကုန်ကိုမလာဖို့ပါ မှုကြီးကို ပြောလိုက်ဦး"

"ဟုတ်ကဲ့ပါ မေမေ"

သမီးခေါင်းကိုပုတ်၍ အပြုံးတွေနှင့် ဒေါ်သဇင်ထွန်း ထွက်သွားတော့သည်။

ကြော့ကြော့လေး ဆင်းသွားသော မိခင်အား သီရိဆွေ လိုက်ကြည့်၍ မေမေ့သမီးလေးကို မေမေ မရက်စက်ချင်ဘူးဆို သောစကားနှင့် မညီစွာ သူမအား ခိုင်းရက်သည့်အလုပ်ကိစ္စများ နှင့်ပတ်သက်၍ စဉ်းစားလိုက်ချိန်တွင် လူက အလိုလိုနေရင်း နုံးခွေသွားရလေသည်။

❋ ❋ ❋



## အခန်း (၇)

"မောင်ဇေထွန်းရေ ခဏပေါ့"

ကားရေဆေးနေရာမှ ရပ်ထားခဲ့ပြီး ဒေါ်သဇင်ထွန်းနား သို့ ဇေထွန်း လျှောက်လာခဲ့သည်။

"လာကွယ် ညှိခန်းထဲမှာ စကားပြောရအောင်"

အနားရောက်တော့ စမ်းကျရေလို့ ခေါ်မလား ချိုးကြာ သံလို ပြောမလား နားမလည်နိုင်သောအသံမျိုးဖြင့် သူ့အား ညှိခန်းသို့ အဆန်းတကြယ်ခေါ်နေ၍ ဇေထွန်း အံ့ဩသည့်ကြား က လိုက်သွားမိသည်။

"ထိုင်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လို့ဆို၍ ထိုင်လိုက်ပြီး ဘာပြောမှာမို့ပါလိမ့်လို့ တွေးကာ ငေးရင်း နားစွင့်နေမိ၏။

"မင်းကို အန်တီ ကိစ္စတစ်ခု ခိုင်းမလို့၊ လုပ်ပေးပါ့မလားလို့ မေးမလို့ပါ"

ဘုရားရေလို့ တ,ရမလိုပါလား။ ခိုင်းချင်တာကို အောက်ကျနောက်ကျပြန်မေးနေတာ ဒီအိမ်ကို စရောက်တည်းက ဒီတစ်ခါပဲ ကြားဖူးသေးတယ်။

ဟိုနေ့တွေက မာန်ထန်နေတဲ့ မျက်နှာထားတွေ ဘယ်ရောက်ကုန်ပါလိမ့်။

အင်း ... ဘာပြန်ပြောရကောင်းမလဲ။

"ဘယ့်နှယ်လဲ မောင်ဇေထွန်း အန်တီပြောတာ ကြားရဲ့လား"

"ဗျာ ... ဟုတ်ကဲ့၊ ကြား, ကြားပါတယ် အန်တီ၊ လုပ်ပေးနိုင်ပါတယ်၊ ကျွန်တော်က အန်တီတို့အလုပ်သမားပဲဟာ ခိုင်းတာလုပ်ပေးရမှာပေါ့"

ကျိတ်လိုက်စမ်း ... အဆီအငေါ်တည့်စွာ ထွက်သွားတဲ့ စကားအတွက် ဇေထွန်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးကျေးဇူးတင်မိ





တော့သည်။

ဒေါ်သဇင်ထွန်းမျက်နှာမှာလည်း ကျေနပ်မှုတွေပြည့်လို့နေပြီး ပျာယာခတ်လို့။

"ဩော် ... ဟော် ... အန်တီက ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး၊ မောင်ဇေထွန်းကို ကားမောင်းဖို့ပဲ ခေါ်ထားတာလေ၊ ဒါကလည်း ဒီအိမ်အတွက်ပဲ မဟုတ်လား၊ အခုဟာက အန်တီတို့ အရင်နေခဲ့တဲ့ မန္တလေးအိမ်က ကိစ္စဖြစ်နေလို့ပါ"

ဒေါ်သဇင်ထွန်း၏အားနာနေသော မျက်နှာအား ဇေထွန်း မလွှတ်တမ်း ကြည့်နေရာမှ ...

"ဟာ ... အန်တီကလည်း ရပါတယ်၊ ပြောရမယ့်လူလား၊ ဒါသွားလုပ်လိုက်စမ်းဟေ့ဆို ပြီးတာပဲဟာ၊ ပြောပါ ... ပြောပါ၊ ဘာလုပ်ပေးရမလဲဆိုတာသာ ပြောပါ အန်တီ"

ဇေထွန်းပုံစံက ဘာမဆိုလုပ်ပေးမယ့်ပုံစံမို့ ဒေါ်သဇင်ထွန်း အားရကျေနပ်စွာပြုံး၍ ...

"ကျေးဇူးပါပဲကွယ်၊ တချို့က သိတယ်မဟုတ်လား၊ ကိုယ့်အလုပ်နဲ့မပတ်သက်ရင် လုပ်မပေးချင်ကြဘူးလေ၊ နို့မို့ဆိုလည်း မင်းကို မခိုင်းပါဘူးကွယ်၊ မှုကြီး နေမကောင်းဖြစ်နေလို့တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် မင်းကို အကူအညီတောင်းရတာ၊ ရော့ . . . ဒါ အန်တီတို့အိမ်လိပ်စာ၊ ဟိုမှာ မင်းကို မှုကြီး အသင့်ထွက်စောင့်နေလိမ့်မယ်၊ အဲဒီက သူပေးလိုက်တဲ့ပစ္စည်းကို ယူခဲ့ပြီး ပြန်လာခဲ့တော့၊ အဲ . . . ညအိပ်ရမှာနော်၊ နောက်နေ့မနက် ထပြန်လာပြီး မြောက်ဒဂုံအောင်တံခွန် ၃–လမ်းက အိမ်အမှတ်–––ကို ဝင်ပို့ခဲ့ရုံပဲ၊ အဲဒါဆို မင်းအလုပ်ပြီးပြီ၊ ဒီညနေပဲ သွားနိုင်ရင်သွားလိုက်ပါလား''

''ဟုတ်ကဲ့ပါ အန်တီ၊ စိတ်ချပါ၊ အားလုံးအဆင်ပြေစေရပါ့မယ်၊ ပစ္စည်းက များလို့လား အန်တီ၊ ဘာပစ္စည်းလဲ''

လိပ်စာကတ်လေးကို ဘောင်းဘီအိတ်ထဲ ထိုးထည့်၍ ပစ္စည်းဝင်ပို့ရမည့် အိမ်လိပ်စာကိုပါ အရန်သင့်ပါလာတဲ့ ဘောလ်ပင်နဲ့ လိုက်ရေးမှတ်ရင်း သေချာအောင် ဇော်ထွန်း ပြန်မေးလိုက်သည်။

''ပစ္စည်းက မများပါဘူး၊ ထုပ်ပိုးပြီးသား ရွှေဆိုင်းပါကင်တစ်ပုံးတည်းပါ''

ဒေါ်သဇင်ထွန်းတို့တွင် ရွှေဆိုင်းလုပ်ငန်းရှိနေတာ သိထားပြီးဖြစ်သဖြင့် ဇော်ထွန်း ထပ်မမေးတော့ဘဲ နှုတ်ဆက်ကာ





ထွက်လာခဲ့လိုက်သည်။

ကားကို အသေအချာစစ်ဆေးပြီး ခရီးသွားရန် ပြင်ဆင်ရလေတော့သည်။

❋ ❋ ❋

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

“သီရိ”

“ဘာလဲ ... ဘာပြောမလို့လဲ”

သီရိဆွေ အပြင်ထွက်ရန် အပေါ်ထပ်ကဆင်းအလာ လှေကားခြေရင်းအရောက် ပန်းညမွှေး ခေါ်လိုက်သဖြင့် မျက်နှာကို ချက်ချင်းတည်တင်းပစ်လိုက်ပြီး ခပ်မာမာပင် ပြန်ထူးလိုက်လေသည်။

“နင် အပြင်သွားမလို့လား”

“ဟုတ်တယ်၊ နင်မြင်ရက်သားနဲ့ ဘာကိစ္စမေးတာလဲ၊ အပိုတွေလုပ်ပြီး မေးမနေနဲ့၊ အချိန်ကုန်တယ်”



BURMESE CLASSIC .com



တင်းထားသည့်မျက်နှာကို တစ်ပြားသားမှ မလျှော့ဘဲ သီရိဆွေ ထပ်ပြောလိုက်သည်။

ပန်းကလေး အသံကို အတတ်နိုင်ဆုံး ချိုးနှိမ်အောက်ကျို့၍ ...

“မနက်တည်းက မီးမလာဘူး၊ မီးသွေးလဲ ကုန်နေတယ်၊ ထမင်းဟင်းချက်ဖို့ ဘယ်လိုလုပ်ရမလဲ၊ ဟို ကားမောင်းတဲ့လူလည်း နင့်အမေ မနေ့တည်းက ခိုင်းထားတာ အခုထိပြန်မရောက်သေးဘူး၊ အဲဒါ ကြည့်လုပ်ပေးဦး”

“ဟွန်း ... အဲဒါများ၊ မေမေကလည်း မနက်ကတည်းက မြောက်ဒဂုံထွက်သွားတယ်၊ ငါလည်း အခုအပြင်သွားမှာ၊ နင်တို့ မြေးအဘွားပဲ အိမ်မှာ ကျန်ခဲ့မှာပဲ၊ အဆင်ပြေသလိုသာ ကြည့်စားလိုက်ကြ၊ ညနေကျရင် ကိုဇေထွန်းပြန်လာမှာ၊ ဒါမှမဟုတ် မီးပြန်လာမှာပေါ့၊ ဒါပဲပြောမှာမဟုတ်လား၊ ငါ သွားတော့မယ်၊ ဒါပဲနော်၊ အိမ်မှာ ဘယ်သူမှမရှိဘူးဆိုပြီး စိတ်ကြိုက်ထင်သလို မနေလိုက်ပါနဲ့ ပြောထားခဲ့ပါရဲ့”

မျက်နှာမှာ သနပ်ခါးတစ်စက်မှမရှိသည့်တိုင် မျက်နှာလေးက ဝင်းမွတ်ချောမွေ့ပြောင်လက်နေသော ပန်းညမွှေးအား



www.burmeseclassic.com

www.burmeseclassic.com



မနာလိုတိုရှည်အကြည့်ဖြင့် ကြည့်ကာ သီရိဆွေ ခပ်နှိမ်နှိမ်လေး ပြောကာ ဇကျာခိုင်း၍ ထွက်သွားလေသည်။

အားမတန် မာန်လျှော့ကာ နေလိုက်ရသည့် ပန်းကလေး မှာဖြင့် အခြေအနေအရ သည်းခံစိတ်မွေးနေရသည်ကိုပင် နာလို ခံခက်စွာ အံကိုတင်းတင်းကြိတ်ထားမိပါ၏။

ဘွားကတော့ ပြောတာပါပဲ ... ကိုယ့်အလှည့်ရောက် လာဦးမှာပါတဲ့။ ဘယ်တော့မှန်းမသိသော နေ့ရက်အချိန်တွေကို မျှော်လင့်ချက်နဲ့ စောင့်နေမိကြတာ မှားများနေပြီလားလို့ တွေး လိုက်ပြန်တော့ သက်ပြင်းချရုံမှတစ်ပါး ဘာမှမတတ်နိုင်ခဲ့။ မှား နေပြီလို့ထင်ရင်း ရုန်းထွက်ပေါ့လို့ဆိုလာပြန်က ဘယ်လိုမှ ရုန်း မထွက်သာ။ အချိန်အခါရယ် ဘယ်တော့ရောက်ပါ့မလဲလို့သာ နေ့စဉ် ညည်းတွားနေရသည့်အဖြစ်။

'ပွမ် .. ပွမ် .. ပွမ်'

လေကားခြေရင်းမှာရပ်ပြီး ငေါင်နေဆဲ အဆက်မပြတ် ကြားလိုက်ရသော ကားဟွန်းသံကြောင့် ပန်းကလေး လန့်ဖျပ် ပြူးကြောင်စွာ အိမ်ဝသို့ပြေးကာ ကြည့်မိလေသည်။ ဒီတစ်ခါ ဘာကြောင့် အိမ်တံခါးတွေ ပိတ်မသွားသလဲ မပြောတတ်၊ ရှိသမျှ





တံခါးတွေ အကုန်ဖွင့်ထားခဲ့၏။

ဒီလိုတွေးမိတော့ ပန်းကလေးရင်ထဲ ထိတ်ခနဲဖြစ်သွား မိသည်၊ ဟိုလူ ဟိုလူများ ရောက်လာဦးမှာလား။ ဒီလူ ဝင်လာ လို့ရအောင် တမင်ဖွင့်ထားပေးခဲ့တာများလားဆိုပြီး ခြံဝကို ငေး ကြည့်ပြီး အိမ်ဝမှာသာ ရပ်နေမိလေသည်။

"ပွမ် ... ပွမ် ... ပွမ် ... ပန်းကလေး ... အစ်ကိုပါ၊ တံခါးလာဖွင့်ပါဦး"

"ဟင် အစ်ကိုပါလား့"

မထင်မှတ်ထားသည့်အတွက် ပန်းကလေး ဝမ်းနည်း ဝမ်းသာဖြင့် ခြံတံခါး ပြေးဖွင့်လိုက်မိလေသည်။ ခြံတံခါးကပါ သော့ခတ်မထားဘဲ ချိတ်ထားတာမို့ အံ့သြရပြန်သည်။

ဒီအချိန် ပြန်ရောက်လာမည်မထင်ထားသော အစ်ကို ဓေထွန်းက ပြန်ရောက်လာ၍ အံ့သြစရာတွေက ဒီနေ့ ကုန်ကို မကုန်နိုင်။

"ဘာတွေငေးပြီး တွေးနေတာလဲ ပန်းကလေးရဲ့၊ အိမ် ကကားမှန်း မသိဘူးလား"

ကားပေါ်က ဆင်းလိုက်ပြီး ပန်းကလေးကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖေထွန်း မေးလိုက်လေသည်။

"မျက်စိထဲမှာ ဘာမှကို မပီပြင်တာပါ အစ်ကိုရယ်၊ သူတို့က အိမ်တံခါးတွေ အကုန်ဖွင့်ထားခဲ့တော့ ဟိုလူများ ရောက်လာဦးမလားဆိုပြီး လန့်နေတာ၊ အစ်ကို့ကို ဒီအချိန်နဲ့ ပြန်ရောက်မယ် ထင်မထားဘူးလေ၊ အဲဒီလူ ကားလာဆိုပြီး ရပ်ကြည့်နေမိတာ၊ သူဆိုလို့က ဒီတစ်ခါသာ ဒုက္ခပေးရင် အသက်ချင်း လဲပစ်လိုက်မယ်လို့ တွေးနေတာ၊ အစ်ကို အသံပေးလိုက်လို့ မပေးရင် ပန်းကလေး တံခါးလာဖွင့်ပေးမှာမဟုတ်ဘူး၊ ဒီနေ့ ဘာတွေဖြစ်သွားကြလဲမသိဘူး၊ ခြံတံခါးတောင် သော့ခတ်မသွားကြဘူး"

"သူတို့ဘာသာ ဘာဖြစ်ဖြစ်ကွာ၊ လာ ဘာစားစရာရှိလဲ အစ်ကို ဗိုက်စားလာတယ်၊ သွားစားကြရအောင်"

"ဟင် ... အခု အဲဒါ စိတ်ညစ်နေတာ အစ်ကိုရဲ့၊ မီးမလာဘူး၊ မီးသွေးကလည်း ကုန်နေတယ်၊ သီရိဆွေကို ပြောတဲ့ဟာ ဒီနေ့ သူတို့သားအမိ အပြင်သွားမှာ၊ ညည်းတို့ဘာသာ ကြည့်စားတဲ့လေ၊ အစ်ကို့ကိုလည်း ညနေလောက်မှ ပြန်ရောက်မယ်လို့ သူက ထင်နေတာ"

"ဟုတ်တယ်၊ သူတို့သဘောအတိုင်းဆို ညနေမှပဲ





ရောက်မှာ၊ အစ်ကိုက ကိုမှုံကြီးကို အကူအညီတောင်းလိုက်တာ၊ ဟိုတစ်ခါ ပန်းကလေးတို့ဖြစ်တဲ့ကိစ္စကို ပြောပြပြီး ပန်းကလေးအတွက် စိုးရိမ်လို့ ပြန်ပါရစေပေါ့၊ ကိုမှုံကြီးက ဒါတော့ သူလည်း အားမပေးဘူးတဲ့ ပြန်ပါဆိုပြီး လွှတ်လိုက်တာ၊ ဒေါ်သဖင်ထွန်းကို သူ့ဘာသာ ကြည့်ပြောလိုက်မယ်တဲ့၊ အဲဒါကြောင့် အခု အစောကြီး ရောက်လာတာ"

သြော် အစ်ကိုရယ် ... ပန်းကလေးရင်ထဲမှာ ဆို့နင့်စွာ ဝမ်းသာသွားရပါ၏။

ပန်းကလေးအတွက် စိုးရိမ်လို့ ပြန်လာတာတဲ့၊ ကြည်နူးမှု မျက်ရည်တို့က မျက်လုံးအိမ်မှာ လာရောက်အခစားဝင်ကြလေသည်။

"ဘာလို့ ... မျက်ရည်က ကျချင်ရတာလဲ၊ လာ ... ရှိတာကို အဆင်ပြေအောင် ကြည့်စားကြမယ်၊ နောက်မှ မီးသွေး သွားဝယ်ပေးမယ်၊ ဘွားရော နိုးနေပြီလား"

ပန်းကလေး၏လက်ကို ဖေထွန်း လှမ်းဆွဲကာ အိမ်ထဲသို့ ဝင်စေလိုက်သည်။ ဖေထွန်းအမေးကို ပန်းကလေး ခေါင်းညိတ်ဖြေရင်း ဖေထွန်းနောက် အလိုက်သင့်ပါလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားကို ဘာကျွေးထားလဲ"

"ဘွားအတွက်က အရန်သင့်ရှိတဲ့ ရေနွေးနဲ့ ဟောလစ် ဖျော်တိုက်ထားတယ်၊ ကိတ်မုန့်ကျွေးထားတယ်၊ အစ်ကိုလည်း တစ်ခုခုဖျော်သောက်လေ၊ မုန့်တွေတော့ ရှိပါတယ်၊ စားမယ် မဟုတ်လား၊ ပန်းကလေး ဖျော်လိုက်မယ်၊ တော်ကြာ သူတို့ ပြန်လာလို့ ရန်လိုနေဦးမယ်၊ စားပြီးရင် အစ်ကို မီးသွေး မြန်မြန် သွားဝယ်ချည်"

စိုးရိမ်စိတ်ဖြင့် ပန်းကလေး ကျောမလုံစွာ ပြောလိုက်မိသည်။

"ဒီအတွက် ပူမနေနဲ့၊ ဒေါ်သဖင်ထွန်းတို့သားအမိ ညနေ လောက်မှ ပြန်ရောက်လိမ့်မယ်၊ အစ်ကို့ကိုတောင် စိတ်ချလက်ချ ကြည်ကြည်ဖြူဖြူ ပြန်နိုင်းလိုက်တယ်၊ ညတည်းက ကိုမှုံကြီး ဘယ်လိုအကြောင်းပြချက်နဲ့ ဖုန်းဆက်ပြောသလဲမသိဘူး၊ မြောက်ဒဂုံကအိမ်ကို ဒေါ်သဖင်ထွန်းက အရင်တောင်ရောက်နေ သေးတယ်၊ အမယ် ... မှာလိုက်သေးသဗျာ၊ ဟိုဟာမကို တစ်ချက်လောက် ကြည့်လိုက်ပါဦးဆိုပဲ၊ ဘာကိုလဲလို့ မေးမလို့ ဟာ မမေးခဲ့တော့ပါဘူး၊ အိမ်ကို သုတ်ခြေတင်ခဲ့လိုက်တယ်၊





ပန်းကလေး အဆင်ပြေတာ ကြည့်လုပ်ထားလိုက်၊ ဘွားဆီ သွားလိုက်ဦးမယ်"

ပြောပြီး လှစ်ခနဲ ဖေထွန်း ထွက်ခဲ့လိုက်သည်။

တံခါးဝမှာ ခဏရပ်နေပြီးမှ ဖေထွန်း တစ်ချက်ပြုံးလိုက် ၍ တံခါးကို အသာလေးဟကာ အခန်းထဲကို ခေါင်းပြူဝင်လျက်

"ဘွား"

"ဟော ... လာလေ မြေးရဲ့"

"အဟင်း ... ဘွားက သားမှန်း သိနေတယ်လား"

"မသိဘဲနေမလား မြေးရယ်၊ မနက်တည်းက အလျှိုလျှို ထွက်သွားတဲ့ သားအမိနှစ်ယောက်မရှိမှတော့ မြေးမ ဖြစ်ချင်ဖြစ် မဖြစ်ရင် သားပဲဖြစ်နိုင်တာလေ၊ ပြီးတော့ သားအသံကို ဘွား မှတ်မိနေပါတယ်၊ တကတဲ ရှင်က ကျုပ်ကို အသက်ကြီးလို့ ပျက်စီးပြီထင်နေလား"

ကျီစယ်မျက်စောင်းလေးရွယ်ရင်း ဖေထွန်းအား ဒေါ်ထိပ် တင်ထား ပြောလိုက်လျှင် ဖေထွန်း စိတ်လက်ပေါ့ပါးစွာဖြင့် ...

"အဟား ... ဘွားကတော့ လုပ်ချလိုက်ပြီ၊ သားက



www.burmeseclassic.com

www.burmeseclassic.com



ဘွားကို အသက်ကြီးပြီး ပျက်စီးလို့ မေ့လျော့နေပြီလို့ မပြောရ ပါဘူး၊ အခြားယောက်ျားလေးရော မထင်ဘူးလားလို့ မေးတာပါ ဥပမာ ...ဟိုလူပေါ့ ကိုမျိုးလေ''

ဘွားဘေးမှာ ဝင်ထိုင်လျက် ချစ်စနိုးဖြင့် ပခုံးကိုဖက်ကာ ဇေထွန်း ပြောလိုက်လေသည်။

''တော်ပါ မြေးရယ်၊ ဒီအကောင့်နာမည်ကို မကြားပါရစေနဲ့၊ ဘယ်သူမှမရှိဘူးဆိုတည်းက အရိပ်အခြည်ကို တွက်ကြည့်ပြီးသား၊ ဘွားမြေးမလေးကို နောက်ထပ် ဒင်းလာစော်ကားကြည့် မယုံမရှိနဲ့ အသက်ချင်း လဲပစ်လိုက်မှာ''

ဒေါသတွေမာန်တွေနှင့် ဟန်ရေးပြနေသော ဒေါ်ထိပ်တင်ထားအား ဇေထွန်းကြည့်၍ အရင်စိတ်နဲ့ဆို ဟိုနေ့က ကိုမျိုးဆိုသူ လွယ်မှာမဟုတ်ဘူးဟု တွေးနေဖြစ်သည်။

အတွေးနှင့် ပြိုးလျက် ...

''အားပါး ...ဘွားပုံစံက အစကများဆို ဘယ်လောက် လက်ဝါးစောင်းထက်ခဲ့မလဲမသိဘူးနော်၊ အခုထိ စိတ်ထက်တုန်းပဲ''

ဇေထွန်း သူ့ထင်မြင်ချက်ကို ပွင့်လင်းစွာပြောလိုက်လေ





သည်။

ဒီတော့ ဒေါ်ထိပ်ထားမျက်နှာမှ အရေးအကြောင်းများ တွန့်ကုန်သည်ထိ မျက်မှောင်ကို ကုတ်လိုက်ပြီး ...

''အခုအခြေအနေထိ ဖြစ်သွားရတာ ဘွားညံ့လို့ဖြစ်သွားရတာ မဟုတ်ဘူးဆိုတာကို မြေး ယုံအောင် ဘယ်လိုသက်သေနဲ့ ပြရမှန်းမသိဘူး၊ ဘွားက ဟဲ့ဆို မော့မကြည့်ရဲခဲ့တဲ့ ဒီခွေးမရဲ့ ကောက်ကျစ်ယုတ်မာမှုကြောင့် အငိုက်မိသွားရတာပဲ မြေး၊ အခံ ခက်လိုက်တာ မပြောနဲ့တော့၊ အေးလေ ...မသမာတဲ့နည်းနဲ့ ရယူထားတဲ့ ဒီစည်းစိမ်တွေဟာ ဒင်းလက်ထဲမှာ ကြာရှည်မမြဲ ပါဘူး၊ တစ်နေ့မှာ သူ ပြန်ပေးဆပ်ရမှာပါ၊ ကြည့်နေ ...ဘွား ပြောရဲတယ်၊ သူ့စေတနာ သူ့အကျိုးပေးသွားလိမ့်မယ်''

ခုနက မာန်တွေမာန်တွေ ကွယ်ပျောက်၍ အားမလို အားမရ မချင့်မရဲဖြင့် လေသံက ပျော့ညွတ်သွားလေသည်။

''ဟုတ်တာပေါ့၊ ဘွားပြောတာ သိပ်မှန်တာပဲ၊ သူ့စေ တနာ သူ့ကိုပြန်ပြီး အကျိုးပေးပါလိမ့်မယ်၊ ကဲ ...သား အပြင် သွားပြီး ဟာနေတဲ့ ဗိုက်ကို ဖြည့်လိုက်ဦးမယ်၊ ဘွား စိပ်ပုတီး စိပ်နေတာ မဟုတ်လား၊ ဆက်စိပ်လေ၊ ဒါမှမဟုတ် အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းထွက်လျှောက်ပါလား၊ အပြင်က လေကောင်းလေသန့်ရတာပေါ့''

''နေပါစေ မြေးရယ်၊ မထွက်တော့ပါဘူး၊ ဒီထဲမှာနေရတာ အကျင့်ဖြစ်နေပါပြီ၊ အခုလို လမ်းပြန်လျှောက်နိုင်တာပဲ ကျေးဇူးတင်ရဦးမယ်၊ ဒါလည်း မြေးကျေးဇူးကြောင့်ပါ၊ ဟိုဟာမသိသွားရင်မလွယ်ဘူး၊ လွတ်လမ်းမတွေ့ခင် မသိသေးတာ အကောင်းဆုံးပါပဲ၊ သွား သွား ... မြေး စားစရာရှိတာ သွားစားချည်၊ ဘွား လမ်းလျှောက်ဦးမယ်''

စိတ်မြန်လက်မြန်ဖြင့် ခုတင်ပေါ်မှဆင်းကာ ဒေါ်ထိပ်တင်ထား လမ်းလျှောက်နေတော့သည်။

ဒါကိုကြည့်၍ ဇေထွန်း ဖွဖွလေး ပြုံးလိုက်မိလေသည်။ စော်ဘွားကြီး၏သမီးတော်ဟု မပြောရ။ မြန်လိုက်သည့်စိတ်သွက်လိုက်သည့်လှုပ်ရှားမှု ငယ်ငယ်တုန်းကများဆို အတော်ကို ထက်မြက်လိုက်မည်ဖြစ်ခြင်း။

ဇေထွန်း ပခုံးတွန့်လျက် မီးဖိုဘက်ထိ ပြန်လျှောက်လာခဲ့လေသည်။

''ဟော့ ... ပြီးပြီလား၊ ကိုယ့်အတွက် စားစရာ''





တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေသော ပန်းကလေးလည်း အနောက်မှအသံကြောင့် လှည့်ကြည့်ပြီး ...

''ပြီးနေပြီလေ အစ်ကိုရဲ့၊ အရန်သင့်ပဲ၊ အစ်ကိုကလည်း ဘွားဆီသွားလိုက်တာ ကြာမှကြာပဲ၊ ဟိုကပြန်လာမှ ဟုတ်ပေ့ဖြစ်နေဦးမယ်''

''စိတ်ချ ... ဒီနေ့ ကိုယ်တို့ လွတ်လပ်စွာနေနိုင်ခွင့် အပြည့်ရှိတယ်၊ မယုံကြည်နေ သူတို့သားအမိ မိုးချုပ်မှ ပြန်ရောက်မှာ၊ ဒီကပြီးရင် အစ်ကိုပါ ဦးကူချက်ပေးမယ်၊ အခုတော့ ဗိုက်ဆာလို့ ဆွဲလိုက်ဦးမယ်''

ဟုပြောပြီး ငါးကြော်တစ်ကွင်းနှင့် ထမင်းကြော်ကို အားရပါးရ ဇေထွန်း စားနေမိတော့သည်။

''ဟယ် ... မီးပြန်လာပြီ''

''ဟန်ကျတာပဲ ... ကိုယ် မီးသွေးထွက်မဝယ်ရတော့ဘူး''

အားရဝမ်းသာနှင့် ပန်းကလေး ထအော်လိုက်တယ်ဆို ဇေထွန်း မော့ကြည့်ပြီး ထမင်းတွေ ပလုတ်ပလောင်းနှင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းစားပါ အစ်ကိုရယ် ... သီးကုန်ပါ့မယ်"

"အဟင်း ... မီးသွေးသွားဝယ်ရဦးမယ်ဆိုပြီး ကမန်းကတန်းစားနေတာ၊ အခုတော့ မီးပြန်လာပြီ အေးဆေးပဲ"

ရေမော့သောက်ရင်း ပန်းကလေးအား ဇေထွန်း အရက်ပြေ ပြန်ပြောလိုက်လေသည်။

စားလက်စကို လက်စသတ်ပြီး ရေစင်မှာ ပန်းကန်သွားဆေးပြီးသည်နှင့် ပန်းကန်စင်မှာ မှောက်ထားလျက် ...

"ကဲ ပြော ... ဘာပိုင်းကူရမလဲ"

"အာ ...ဘာမှပိုင်းကူစရာမလိုပါဘူး၊ အစ်ကိုက မီးဖိုချောင်ကိစ္စကို ဘာများနားလည်လို့လဲ၊ သွား ... ကိုယ့်ဘာသာ အခန်းပြန်ပြီး နားချည်၊ အားလုံးကျက်တော့ လာခေါ်မယ်၊ အဲဒီကျမှ အတူတူထမင်းစားကြတာပေါ့"

အနားမှာ လာရပ်ပြီး ပြောလိုက်တဲ့ ဇေထွန်းကို ပန်းကလေး ပြုံးပြုံးလေး ပြန်ပြောလိုက်လေသည်။

"ဟာ ... မသွားဘူးကွာ၊ ဟိုနေ့တွေက မလွတ်လပ်လို့ အကူအညီပေးချင်တာ မပေးရဘူး၊ ဒီနေ့ ဘယ်သူမှ မရှိတုန်း ပိုင်းကူမယ်ကွာနော်၊ ပန်းကလေး ပင်ပန်းနေတာ မကြည့်ရက်ပေ





မယ့် အခွင့်မသာခဲ့ဘူး၊ ဒီနေ့တော့ အခွင့်အရေးပေးတုန်း ကူညီပါရစေ"

တောင်းပန်လွန်းမက တောင်းပန်နေ၍ ပန်းကလေး သက်ပြင်းမွဖွချရင်း ...

"ဒါဆိုလည်း လွယ်တာလေးပဲ ပိုင်းကူ၊ အဲ့ဒီမှာ တင်ထားတဲ့ ကြက်သွန်ကို ပါးပါးလေးလှီး၊ ပြီးရင် ချဉ်ပေါင်ရွက်ပိုင်းခြွေ"

"ဟုတ်ကဲ့"

ပြုံးရွှင်စွာ ခေါင်းညိတ်ပြပြီး ကုလားထိုင်မှာပြန်ထိုင်၍ စားပွဲပေါ်မှာတင်ထားသော ကြက်သွန်နီကို အကျအန လှီးလေတော့သည်။ ပြီးသွားတော့ ချဉ်ပေါင်ရွက်ကို ခြွေကာ ဆန်ကာထဲ ထည့်လိုက်သည်။

"ပြီးပါပြီခင်ဗျ၊ ဒါတွေ ဆေးရမလား ပန်းကလေး၊ ဘာဟင်းချက်မှာလဲဟင်"

"သူတို့မရှိတုန်း ချဉ်ပေါင်ကြော်မလို့၊ ပုစွန်တုပ်ဆီပြန်တစ်ခွက်ရယ်၊ ကြက်သားဆီပြန်တစ်ခွက်ရယ်၊ ချက်မယ် စိတ်ကူးတာပဲ၊ အစ်ကို ကြိုက်တယ်မဟုတ်လား၊ အဲ့ဒါတွေ ဆေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီပေါ် လာတင်ထားလိုက်လေ''

''အင်း . . . ကြိုက်တယ်၊ ချဉ်ပေါင်ကြော်စားချင်နေတာနဲ့ အတော်ပဲ၊ တစ်နေ့တစ်နေ့ ဆီပြန်ကြီးပဲ ချက်စားနေရတာ အပြောင်းအလွဲလေးဖြစ်တာပေါ့၊ အရည်သောက် ဘာရှိလဲ ပန်းကလေး''

''ကြက်ခြေထောက်တွေကိုပြုတ်ပြီး မှိုက်ခြောက်ပန်းခြောက်တွေနဲ့ အရည်သောက်ချက်မယ်လေ၊ အစကတော့ သူများချက်ကျွေးတာ အရန်သင့်စားခဲ့ရတဲ့ဘဝကနေ အခု ကိုယ့်ဘာသာ ချက်ပြုတ်ရတော့ ကိုယ်ချက်ပြီး ကိုယ့်ဘာသာ ပြန်မစားချင်ဘူးဖြစ်နေတယ် သိလား၊ သူတို့နဲ့ကျပြန်တော့လည်း သူတို့အကြိုက် ချက်ပေးနေရတာနဲ့ ကိုယ်စားချင်တာ ကိုယ့်ဘာသာ မချက်အားတော့ဘူး၊ ပင်ပန်းနေတော့ ဖြစ်သလိုပဲ စားလိုက်တာ များတယ်၊ ဒီနေ့မှ ကိုယ့်စိတ်ကြိုက်ချက်စားမိတာ''

လက်က အဆက်မပြတ်လုပ်ရင်း မျက်နှာလေး ညှိုးနွမ်းလျက် ညည်းညူစွာ ပြောနေသော ပန်းကလေးကို ဖေထွန်း သနားကြင်နာစွာ ငေးကြည့်ရင်း . . .

''အစတည်းက ပန်းကလေး အချက်အပြုတ်တတ်နေ





တာလား''

''ဟုတ်ကဲ့၊ ဘွားက သိပ်စည်းကမ်းကြီးတာ၊ ကျောင်းအားတဲ့ရက် ကျောင်းပိတ်ရက်တွေဆို အချက်အပြုတ်၊ အချုပ်အလုပ် အိမ်မှာဆရာခေါ်ပြီး အကုန်သင်ခိုင်းတာ၊ ဟိုတယ်စာတွေကအစ ပန်းကလေး ချက်တတ်တယ်၊ ပန်းကလေးတို့ မြေးအဘွား အင်္ကျီတွေ မှန်သမျှ ကိုယ်တိုင်ချုပ်တာပေါ့၊ ညဉ့်ခန်းမှာရှိတဲ့ တီဗွီအုပ်တဲ့ဖာတွေ၊ ဆက်တီခုံအုပ်တဲ့ဖာတွေ ပန်းကလေးလက်ရာတွေချည်းပဲ၊ တခြားနေရာမှာသာ ဘွားက အလိုလိုက်တာ၊ အိမ်မှုကိစ္စ သင်တို့ကိုတော့ မငြင်းနဲ့ မရဘူး၊ မိန်းကလေးတတ်ထားရမယ့် အိမ်မှုကိစ္စမှန်သမျှ အကုန်သင်ပဲ''

ဖေထွန်း ခေါင်းတညိတ်ညိတ်နှင့် အထင်ကြီးလေးစားသောအကြည့်ဖြင့် ပန်းကလေး လှုပ်ရှားသမျှကို ငေးကြည့်နေမိတော့သည်။

ပြောစရာစကားမရှိတော့၍ ပန်းကလေးအလုပ်ကိုသာ သွက်လက်စွာ လုပ်နေသမျှ ဖေထွန်း ငေးကြည့်၍မဝနိုင်အောင် ဖြစ်နေရသည်။

ရွှေအိမ်စံထိပ်ထားလေးက အိမ်နိမ့်စံဘဝနဲ့ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကို အခုလို အလုပ်အကျွေးပြုနေရတယ်ဆိုတာ ပုံပြင်တစ်ပုဒ် မဟုတ်ကြောင်း သူ လက်တွေ့မြင်နေရသည်က သူမအစား ရင်နာလို့မဆုံး။

သူတောင် ဘေးကကြည့်ပြီးမှ မဆိုင်ဘဲ ရင်နာတယ်ဆို လျှင် ကိုယ်တိုင်ခံစားနေရသော သူမလေးရဲ့ရင်ထဲမှာ မည်သို့ ရှိမည်နည်း။

ကြင်နာတတ်သူ စာနာတတ်သူတို့ ကိုယ်ချင်းစာမိကြမှာ မလွဲ။

ဒေါ်သဇင်ထွန်းတို့လို လောဘဇောတိုက်ပြီး အကြင်နာ တရားကင်းမဲ့တဲ့သူတွေကိုတော့ ထည့်မပြောလိုပါ။ ဘယ်သူသေ သေ ငတေမာပြီးရောဆိုတဲ့ စိတ်ဓာတ်က သူတို့ရင်ထဲမှာအပြည့်။ အခုပဲကြည့် မိဘသဖွယ် စိတ်ရင်းခံဖြင့် တစ်သက်စားမကုန် အောင် အမွေတွေခွဲပေးသည့်အပြင် ရွှေဆိုင်လုပ်ငန်းကိုပါ အပြီး အပိုင် လွှဲပေးထားပါလျက် တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားညီ နောင်အား မပေးရကောင်းလားဆိုပြီး ယောက္ခမလုပ်သူကို မသေ ရုံတမယ် အကျဉ်းချထားသတဲ့။ ဘယ်လောက်ယုတ်မာလိုက်ပါသ လဲ။ အဲဒီတော့ ပန်းကလေးလို လင်ဘက်မှတော်သော တူမအား





အကြင်နာမဲ့တာ မဆန်းပါ။

ခင်ပွန်းဖြစ်သူ အစအနပျောက်နေတာကိုပင် အပြုံးမ ပျက်သည့် မိန်းမ။ သူ့ဘဝ မြင့်မားချမ်းသာမယ်ဆို ကမ္ဘာမီး လောင် သားကောင်ချနင်းဖို့ရန် ဝန်လေးပုံမရ။ ကိုယ့်ရင်မှဖြစ် သော သမီးကိုပင် ကျောင်းထွက်ခိုင်းပြီး စီးပွားရေးလောကထဲ ဆွဲသွင်းတာကိုပဲကြည့်။ ဒါတွေဟာ ဒေါ်သဇင်ထွန်း၏ဘယ်သူ့ မျက်နှာမှမကြည့်ဘဲ သူ့မျက်နှာတစ်ခုတည်းကိုသာ ကွက်ကြည့် တတ်သည့် ဂုဏ်သတ္တိများဖြစ်သည်။

ဒီလိုလူမျိုးလက်ထဲက ပန်းကလေးဘဝ ရုန်းထွက်ဖို့ရာ လွယ်မှာတဲ့လား။ ပတ်ဝန်းကျင်နှင့်အဆက်ဖြတ်ထားပြီး အကူ အညီပေးမယ့်သူမရှိအောင် လုပ်ထားကတည်းက လွတ်လမ်းက အဝေးကြီးမှာ။ ဒါပေမဲ့ စိတ်ဓာတ်ကြံ့ခိုင်သော မြေးအဘွားရဲ့ သတ္တိကတော့ ချီးကျူးစရာ။ ပန်းကလေးကလည်း ကျရာဘဝမှာ နေသားကျအောင်နေရင်း လွတ်မြောက်ရာလမ်းစကို ရှာနေမြဲ။ ဘွားဒေါ်ထိပ်ထားကရော ပေးထားတဲ့အခန်းကျဉ်းလေးထဲမှာ အားမတန်မာန်လျှော့နေရသော်လည်း ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို မွေးမြူရင်း လွတ်မြောက်မည့်အချိန်နေ့ရက်ကို စိတ်အားထက်



www.burmeseclassic.com

www.burmeseclassic.com



သန့်စွာ မျှော်လင့်စောင့်စားလျက် ရှိလေသည်။

ရတနာသုံးပါးကို ဦးထိပ်ထားပြီး မျှော်လင့်ချက်အပြည့်ဖြင့် ဇေထွန်းကို အားကိုးယုံကြည်လျက် ရှိနေကြလေတော့ စေတနာအပြည့်အဝဖြင့် သူလည်း ကူညီရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

သို့သော် အခွင့်အရေးက မပေးသေး။

အချိန်အခါက မကျသေးတာကြောင့် ဒီအတိုင်းကြည့်နေရခြင်း ဖြစ်သည်။

"အစ်ကို ... အစ်ကို ... အဲ ... ဘာတွေတွေးပြီး ပြုံးနေတာလဲ၊ ပန်းကလေးခေါ်နေတာဖြင့် ကြာလှပြီ"

"ဟင် ... ဟုတ်လား"

သူ့ရဲ့မျက်နှာရှေ့ကနေ လက်ကလေး ဆန့်ချည်ကွေးချည်လုပ်၍ ပန်းကလေးခေါ်လေမှ အတွေးက နိုးထလာပြီး မလုံမလဲနဲ့ ဟိုဒီကြည့်ပြီး ရှက်ကိုးရှက်ကန်းဖြင့် ဇေထွန်း ပြုံးလျက်။

"အဟီး ... ပြော၊ ဘာပြောမလို့လဲ ပန်းကလေး၊ ပန်းကလေးတို့အကြောင်းကို တွေးရင်း အာရုံထဲမျောပါသွားတာလေ၊ ပြော ... ဘာပြောမလို့လဲ"





"ပန်းကလေးတို့အကြောင်း"

သူမရင်ဘတ်လေးကိုပုတ်ပြီး တအံ့တသြနဲ့ ပန်းကလေး မေးလိုက်မိသည်။

မျက်လုံးလေး ကလယ်ကလယ်နဲ့ သူ့အားကြည့်ကာ မေးနေသော ကောင်မလေးကို ဇေထွန်း အားရရွှင်ပျစွာဖြင့် အင်းဟု ပြောလိုက်လျှင် ပန်းကလေး ပို၍အံ့သြသွားရပြီး ...

"ဘာအကြောင်းလဲ အစ်ကို"

"ဪ ... အရင်က ပန်းကလေးဘဝနဲ့ အခု ပန်းကလေးဘဝကို နှိုင်းယှဉ်ကြည့်နေရတာပါ"

"ဒါများ အကြောင်းလုပ်ပြီး တွေးနေရလား အစ်ကိုရယ်၊ ပြီးခဲ့တဲ့ဘဝကို ထားလိုက်ပါ၊ အခုလက်ရှိဘဝမှာ အသက်ရှင်လျက်နဲ့ ဘယ်လိုရပ်တည်ရမလဲဆိုတာပဲ စဉ်းစားပါဦး၊ အရင်ဘဝကို ပြန်ရပါစေလို့လည်း ပန်းကလေး မမျှော်လင့်ဘူး၊ အဟွန်း ... ရမယ်ဆိုရင်တော့ ပြန်လိုချင်တာပေါ့နော်၊ ဒါပေမဲ့ အခြေအနေက မျှော်လင့်ချက်မဲ့နေပြီလေ၊ ဒါကြောင့် သူတို့လက်ချက်နဲ့ ဘွားရော ပန်းကလေးပါ အသက်မသေသေးသရွေ့ နေတတ်နေဖို့ပဲ စဉ်းစားတော့တယ် အစ်ကို၊ နောက်ဆုံး ... ကိုယ့်အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အပြင်မထွက်ရတာကလွဲလို့ နေချင်သလိုနေ, သွားချင်တဲ့နေရာ သွားနေရတာနဲ့တင် ပန်းကလေး ဖြေသိမ့်လိုက်ပါတယ်''

''ဩော် ... ပန်းကလေးရယ်''

လှုပင်ငယ်သော်ငြား အသိတရားရှိသော သူမ၏စိတ်ဓာတ်ကို ဇေထွန်း လေးစားသထက် လေးစားလာရပြီး အမှတ်မထင် လက်ကလေးကို လှမ်းကိုင်လိုက်မိပြီး ...

''အစ်ကိုတစ်ယောက်လုံး ရှိပါသေးတယ်ကွာ''

''အို ... ဟာ ... အစ်ကို''

အလန့်တကြားနှင့် ပန်းကလေး လက်ကို အတင်းရုန်းလိုက်မှ ဇေထွန်း ကမန်းကတန်း လက်ကိုလွှတ်ပေးလိုက်ပြီး...

''ဟာ ... ဆောရီး၊ ဆောရီး၊ ပန်းကလေး ... အစ်ကို အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ အမှတ်တမဲ့ ဖြစ်သွားလို့ပါ''

ပျာပျာသလဲ တောင်းပန်နေသော ဇေထွန်းအဖြစ်ကို ပန်းကလေး အပြုံးလေး မဝင့်တဝင့်နှင့် ကြည့်၍ ...

''ဒီက ဘာပြောနေလို့လဲ အစ်ကိုရဲ့၊ တကယ်ရော ဒီက အဖြစ်ခံမှာတဲ့လား၊ အစ်ကို့ကို ယုံကြည်အားကိုးနေလို့သာ





ဒီနေ့ ဒီအချိန်မှာ ဒီလိုလက်သင့်ခံစကားပြောနေမိတာပေါ့၊ ဟွန်း ... ဘယ်လိုအစ်ကိုလည်း မသိဘူး၊ အစ်ကိုဟာ ပန်းကလေးတို့မြေးအဘွားကို ကာကွယ်စောင့်ရှောက်ဖို့ မြတ်စွာဘုရားက ဖန်ဆင်းပေးလိုက်တာလို့ ဘွားက အမြဲပြောနေတာသိရဲ့လား၊ ပန်းကလေးကလည်း အစ်ကို့ရဲ့စိတ်ဓာတ်ကို လေးစားမိသလို အားလည်း ကိုးမိပါတယ်ရှင်''

ပြောပြီး ခေါင်းလေးငုံ့ကာ ရှက်သွေးဖြာလျက် အသံလေး တိုးတိတ်သွားသည်ကို ဇေထွန်း မချင့်မရဲကြည့်၍ ကြည်နူးစွာ ပြုံးပြီး ...

''ဝမ်းသာလိုက်တာ ပန်းကလေးရယ်၊ စိတ်ချပါကွာ၊ မင်းကလေးတို့မြေးအဘွား အစ်ကို အသက်ရှင်နေသ၍ မှည့်တစ်ပေါက်မစွန်းစေရဘူး၊ မင်းတို့အရှေ့မှာ အစ်ကို အမြဲရှိနေမယ်၊ အမြဲရပ်တည်ပေးနေမယ် ... ကြားလား''

အားတက်သရော ပြောနေသော ဇေထွန်း၏မျက်နှာချောချောကို အပြုံးလေး ကြည်လင်စွာဖြင့် ပန်းကလေး ပြုံးလျက် မနှိုတရှို့လေး ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအမူအရာလေးကို ဇေထွန်း အပြုံးချိုချိုတို့ဖြင့် ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး စိတ်ကို မနည်းထိန်းချုပ်ရင်း ...

"ဟင်းတွေ ကျက်ပြီမဟုတ်လား၊ ထမင်းစားကြရအောင်၊ နေဦး ... ဘွားကိုပါ ခေါ်ထုတ်ခဲ့မယ်၊ ပန်းကလေးပြင်နှင့်၊ ဘွားကို ခေါ်ခဲ့ပြီး ကိုယ်လာဝိုင်းလုပ်ပေးမယ်"

စိတ်ကို အမြန်ထိန်းချုပ်ပြီး ဘွားအခန်းရှိရာသို့ ဖေထွန်းလှည့်ထွက်ခဲ့ရလေသည်။ ဒီလိုမှ အမြန်လှည့်မထွက်ခဲ့ပါက ရင်ထဲမှာ ပွင့်လန်းလာသည့် ပန်းကလေးတစ်ပွင့်ကို ရင်ခွင်မှာ ထွေးပွေ့ထားမိတော့မှာ မုချပင်။ ရမ္မက်ဆန္ဒအရ ထွေးပွေ့လိုတာ မဟုတ်ခြင်းကိုဖြင့် မိမိဘာသာ အသိဆုံး။ ကြင်နာစွာထွေးပွေ့လိုခြင်းပါ။ ဒီဆန္ဒကို ချိုးနှိမ်ပြီး အချိန်မှီပြေးထွက်ခဲ့ရတာကို ချစ်သောပန်းကလေး နားလည်ပါ့မလား။

ဘွားကိုခေါ်ထုတ်လာပြီး ပန်းကလေးနှင့်အတူ ဝိုင်းကူလုပ်ပေးရင်း ထမင်းအတူစားခဲ့ရသော ထိုနေ့အား ဖေထွန်းရင်ထဲမှ ဒိုင်ယာရီလေးတွင် အမြတ်တနိုးစွဲမှတ်ထားလိုက်မိလေသည်။

စားသောက်ပြီး ဘွားကို အခန်းထဲ ပြန်ပို့ခဲ့ပြီး ပန်းကလေးနဲ့အတူ ပန်းကန်တွေ ဝိုင်းဆေး ဝိုင်းသိမ်းပေး၍ အားလုံးပြီးစီးသည်နှင့် ကိုယ့်အတွက် ပေးထားသည့်နေရာလေးကိုပြန်





ရန် ပန်းကလေးကို နှုတ်ဆက်လိုက်သည်။

"အစ်ကိုသွားတော့မယ်နော် ပန်းကလေး၊ ဒီနေ့လေးကို အစ်ကို့ဘဝအတွက် အမှတ်တရနေ့လေးအဖြစ် မှတ်ထားပါရစေ"

အတန်ကြာအောင် တစ်ယောက်ကိုတစ်ယောက် စူးနစ်စွာ စိုက်ကြည့်နေကြပြီး ဖေထွန်း ပြောလိုတာကို ပြောကာလှည့်ထွက်ခဲ့လေတော့သည်။

ပန်းကလေးမှာ ဖေထွန်း ကျောပြင်ကို ငေးကြည့်၍ ..

"အစ်ကို မတရားဘူးကွာ၊ အစ်ကိုသာ ပြောချင်တာကို ပြောပြီး ပန်းကလေးပြောတာကိုတော့ နားထောင်မသွားဘူး၊ ပန်းကလေးလည်း ဒီနေ့လေးကို အမြဲအမှတ်ရနေမှာပါ၊ နောက်ပြီး ပန်းကလေးရင်ထဲက စကားတစ်ခွန်းကို ပြောခွင့်ကြုံမှ ပြောရဦးမယ်သိလား၊ အဟင်း ... အဲဒါက အမှောင်ကျနေတဲ့ ပန်းကလေးရဲ့ဘဝကို အလင်းရောင်တွေ ယူဆောင်လာတဲ့ အစ်ကို့ကိုလေ ပန်းကလေး တင်စားလိုက်ချင်တာက 'ရွှေအိုရောင်နေ့များရဲ့အရှင် မေ့သခင်လို့'။ အဟီး ... ပန်းကလေး သိပ်ပြီးစိတ်ကူးယဉ်ဝံ့သွားပြီလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး သူမဘာသာသူမ ရင်ထဲက တီးတိုးပြော ပြီး တစ်ယောက်တည်း ရှက်ရှက်နှင့် ဖက်ကလေးပွသွားရသည့် အဖြစ်။

ဘာပဲပြောပြော ဒီနေ့လေးကတော့ နှစ်ယောက်သား အတွက် ဘဝတစ်သက်စာအမှတ်ရစရာ နေ့လေးအဖြစ် နှစ် ယောက်စလုံး၏ရင်ထဲမှာ သိမ်းဆည်းသို ဝှက်ထားလိုက်မိကြတာ ကဖြင့် ပြောစရာမလိုတော့ပါ။

ထိုနေ့မှစ၍ ပန်းကလေး အိပ်စက်အနားယူသည့်တိုင် အတွေးတိုင်းမှာရောက်လာသူက သူမ စိတ်ကူးထဲက ရွှေအိုရောင် နေ့များရဲ့အရှင်· သူမရဲ့သခင် ဖေထွန်းဖြစ်လာခဲ့သလို ဖေထွန်း မှာလည်း အိပ်မပျော်လေတိုင်း ဂီတာခေါက် သီချင်းဆိုလေသမျှ သူ့ရင်ထဲက ချစ်ပန်းလေးတစ်ပွင့်ကို ရည်ညွှန်းသည့်သီချင်းများ သာ ဖြစ်နေခဲ့ရလေသည်။

❋ ❋ ❋



## အခန်း (၉)

"အန်တီ ... ဒီနေ့ ကျွန်တော် အပြင်ခဏထွက်ချင် လို့ ဖြစ်မလားခင်ဗျာ"

"ဟင် ... ဘယ်လိုလဲ မောင်ဖေထွန်း"

ညှို့ခန်းထဲ ဝင်လာပြီး ဖေထွန်းကို ရိုကျိုးစွာ ပြောလိုက် သည်ကို ဒေါ်သဇင်ထွန်း စာတစ်စောင်ကို ဖတ်နေရာမှ ငဲ့မော့ ကြည့်ပြီး မေးလိုက်လေသည်။

"ဟို ... ကျွန်တော့်သူငယ်ချင်းတစ်ယောက် ဆေးရုံ တင်ရလို့တဲ့ သတင်းသွားမေးချင်လို့ပါခင်ဗျ"

"မနေ့က မင်းအိမ်ကို အစောကြီး ပြန်ခဲ့တာမဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မသွားဘဲ တစ်နေ့လုံး ဘာလုပ်နေလဲ''

မသက်သာသည့်မျက်လုံးနှင့် ဇေထွန်းကိုကြည့်ကာ ဒေါ်သဇင်ထွန်းမေးပြီး အဖြေကိုလည်း နားစွင့်နေလေသည်။

''မနေ့က တစ်ညလုံးမနားဘဲ ကားကိုမောင်းခဲ့ရတာ ပင်ပန်းလို့ တစ်နေ့လုံး အိပ်နေမိတာ မသွားဖြစ်လိုက်ဘူး အန်တီ၊ ကြားတာတော့ မနေ့တည်းက ကြားတာပါ၊ မသွားနိုင်တော့လို့ မသွားခဲ့ရဘူး၊ အခုလည်း အန်တီ ခွင့်မပြုရင် မသွားပါဘူး အန်တီ''

ပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်သော ဇေထွန်းကို အကဲခတ်လို့အားရသည်နှင့် ဒေါ်သဇင်ထွန်း လှမ်းတားလိုက်လေသည်။

''ဒါဆိုလည်း သွားလေ၊ သိပ်တော့ မကြာစေနဲ့ကွယ်၊ မင်းကို အန်တီ ခိုင်းစရာရှိသေးတယ်''

''ဟုတ်ကဲ့''

ဆိုပြီး ထွက်သွားတဲ့ ခြေလှမ်းများက သွက်လက်နေပြီး နောက်ကို တစ်ချက်မျှပင် လှည့်မကြည့်တော့။

ထိုင်နေရာမှ ဒေါ်သဇင်ထွန်း အိမ်တံခါးဝထိ ထွက်လာ





ပြီး ဇေထွန်း ထွက်သွားတာကို လိုက်ကြည့်နေမိသည်။ ကားယူမသွားဘဲ ထွက်သွားပုံထောက် လိုင်းကားနဲ့ သွားမည့်ပုံပဲ။ ကားကို ဘာလို့ယူမသွားတာပါလိမ့်။ သူ့ကိစ္စနဲ့သူ သွားတာမို့ အားနာပြီး ယူမသွားတာလား။ မင်း ...ငါကလည်း ကားယူသွားလေလို့ မပြောလိုက်မိဘူး။

အတွေးတွေ အများကြီး တွေးနေရာမှ ဒေါ်သဇင်ထွန်း လက်ထဲကစာကို သတိရပြီး ပြန်၍ဆက်ဖတ်နေလိုက်သည်။

စာထဲပါ အကြောင်းအရာများကို အခေါက်ခေါက် အခါခါဖတ်၍ တစ်ချက်စဉ်းစားသလိုလုပ်ပြီး စားပွဲပေါ်က ဟန်းဖုန်းရှိရာ ပြန်လျှောက်လာခဲ့လေသည်။

ဖုန်းကိုကောက်ကိုင်၍ တစ်ဖက်သို့ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်ကို အကြောင်းအရာအပြည့်အစုံ ပြောပြရင်း ဒေါ်သဇင်ထွန်း နှုတ်ခမ်းများက ပြုံးယောင်သမ်းသွားရသည်။

အပြုံးများနှင့်အတူ လေ့ကားက ဆင်းလာသော သမီးဖြစ်သူကို အနားသို့လာရန် လက်ယပ်လှမ်းခေါ်လိုက်သည်။

အနားသို့ရောက်သည်နှင့် သမီးကို တိုးတိုးလေးကပ်ပြောလိုက်ပြီး မေးဆတ်ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ၏နိုင်းစေချက်ဖြင့် သီရိဆွေအိမ်အပြင်သို့ ခပ်သွက်သွက်ထွက်သွားလိုက်သည်။

ဆေးရုံဝင်းထဲက ထွက်လာသည့် ဇေထွန်းမှာ ဟိုဟိုဒီဒီ ကြည့်ရင်း ဘယ်သွားရကောင်းမလဲဟု စဉ်းစားလိုက်မိသည်။ သိပ်မကြာစေနဲ့နော်။ မင်းကို အန်တီနိုင်းစရာရှိလို့ဆိုသည့် အသံကို ပြန်ကြားမိပြီး မှတ်တိုင်သို့သွားရန် လမ်းဖြတ်ကူးစဉ် အနောက်မှ ဝင်တိုက်လိုက်သော လူတစ်ယောက်ကြောင့် ပစ်လဲ မသွားအောင် မနည်းသတိထားလိုက်ရလေသည်။

ဒေါသနှင့် ဇေထွန်း လှည့်ကြည့်သော်လည်း ထိုလူက သူ့အား လှည့်ကြည့်ဖော်တောင်မရ။ လမ်းဖြတ်ကူးပြီး သရက်တောကျောင်းတိုက်ဖက်သို့ ကွေ့ဝင်သွားလေသည်။

ထိုသူ၏နောက်ကျောကိုကြည့်ပြီး ဇေထွန်း မျက်မှောင်ကုတ်သွားရသည်။ ဒီလူ . . . ကိုမျိုး။ ဟင် . . . ဒီလူဘာသဘော လဲဆိုပြီး အနောက်ကနေ အပြေးလိုက်သွားသော်လည်း မမှီတော့ချေ။ ဇေထွန်း ခံပြင်းစိတ်ဖြင့် တောက်တစ်ချက် ခေါက်လိုက်မိသည်။

ရှေ့သို့ဆက်မသွားသေးဘဲ နေရာမှာတင် ရပ်ကာ





ဇေထွန်း စဉ်းစားနေမိ၏။ သူ့နောက်ကနေ ဆေးရုံထဲက ထွက်လာတာ ဘာလုပ်တာလဲ။ ငါ့ကို လိုက်ချောင်းတာလား။ ကံသိကအောင့်စိတ်ဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်ခြံထဲသို့ ဝင်လာပြီး နိုင်းစရာရှိတယ်လို့ ပြောထားသော်လည်း အိမ်ကြီးဆီသို့ သွားချင်စိတ်မရှိတာကြောင့် ထပ်နိုးဆီ အရင်လျှောက်လာခဲ့လိုက်သည်။

လေးတွဲ့သောခြေလှမ်းများဖြင့် လှေကားမှတက်ခဲ့ပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်လေ့သည်။

ဇေထွန်း မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားရသည်ထိ အံ့သြတုန်လှုပ်သွားရပြီး ဒေါသနှင့်တူ ဖရိုဖရဲဖြစ်နေသော အခန်းထဲက ပစ္စည်းများ လိုက်ကြည့်နေမိသည်။

သူ့ပစ္စည်းတွေက များများစားစားမရှိ။ ရှိတဲ့ပစ္စည်းလေးတောင်မှ အလွတ်မပေး။ ဖွရှုပြီး ရှာထားလိုက်သေးသည်။

ဒီ ဘယ်သူ့လက်ချက်လဲ။ ဒေါသကြောင့် လှေကားမှ ပြန်ဆင်းခဲ့ပြီး အိမ်ကြီးရှိရာသို့ ခြေလှမ်းကျဲဖြင့် လျှောက်လာခဲ့လေသည်။

အသင့်ဖွင့်ထားသော တံခါးမှ အထဲသို့ အရင်စလို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ပြီး အပေါ်ထပ်သို့ တောက်လျှောက်ပြေးတက်သွားကာ . .

"ဒါ ဘာသဘောလဲ အန်တီ၊ ကျွန်တော့်မှာ ဘာ မသက်ာစရာရှိလို့ ရှာဖွေမှုတွေလုပ်ထားရတာလဲ"

လှေကားထိပ်မှာ အရန်သင့်တွေ့သော ဒေါ်သဇင်ထွန်း အား ဒေါသအလျောက် အသံမာမာနှင့် မေးလိုက်မိလေသည်။

ဒေါသကြောင့် မျက်နှာတစ်ပြင်လုံး နီမြန်းနေရပြီး ခက် ထန်မာကျောသော မျက်နှာထား လေသံတို့ကြောင့် ဇေထွန်းကို ကြည့်ကာ ဒေါ်သဇင်ထွန်း ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေပြီး . .

"ဘာဖြစ်လာတာလဲ မောင်ဇေထွန်း"

လို့ ကြောင်ငေးငေးနှင့် ပြန်မေးလိုက်လေသည်။ ထိုအပြု အမူကြောင့် ဇေထွန်း အံကိုကြိတ်၍ . . .

"ဘာဖြစ်ရမှာလဲ အန်တီ၊ ကျွန်တော့်အခန်းကျဉ်းလေး ထဲမှာ ဘာမှမရှိတဲ့ပစ္စည်းတွေကို မွှေနှောက်ရှာဖွေထားတာ ဘာ သဘောလဲလို့ မေးနေတာပါ"

ထပ်ဆင့်ကြားလိုက်ရသောစကားက ဒေါ်သဇင်ထွန်းကို အံ့ဩထိတ်လန့်သွားစေပြီး ပြူးတူးပျာတာနှင့်။

"ဘယ် . . . ဘယ်လို မင်းအခန်းထဲ မွှေနှောက်ထား





တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဆိုမှဗျာ"

ဇေထွန်း ခေါင်းကဆံပင်တွေကို လက်ငါးချောင်းနဲ့ ထိုး သွင်းလိုက်ပြီး ခပ်ဆတ်ဆတ် ပြန်ပြောရင်း မျက်နှာလွှဲထားလိုက် သည်။

ဆူဆူညံညံအသံတွေကြောင့် သီရိဆွေအနားကို ရောက် လာကာ . . .

"ဘာဖြစ်ကြတာလဲ . မေမေ"

"မောင်ဇေထွန်းအခန်းထဲမှာ မွှေနှောက်ရှာဖွေထားလို့ တဲ့"

"ဟင် . . . ကဲပါ ကိုဇေထွန်းရယ် ညှိခန်းသွားရအောင် ပါ၊ သေသေချာချာ ထိုင်ပြောကြတာပေါ့"

သီရိဆွေရဲ့ ဖျန်ဖြေမှုဖြင့် ညှိခန်းသို့ အားလုံးဆင်းလာ ခဲ့ကြလေသည်။

"ထိုင်ပါဦး ကိုဇေထွန်း"

ဇေထွန်း ဝုန်းခနဲထိုင်ချလိုက်ပြီး သူတို့သားအမိအား ရှုတည်တည်နှင့် ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေထွန်းက အဲဒီကိစ္စ ကျွန်မတို့လုပ်တာလို့ ထင်နေတာလား"

"ခင်ဗျားတို့ကို မထင်လို့ ကျွန်တော်က ဘယ်သူ့သွားထင်ရမလဲ၊ ကျွန်တော် အပြင်သွားတော့ အိမ်မှာ ကျန်ခဲ့တာ ခင်ဗျားတို့ပဲ ရှိတာလေ၊ ဒီအိမ်ခြံထဲကို သူစိမ်းအဝင်မခံတဲ့ ခင်ဗျားတို့စိတ်ထားကို ခင်ဗျားတို့သာ အသိဆုံးပါ"

အသေအချာ အတိအကျစွပ်စွဲချက်တင်နေသော ဇေထွန်းကို သီရိဆွေ မျက်နှာကို တည်တင်းလျက် စိုက်ကြည့်လိုက်ပြီး–

"ကျွန်မတို့ကို ရှင် တစ်ဖက်သတ် စွပ်စွဲချက်တင်နေရအောင် ရှင် မြင်သလား၊ ဟိုဟာမ မိညွှန့်မွှေးရော မဖြစ်နိုင်ဘူးလား၊ ရှင့်အခန်းကို မွှေနှောက်ဖို့ ကျွန်မတို့မှာ ရှင်ထင်သလို အချိန်အားမနေဘူး သိရဲ့လား၊ ကိုယ့်အလုပ်နဲ့ကိုယ် အမြဲခေါင်းစားနေရတာ၊ ရှင်ကရော ဘာတွေရှုပ်ထားလို့ ဒီလောက်ဒေါသထွက်နေရတာလဲ၊ ရှင် တကယ်မှုမှန်ရင် ဘာမှဒေါသထွက်စရာမလိုဘူး"

"ဘာပြောတယ်၊ လူကို မသက်ာတဲ့ပုံစံနဲ့ ရှာထားဖွေထားတာကို ကျုပ်က သဘောထားကြီးကြီး ငြိမ်ခံနေရမှာလား၊





ကိုယ်က မှုမှန်လို့ အခံရခက်တာ၊ မှုမမှန်တဲ့သူတွေကသာ ဟိုလူမယုံသလိုလို ဒီလူမယုံသလိုလို ဖြစ်နေကြတာ မဟုတ်လား"

"ဘာ ... ဘာပြောတယ်၊ ပြန်ပြောစမ်း ... ရှင် ပြန်ပြောလိုက်စမ်း"

"ဟဲ့ ... ဟဲ့ ... ဩော် ... သမီး လက်မပါနဲ့လေ"

တစ်ယောက်တစ်ခွန်း အချီအချပြောနေရာမှ သီရိဆွေတစ်ယောက် အရှိက်ကိုထိသွားပြီး ထိုင်ရာမှ ဆတ်ခနဲထကာ ဇေထွန်းကို ရွယ်တဲ့ထိ ဖြစ်သွားရလေသည်။

အခြေအနေကို ဒေါ်သဇင်ထွန်း ဝင်ထိန်းပြီး သမီးဖြစ်သူကို အတင်းဆွဲဖက်ထားလိုက်ရ၏။ လက်လွန်လို့မဖြစ်။

"မောင်ဇေထွန်းလည်း ပြန်တော့၊ မင်းပစ္စည်း ဘာပျောက်လဲ သွားပြန်စစ်ချည်၊ အန်တီတို့မှာ ဒီမနက် လူရောစိတ်ရော သားအမိနှစ်ယောက်လုံး ဘယ်သူမှ မအားကြဘူး၊ ရွှေဆိုင်းတွေ ထပ်မှာလို့ သွားယူဖို့ကိစ္စ စီစဉ်နေကြတာ၊ မင်းပြန်လာတာကိုပဲ မျှော်နေကြတာလေ၊ မင်းလာတာနဲ့ ခရီးထွက်နိုင်းတော့မလို့၊ မိညွှန့်မွှေးကို အန်တီ မေးကြည့်ပါဦးမယ်"

"မမေးပါနဲ့ အန်တီ၊ သူ မဟုတ်နိုင်ပါဘူး၊ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



အန်တီတို့လိုပဲ အလုပ်နဲ့လက် ပြတ်တာမှ မဟုတ်ပဲ၊ ကျွန်တော့် ဆီမှာ ပျောက်စရာပစ္စည်းလည်း ဘာမှမရှိလို့ ဘာမှပျောက်မှာ လည်း မဟုတ်ပါဘူး။ ကန်တော့်ကို စော်ကားလို့ အခံရခက်ပြီး လာမေးကြည့်တာပါ၊ ကျွန်တော် ပြောခဲ့သလိုပဲ လူဝင်လူထွက် မရှိတဲ့အိမ်မှာ အန်တီတို့ကလွဲပြီး ကျွန်တော် ထင်စရာလူမရှိ ဘူးလေ၊ မဟုတ်ဘူးဆိုရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ သွားလိုက်ပါဦးမယ်''

''အေး အေး ... ခရီးသွားဖို့ ပြင်ထားပါ မောင်ဇေထွန်း။ ဒီတစ်ခါ နှစ်ညအိပ်လောက်သွားရမယ်''

ပြောပြီးတာနဲ့ ဇေထွန်း ထထွက်ခဲ့ကာ နောက်က ဒေါ်သဖင်ထွန်း လှမ်းပြောတဲ့စကားကိုတောင် ဘာမှပြန်ပြီး မပြော ခဲ့တော့။ ကိုယ့်အခန်းရှိရာကိုသာ အရောက်ပြန်ခဲ့မိသည်။

အခန်းထဲရောက်တော့ ကြမ်းပေါ်က မွစာကြဲနေသော အဝတ်အစားနှင့် ပစ္စည်းအချို့ကို ကျော်လွှားပြီး ခုတင်ပေါ်မှာ မှုန်တေတေနှင့် ထိုင်နေမိသည်။

မျက်လုံးထဲက ခုထိ မထွက်သေးသော ဆေးရုံဝင်ပေါက် မှာ သူ့အား ဝင်တိုက်သွားသည့် ကိုမျိုးဆိုသူအား လှမ်း၍





ကျိန်ဆဲနေမိလေသည်။ နောက်ပြီး ရုပ်က မလှရတဲ့ကြားထဲ အံကြိတ်ပြီး မျက်စောင်းတခဲခဲနှင့် သူ့အား ရိုက်ရန်ရွယ်နေသော သီရိဆွေကိုပါ မျက်လုံးထဲ ပြန်မြင်ယောင်ကာ အခဲမကျေနိုင်။

ဒီကိစ္စ အဖြေမတွေ့မချင်း ဇေထွန်း ဘာအလုပ်မှလုပ်လို့ ရမှာမဟုတ်။

သူတို့က မဟုတ်ဘူး ငြင်းတယ်။ ပန်းကလေးကိုတော့ မေးဦးမတဲ့။ ထိုအကြောင်းကို ပြန်တွေးပြီး ဇေထွန်း နှုတ်ခမ်းက အလိုလိုမဲ့သွားရ၏။

ဒေါသနဲ့ အခန်းထဲကို လှည့်ပတ်ကြည့်နေလိုက်သည်။ ဘာသဲလွန်စမှ မရတော့ ခေါင်းရင်းက တန်းပေါ်မှာ တင်ထား သော လက်ပတ်နာရီကိုယူကာ သံပတ်ပေးလိုက်ပြီး လက်မှာပတ် လိုက်ရင်း အပြင်သွားရန် စိတ်ကူးလိုက်သည်။

ထိုစဉ် လှေကားမှ ခြေသံကြောင့် အသင့်အနေအထား ဖြင့် လှေကားဆီကို အာရုံစူးစိုက်လိုက်သည်။ ကြည့်နေဆဲ ထပ်နိုး ပေါ်ကို ဒေါ်သဖင်ထွန်း ရောက်လာသည်။ အခန်းထဲကို တန်းဝင် လာပြီး ဟိုဒီလှည့်ပတ်ကြည့်၍ ...

''မင်းက အခန်းတံခါး သော့မခတ်သွားဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခပ်စူးစူးကြည့်ကာ မေးလာတော့ ဘုကြည့်ပြ ကြည့်လိုက်ပြီး . . .

"ဘာပစ္စည်းမှ မရှိတဲ့အခန်းကို ဘာကိစ္စ သော့ခတ်ရ မှာလဲ အန်တီ၊ နောက်ပြီး ကျွန်တော့်မှာက ဘာနောက်ဆံတင်၊ စရာအကြောင်းမှ မရှိတော့ ဒီအတိုင်း ထားခဲ့တာပေါ့"

လို့ ဘုပဲ ပြောပစ်လိုက်သည်။ ဟုတ်တယ် သူတို့ကပဲ ကိုယ့်ကို တပြန်ကြီး စစ်လားဆေးလားနဲ့ ဇေထွန်းမျက်နှာ လွှဲ လျက်က ပြန်ကိုလှည့်မကြည့်။

"ကဲပါ . . . စိတ်ကိုလျှော့လိုက်ပါ မောင်ဇေထွန်း။ မင်း ကိစ္စကို အန်တီ အဖြေမှန်ပေါ်အောင် စုံစမ်းပေးပါ့မယ်၊ ခရီးသွား ဖို့ပြင်ပါ၊ နှစ်ညအိပ်ခရီးမို့ မင်းယူစရာရှိတာ ယူသွားဦး၊ သမီးပါ လိုက်လိမ့်မယ်၊ သွားရမယ့်လမ်းကြောင်းကို သမီး ညွှန်ပါလိမ့် မယ်၊ မင်းမသိမှာစိုးလို့ သမီးကို ထည့်လိုက်တာ၊ အန်တီပြော နေတာ လှည့်နားထောင်ပါဦးကွဲ့"

လုံးဝ မျက်နှာလှည့်မလာသော သူ့အား ဒေါ်သဇင်ထွန်း သကာဆမ်းတဲ့လေသံနဲ့ ချော့မော့ပြောဆိုနေလေတော့ ဇော်ထွန်း မနေသာ။ အားနာ၍ လှည့်ကြည့်လိုက်ရသည်။





"ကျွန်တော် တစ်ယောက်တည်း သွားလို့မရဘူးလား အန်တီ"

သိဂီရွှေနှင့်အတူ ခရီးမသွားလို၍ သူ့ဆန္ဒကို တင်ပြ လိုက်ခြင်း ဖြစ်သည်။

"မရလို့ပေါ့ မောင်ဇေထွန်းရယ်၊ ရတဲ့အခေါက်တုန်းက မင်းကို တစ်ယောက်တည်း လွှတ်သားပဲ၊ အခု ပစ္စည်းက နည်း နည်းများတယ်၊ ပစ္စည်းပို့ပေးပြီးတာနဲ့ ပိုက်ဆံ တစ်ခါတည်း ရှင်းခဲ့ရမှာလေ၊ အဲဒါကြောင့်ပါ"

နုတ်သံနှောနေသောလေသံကို ဆက်နားမထောင်ချင် တော့တာကြောင့် သူတို့သဘောအတိုင်း ဇေထွန်း လက်ခံလိုက် သည်။

ဒေါ်သဇင်ထွန်း အောက်သို့ဆင်းသွားသည်နှင့် ကျော ပိုးအိတ်ကို ခုတင်ခြေရင်းမှ ပြန်ကောက်၍ ကြမ်းပေါ်မှာ ဟိုတစ် ထည် ဒီတစ်ထည်ဖြစ်နေသော အကျႌနှင့် ဘောင်းဘီတို့အား လုံးထွေးစုပြုံပြီး ကျောပိုးအိတ်ထဲသို့ ထည့်လိုက်သည်။

လက်မှာပတ်ထားသော သူ့ အင်မတန်မြတ်နိုးသည့် အဘိုး၏အမွေ။ ယခုခေတ်မှာ ရှာ၍မတွေ့နိုင်တော့သော သံပတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရသည့် နာရီလေးကို အချိန်တိကျရန် တိုင်ကပ်နာရီကိုကြည့်ကာ တိုက်လိုက်သည်။ အားလုံးပြီးသွားတော့ ပန်းကလေးကို နှုတ်ဆက်ဖို့ သတိရမိသည်။ ဘယ်လိုနှုတ်ဆက်ရမလဲလို့ အကြံထုတ်နေဆဲ။

"အစ်ကို"

"ဟာ ... ပန်းကလေး ထမင်းချိုင့်လား"

"အင်း"

ဘွားခနဲ အခန်းဝမှာ ပေါ်လာတဲ့ တမ်းတရတဲ့ မျက်နှာလေးနဲ့အတူ ရင်ကိုအေးမြစေတဲ့ အသံလေးကြောင့် ဇေထွန်း အားရဝမ်းသာဖြစ်သွားပြီး ဟန်ပင်မဆောင်နိုင်ဘဲ ပန်းကလေးနားသို့ တိုးကပ်သွားကာ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ မျက်နှာလေးကို ရွှန်းလဲ့စွာကြည့်၍ ...

"အစ်ကို ... ခရီးနှစ်ညထွက်ရမယ်၊ သတိဝီရိယနဲ့ နေနော်၊ စိတ်ချမယ် သိလား"

"ဟင် ... ဟုတ်လား၊ အင်းလေ ... မဖြစ်မနေသွားရမယ့်ခရီးပဲ၊ စိတ်ချပြီးသွားပါ အစ်ကို၊ ပန်းကလေး သတိဝီရိယနဲ့ နေပါ့မယ်၊ ဒါနဲ့ အစ်ကို ... ခုနက ဘာဖြစ်တာလဲ"





ဇေထွန်းလက်ထဲက သူ့မလက်လေးကို မသိမသာ ပြန်ရုပ်ယူရင်း ပန်းကလေး မေးလိုက်သည်။

ဖြစ်သမျှကို ဇေထွန်း ပြောလိုက်တော့ ပန်းကလေး အံ့သြသွားရပြီး ...

"ဟုတ်ရဲ့လား အစ်ကိုရဲ့၊ အစ်ကို ထွက်သွားပြီး မကြာဘူး သီရိလည်း ကားနဲ့ အပြင်ကို ထွက်သွားတာပဲ၊ အန်တီလည်း ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတာ၊ အစ်ကိုနဲ့ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပဲ ပြန်ရောက်တာပဲ"

ပန်းကလေးကိုယ်တိုင်က ပြောနေခြင်းကြောင့် ဇေထွန်း အူကြောင်ကြား ဖြစ်သွားရသည်။

ဒါဆို တရားခံပျောက်နေပြီပေါ့။

အေးလေ ထားလိုက်ပါတော့။ တစ်နေ့မဟုတ် တစ်နေ့ အဖြေပေါ်လာမှာပါ။ ဇေထွန်း သက်ပြင်းကျိတ်ချရင်း ...

"ဒါတွေ ထားလိုက်ပါတော့၊ ပန်းကလေးသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ၊ ဘွားကိုလည်း ဂရုစိုက်ဦး သတိအမြဲထားပါ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ အားလုံး အစ်ကိုမှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြစ်စေရပ့ါမယ်၊ အစ်ကိုလည်း သတိရှိပါစေ''

တစ်ယောက်ကိုတစ်ယောက် စိတ်မချနိုင်စွာ မှာတမ်းချွေလို့ မဆုံးနိုင်အောင် ရှိနေကြရသည်။

မှာတမ်းချွေလို့မှ မဝကြသေး တစ်ယောက်ကိုတစ်ယောက် အကြည့်ခြင်းဆုံလို့မှ အားမရကြသေးခင် အဆက်မပြတ် ကြားလိုက်ရသော ကားဟွန်းသံကြောင့် ပန်းကလေးက အရင်သတိဝင်လာပြီး။

''ဟော ... ခေါ်နေပြီ အစ်ကို၊ သွားတော့ ... သွားတော့၊ ပန်းကလေး အရင်ဆင်းနှင့်မယ်နော်၊ ပန်းကလေးတို့ကို စိတ်ချ၊ အစ်ကို့ကိုလည်း ပန်းကလေး စိတ်ချပါရစေ၊ ဒါပဲ ... သွားပြီသိလား''

ကြောက်ကြောက်လန့်လန့်နှင့် ပြေးဆင်းသွားပြီး မှာလို့ မဆုံးနိုင်ဖြစ်နေသော ပန်းကလေးကို နားလည်မှုအပြုံးတို့ဖြင့် ဇေထွန်းကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

ချစ်တဲ့အကြောင်း တစ်ခွန်းတစ်စမှမပါဘဲ ရင်ထဲက နားလည်မှုတွေနှင့် တစ်ဦးကိုတစ်ဦး ရစ်ပတ်ဖွဲ့နှောင်လိုက်သော သံယောဇဉ်က အချိန်တိုအတွင်းမှာပဲ ဖြတ်မရအောင်နိုင်မြဲပြီ





ဆိုတာကို အလိုလိုနေရင်း ဇေထွန်း သဘောပေါက်သွားရပါ၏။

နောက်ထပ်ဆင့်ကာဆင့်ကာ ကြားလိုက်ရသော ကားဟွန်းသံအဆုံးမှာ ဇေထွန်းရဲ့ခြေလှမ်းများက လေးတွဲ့စွာ လှေကားဆီသို့ ဦးတည်လိုက်လေသည်။

ကားနားကိုရောက်တော့ မလိုတမာမျက်လုံးနဲ့ ဆီးကြိုနှင့်ပြီးသား ဒါတင်မကသေး မိုးကြိုးပစ်သံနဲ့မခြားတဲ့ စကားလုံးတွေက မကြားချင်လည်း ကြားလိုက်ရသည်။

''ဘယ်လိုလဲ ... အချိန်နဲ့ခရီးသွားရမယ်ဆိုတာ ရှင်နားမလည်ဘူးလား၊ ဘာတွေအလွမ်းသယ်နေလို့ ဒီလောက်ကြာနေရတာလဲ''

အစကတော့ သူ့ဘာသာ ပြောချင်ရာပြော၊ မသိချင်ယောင်ဆောင်နေလိုက်မည်ဟု ဇေထွန်း တွက်ထားတာပါ။ ပန်းကလေးကို ထိပါးတဲ့စကားကြားလိုက်ရတော့ လျှော့ချထားတဲ့ ဒေါသတွေ ခေါင်းထောင်ထလာခဲ့ရသည်။ ဒီတော့ ကျောပိုးအိတ်ကို ကားထဲပစ်သွင်းရင်း မခိုးမခန့်ရယ်သံနဲ့အတူ။

''အဟား ... မင်း သူတစ်ပါးကို တယ်ပြီး အပြစ်မြင်တတ်ပါကလား၊ အေး ... ငါ့ဘာသာ ကြာတော့ရော မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လို့လား၊ မင်းသွားရမယ့်ခရီး အချိန်တန်ရောက်ဖို့ပဲ အဓိက မှတ်ကွ နားလည်လား၊ မေးသာမေးရတာပါ၊ ဒီမိန်းကလေးအတွက် အားချိန်ဟာ အိပ်ချိန်တစ်ချိန်ပဲရှိတယ်ဆိုတာ ငါသိနေတာပဲ၊ မေးသင့်လို့သာ မေးမိတာ"

အမှန်တစ်ဝက်၊ အမှားတစ်ဝက်တို့ ရောထွေး၍ ဇေထွန်း ခပ်တည်တည်နှင့် ပြောလိုက်ပြီး ကားထဲ ဝင်ထိုင်လိုက်သည်။ နှုတ်ဆိတ်သွားတဲ့ သီရိဆွေကလည်း ပန်းညမွှေးကို ကာကွယ်လိုက်တဲ့ စကားတစ်ခွန်းအတွက် မကျေမနပ်ဖြစ်မိပေမယ့် ထပ်ပြီး စကားမဆိုတော့ဘဲ ငြိမ်သက်စွာ ကားပေါ်ထိုင်လာခဲ့လိုက်ပါ၏။

ရင်ထဲမှာတော့ ဇေထွန်းကိုလား ပန်းညမွှေးကိုလားမသိသည့် မကျေနပ်မှုများက ရင်နှင့်အပြည့်နေရာယူလျက် ရှိကြချေသည်။

နောက်ခန်းကနေပြီး မှန်ကုပ်တည့်တင်းနေတဲ့ ဇေထွန်း မျက်နှာကို သီရိ မသိမသာ အကဲခတ်ကြည့်မိသည်။ ယောကျ်ား ပီပီသသကြီး မချောသော်လည်း အတော်ချောတဲ့သူပင် ဒီလောက် မှန်ကုပ်ထားသည့်ကြားက သူ့မျက်နှာက ရုပ်ဆိုးမသွား၊ တစ်မျိုး





ကြည့်ကောင်းနေပြန်သည်။ တွေ့တိုင်း ဘုဘောက်ကျနေရတာနှင့် သူ့ကို ခုမှပဲ အသေအချာကြည့်ပြီး ဝေဖန်နေမိသည်။ အမြဲရန်လိုတတ်သူချင်း အကောင်းလေးတွေတွေးကာ ကြည့်မိတော့ ကိုယ့်ဘက်က လွန်တာလေးတွေပဲ သတိထားမိလာရ၏။

ဒီထက်ပိုတာက ဟိုဟာမ မိညမွှေးနဲ့ ယှဉ်လိုက်တော့ သူမရုပ်ချည်က သိမ်ငယ်သွားရခြင်းပင်။ ရုပ်ရည်မလှပရတဲ့ကြားထဲ အပြောအဆိုက မသင့်မြတ်ပြန်။ သူမကိုကြည့်မရအောင် ဖြစ်နေတဲ့ ဇေထွန်းအား အခုမှ အသဲအသန် ရင်းနှီးခင်မင်လာချင်မိသည်။ ဘာကြောင့်မှန်းမသိ။

တစိမ့်စိမ့်တွေးပြီး သီရိတစ်ကိုယ်လုံး ထူပူရှိန်းဖိန်းလာရတဲ့အဖြစ်။

သူမက စပြီး အပြောအဆို ဆင်ခြင်လိုက်မည်ဟုတွေးကာ ကြည်နူးစွာ ပြုံးလိုက်မိလေသည်။

အပြောအဆိုအေးဆေးပြီး ရုပ်ရည်လှပတဲ့ မိညမွှေးကိုများ ကိုဇေထွန်း သဘောကျနေပြီလားလို့ တွေးလိုက်ချိန်မှာ သီရိ အကြီးအကျယ်တုန်လှုပ်သွားရသည်။

အပြောင်းအလွဲဖြစ်သွားတဲ့ သူမစိတ်ကို သူမဘာသာ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ချင်တော့။

ပြောင်းလွဲသွားသောစိတ်ကြောင့် မနာလိုဝန်တိုမှုကနေ စိုးရိမ်စိတ်တို့ပါ ဖြစ်ပေါ်လာရကာ နှုတ်ထွက်စကားတို့ကလည်း အလိုလိုနူးညံ့သွားရ၏။

"ကိုဇေထွန်း . . . သီရိဗိုက်ဆာလို့ ရေ့နားမှာ ခဏရပ်ပါလား၊ အသုပ်ဖြစ်ဖြစ်၊ မုန့်ဟင်းခါးဖြစ်ဖြစ် စားရအောင်လေ"

နောက်ခန်းက ထွက်ပေါ်လာတဲ့အသံကြောင့် ဇေထွန်း စက်အရှိန်ကို လျှော့လိုက်ရင်း နီးရာဆိုင်ရှေ့မှာ ရပ်ပေးလိုက်သည်။ ကိုယ်တိုင်လည်း ဘာမှမစားခဲ့ရသေးတော့ ဆာနေတာ အမှန်။ ရှေ့ကနေ ဆင်းသွားပြီး ဆိုင်ထဲဝင်ကာ နေရာလွတ်ကို ရှာလိုက်သည်။ လူရှင်းသည့်ထောင့်ခုံအား ရွေး၍ထိုင်လိုက်သည်။

သီရိဆွေ ခုံလွတ်တွင် ဝင်ထိုင်၍ . . .

"ကိုဇေထွန်း ကြိုက်တာမှာပါ၊ မောင်လေးရေ . . . အစ်မအတွက် အသုပ်တစ်ပွဲ လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်"

ဇေထွန်းကိုလည်း ပြော၊ သူမကိုယ်တိုင်လည်း စားပွဲထိုးလေးအား စားစရာများ မှာလိုက်သည်။

ခဏအကြာ လာချပေးသော အစားအသောက်များကို





နှစ်ဦးသား တိတ်ဆိတ်စွာ စားသောက်ကြပြီး ခရီးဆက်ရန်ပြင် ကြလေသည်။

"ကိုဇေထွန်း . . . စီးကရက်ဝယ်လေ"

"မဝယ်တော့ပါဘူး။ လမ်းသွားရင်း ကျွန်တော် ဘယ် တုန်းက ဆေးလိပ်သောက်လို့လဲ"

ဘုတောလိုက်သော ဇေထွန်းကို မသိမသာငေးရင်း သီရိဆွေ ပြုံးလိုက်မိသည်။

အစက စိတ်မျိုးဆို ခုလောက်ရှိ သူမလည်း ပြန်ပြီး ဘုတောမိလေမလားဘဲ။ အခုတော့ သူ့အပေါ် တိမ်းညွတ်သွား မိသည့်စိတ်ကြောင့် အလိုလိုနေရင်း ရင်ထဲမှာ ကြည်နူးနေမိသည့် အဖြစ်။

ဇေထွန်းကတော့ ချက်ချင်းလက်ငင်းပြောင်းလွဲသွား သော သူမအဖြစ်ကို သတိထားမိရဲ့လားမသိ။ သူမကတော့ ခဏအတွင်း ပြောင်းလွဲသွားသော သူမစိတ်ကို ဆန်းစစ်ရင်း တစ်ကိုယ်လုံး ထူပူသွားမိပါရဲ့။

"ဟော့လူ . . . ခင်ဗျား ကိုဇေထွန်း မဟုတ်လား"

ကားတံခါးဖွင့်ပြီး ဝင်မည်အလုပ် ယူနီဖောင်းအပြည့်အစုံ



www.burmeseclassic.com

www.burmeseclassic.com



ဝတ် ရဲသားတစ်ဦး၏ခေါ်သံကြောင့် ဓေထွန်း ကားတံခါးဖွင့်လျက်က လှည့်ကြည့်လိုက်မိသည်။

အတန်ကြာကြည့်နေပြီးမှ …

"အာ ကိုလှမိုး၊ ဟုတ်တယ် … ကျွန်တော် ဓေထွန်းလေ၊ မန္တလေး သွားမလို့ဗျ၊ ဟိုမှာ ကျွန်တော့်အလုပ်ရှင်၊ ကျွန်တော်က ခင်ဗျားသိထားတဲ့ ဒရိုင်ဘာပါပဲ၊ အခု ခင်ဗျား ဒီမှာ တာဝန်ကျနေတာလား"

ရှင်းပြစရာရှိတာကို ရှင်းပြအပြီး သိလိုတာကိုပါ တစ်ဆက်တည်း ဓေထွန်း မေးလိုက်လေသည်။

"ဒီမှာ တာဝန်ကျတာတော့ မဟုတ်ဘူးဗျ၊ ဟိုရှေ့က ကင်းမှာ၊ မိုက်ဆာလို့ ဒီဘက်ထွက်လာတာ၊ အဲဒီကင်းထဲမှာ ဆရာစိုးတောင် ပါသေးတယ်"

သီရိဆွေအား တစ်ချက်မျှကြည့်ပြီး ရဲသားက ပြန်ဖြေလိုက်သည်။

"ဟုတ်လား၊ အေးဗျာ … အဲဒီနားကျမှ နှုတ်ဆက်လိုက်ပါ့မယ်၊ သွားမယ်ဗျာနော်၊ နောင်ကြုံမှ စကားဆက်ပြောကြတာပေါ့"





နှုတ်ဆက်ပြီး ကားကို ဆက်မောင်းခဲ့လေသည်။ ကင်းချထားသော တံတားနားအရောက် စက်ရှိန်ကိုလျှော့ကာ သူတို့အခေါ် ဆရာစိုး ဒုရဲအုပ်စိုးအောင်အား ဓေထွန်း မျက်စိကစားကာ ရှာလိုက်သည်။

ဟော တွေ့ပါပြီ။ ယာယီကင်းတင်းဆောက်ထားသည့် ဘေးတွင် တံတားဟိုဘက်ထိပ် ဒီဘက်ထိပ် ရပ်နေကြသော သေနတ်ကိုယ်စီလွယ်ထားသည့် ရဲများနှင့် တဲဘေးမှ စကားဝိုင်းဖွဲ့နေသော ရဲများပါမကျန် အားလုံး သူတို့ကားကို လှည့်ကြည့်နေမိကြလေသည်။

ဒုရဲအုပ်စိုးအောင်က မှတ်မိသွားပြီး …

"ဟ 'ကိုဓေထွန်း … ပျောက်ချက်သား ကောင်းလှချည်လား၊ ဘာလဲ … အခုလည်း အလီဘိုင်တာပဲလား … ဟား ဟား ဟား"

ရင်းနှီးလွန်းစွာ ပြောဆိုပြီး ကားနားကို လျှောက်လာနေသည့် ဓေထွန်းအား သီရိဆွေ အံ့သြစွာ ငေးကြည့်ရင်း အထင်ကြီးလေးစားနေမိတော့သည်။

ဒီလိုအရာရှိတွေနဲ့လည်း ရင်းနှီးစွာ ပေါင်းသင်းတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ၏လူမှုဆက်ဆံရေးကောင်းပုံများကို မချီးကျူးဘဲ မနေနိုင်။

"ကိုဇေထွန်းက ဘယ်သူနဲ့ဖြစ်ဖြစ် ဆက်ဆံရေးကောင်းတယ်နော်၊ ကိုဇေထွန်းမသိတဲ့သူ ရှိသေးရဲ့လား"

"အထင်မကြီးပါနဲ့ဗျာ၊ ဒီလိုလူတွေနဲ့သိတာ ဆန်းတာမှမဟုတ်တာ၊ ဆရာစိုးဆိုတဲ့ ဗိုလ်ကြီးစိုးအောင်အိမ်မှာ ကျွန်တော်ကားမောင်းခဲ့ဖူးသေးတယ်လေ"

"ဪ"

ဒီလိုလား ... ဆိုသည့်သဘောနှင့် သီရိဆွေ ဆက်မမေးဖြစ်တော့ပေ။

ဒီတစ်ခါတော့ လမ်းမှာ မနားဘဲ မောင်းလာရသဖြင့် မန္တလေးကအိမ်ကို မှောင်ရီပျိုးချိန်မှာ ရောက်ခဲ့လေသည်။

ဟိုရောက်တော့ ကိုမှုံကြီး၏အရန်သင့်ထုပ်ပိုးပြီးသားပစ္စည်းများကို လက်ဖျားနဲ့တောင် ဇေထွန်း မထိလိုက်ရ။

အလုပ်သမားများနှင့်ပင် အလုပ်ကိစ္စတွေ ပြီးသွား၏။ ထိုညအဖို့ ဇေထွန်း ကောင်းစွာ အနားယူလိုက်ရသည်။

❋ ❋ ❋



## အခန်း (၁၀)

နောက်နေ့မနက်စောစော ခရီးစထွက်ကြသည်။

ဒီတစ်ခါတော့ ပြင်ဦးလွင်ကို သွားရမှာဖြစ်သည်။ သီရိဆွေလမ်းညွှန်မှုနှင့် ပြင်ဦးလွင်က ခြံကြီးတစ်ခြံသို့ ရောက်လာခဲ့သည်။

အရောင်မျိုးစုံ ဖူးပွင့်နေသော ပန်းရနံ့တို့၏ကြိုဆိုမှုက ဇေထွန်းရင်ကို လန်းဆန်းသွားစေတော့သည်။ ဒီရောက်တော့လည်း ဇေထွန်း ဝင်ပါစရာမလို။ သူ့အလုပ်သမားနဲ့သူ ပြီး၏။

ပေါ့ပါးသောပစ္စည်းများ ဖြစ်နေတာကြောင့် လူများများစားစား မလိုအပ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက် ဖေထွန်း လူသက်သာရုံမက နားငြီးပါ သက်သာနေသည်။

ဆိုးသည် ကောင်းသည် ဘာတစ်ခွန်းမှမပြောဘဲ နှုတ်ဆိတ်နေသော သီရိဆွေကြောင့် ဖြစ်၏။

အံ့ဩမိသော်လည်း နေသာသလိုနေခဲ့မိသည်။

ပြင်ဦးလွင်မှာ တစ်ညအိပ်ပြီး ရန်ကုန်ကို ပြန်ဆင်းခဲ့ကြသည်။

ကျန်နေသေးသည့်ပစ္စည်းများအား ရန်ကုန်သို့ ပို့ရမှာဖြစ်သည်။

ရန်ကုန်အပြန်လမ်းမှာ ကားများကို စစ်ဆေးသည့်နေရာတိုင်း ရပ်ပေးရသော်လည်း ဖေထွန်းတို့ကားကို တခြားကားတွေလောက် သေသေချာချာ မစစ်ဆေးတာတွေ့ရ၍ သီရိဆွေ အံ့ဩနေရသည်။

ဒီအဖြစ်ဟာ ဖေထွန်းကြောင့်ဆိုတာ သိရ၍ အထင်မကြီးဘဲ မနေနိုင်။

ကိုယ့်ကားကို သက်ကမကင်းမရှိတာက ဝမ်းသာစရာ။

ရန်ကုန်ရောက်တော့ ကျန်သည့်ပစ္စည်းများကို မြောက်





ဥက္ကလာရှိ အိမ်တစ်အိမ်ကိုဝင်ပို့ကြပြီး အလုပ်ပြီးသွားပြီမို့ အိမ်သို့ မောင်းခဲ့တော့သည်။

"ကိုဖေထွန်း ...ဘာမှမစားတော့ဘူးလား၊ လမ်းကဆိုင်မှာ စားခဲ့တာပဲ ဗိုက်ထဲမှာရှိတယ်၊ သီရိဆာပြီ၊ မြောက်ဒဂုံက မန္တလေးမုန့်တိုင်နားမှာ လက်ဖက်ရည်ဝင်သောက်ရအောင်၊ အဲဒီမှာ အီကြာကွေးကြော်သိပ်ကောင်းတာ"

ဖေထွန်း စကားအပိုမပြောတော့ဘဲ ကားဂရုစိုက်မောင်းခဲ့၏။

မြောက်ဒဂုံအရောက် သူပြောတဲ့ လက်ဖက်ရည်ဆိုင်ရှေ့ ကားရပ်ပေးလိုက်သည်။

ဆင်းလေလို့ မပြောခင် ဦးအောင်အရင်ဆင်းပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့လိုက်သည်။

ရန်ကုန်ရောက်လာမှ မျက်နှာက ဂျစ်တစ်တစ်ဖြစ်နေသော ဖေထွန်းကို သီရိဆွေ ရယ်ချင်နေမိသည်။

တစ်လမ်းလုံး သူမ စကားစ,မပြောလျှင် သူပါ ရေငုံနှုတ်ပိတ်လုပ်ပြီး မျက်နှာက သုန်မှုန်ထား၏။

ကားရပ်ဆိုရပ်ပေးသည်။ အဲဒီမှာ နေခဲ့ဆို တုတ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



တောင်မလှုပ်။ ထားတဲ့နေရာမှာ နေခဲ့တာချည်း။

သူကအရင် ကျွန်တော် ဗိုက်ဆာပြီ။ ဟိုနားခဏသွားဦးမယ်ဆိုတာမျိုး ဘယ်တော့မှမပြော။

အခုလည်းကြည့် ကားပေါ်က ဆင်းသွားပြီး သူကအရင် လက်ဖက်ရည်ဆိုင်ထဲရောက်နေပြီ။ အဲဒီနားက ဆိုင်မကောင်းပါဘူးဗျာ။ ဘယ်နားကျမှ သောက်ရအောင်လို့ ပြောရင် လေကုန်မှာစိုးလို့နဲ့ တူရဲ့။

သီရိဆွေတွေးရင်း ပြုံးလျက် ကားတံခါးကို အသေအချာ လော့ချကာ ပိုက်ဆံအိတ်လေး လွယ်၍ အနောက်က လိုက်ခဲ့ပါ၏။

ကားထဲမှာ ပစ္စည်းဖိုး ငွေချေခဲ့တဲ့ ပိုက်ဆံတွေက မနည်း။ အဲဒီတော့ ကားတံခါးကို အသေအချာလော့ချခဲ့ရသည်။

သီရိဆွေစိတ်ထဲမှာ ဇေထွန်းနဲ့ပစ္စည်းဖိုး ငွေချေခဲ့တဲ့ ပိုက်ဆံတွေအကြောင်း မင်းမူနေသော်လည်း ဇေထွန်းစိတ်ထဲမှာတော့ ထိုသို့မဟုတ်။ မြန်မြန်အိမ်ပြန်ရောက်ချင်တဲ့စိတ်က ကြီးစိုးနေရသည်။

နှစ်ညဆိုတဲ့အတိုင်းအတာအတွက် နှစ်ကမ္ဘာလောက်





ကြာနေပြီလို့ စိတ်ထဲမှာ ထင်နေမိသည်။

ပန်းကလေးကို လွမ်းလှပြီ။

ပန်းကလေးအတွက် စိုးရိမ်နေတာလည်း ပါ၏။

သူ မရှိတုန်း ဟိုတစ်ခါအဖြစ်မျိုး ကြုံသွားမှဖြင့် ...

ထိုအတွေးက ဇေထွန်းရင်ကို ပူလောင်သွားစေတော့သည်။ ဟိုရက်က မလွှဲသာလို့ ခရီးထွက်ခဲ့ရပေမယ့် အလုပ်ပြီးနေမှတော့ ပန်းကလေးကို တွေ့ချင်လှပြီပေါ့။

ထိုသို့တွေးပြီး ဆတ်ခနဲ ထရပ်လိုက်မိသည်။ သီရိဆွေ မုန့်နှင့်လက်ဖက်ရည်ကို ဖိမ်နဲ့စားနေစဉ် ဇေထွန်း ထရပ်လိုက်တာကို မြုန်းခနဲ လန့်သွားရသည်။

မထီမဲ့မြင်ပုံစံဖြင့် ကားဆီလျှောက်သွားနေသော ဇေထွန်းနောက်ကို ပိုက်ဆံအမြန် ရှင်းပြီး သီရိဆွေ ပြေးလိုက်ခဲ့ရပါ၏။

"ဘယ်လိုဖြစ်တာလဲ ကိုဇေထွန်းရဲ့၊ အစားစားတာတောင် အေးအေးဆေးဆေး မစားရဘူး"

မနေနိုင် မထိုင်နိုင် သီရိဆွေအသံမာမာနှင့် မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေထွန်း ဘာမှမပြောဘဲ ကားထဲဝင်ထိုင်ပြီးမှ ...

"ခင်ဗျားက လက်ဖက်ရည်ဆိုင်ကို ကိုယ့်အိမ်မှတ်ပြီး အေးအေးဆေးဆေးနေနိုင်ပေမယ့် ကျုပ် မနေနိုင်ဘူး၊ အိမ်ပြန် ရောက်ချင်နေပြီ၊ အဲ့ဒါကြောင့် ဗိုက်ဆွဲနေတဲ့ ခင်ဗျားကို ဒေါ်သ ထွက်လို့ ထလာတာ၊ ခင်ဗျားဘာသာ ဆက်စားပေါ့၊ ဘယ်သူက မြန်မြန်စားလို့ ပြောနေလို့လဲ"

တတ်လည်းတတ်နိုင်တဲ့လူလို့ သီရိဆွေစိတ်ထဲက ရေ ရွတ်ရင်း နှုတ်ခမ်းမဲ့လျက် အနောက်ကနေ တိတ်တိတ်လေး မျက်စောင်းရွယ်လိုက်မိသည်။

ကားတံခါးကိုပါ ဆတ်ခနဲဖွင့်၍ ဆောင့်ခနဲ ဝင်ထိုင် လိုက်သည်။

သူ့အပေါ် အထင်ကြီးလေးစားထားတာတွေတောင် တစ်ခဏလေးနှင့် ပျောက်ပျက်ကုန်ရသည်။

"ရှင်က ... အဲဒီလောက် အိမ်ပြန်ချင်ရအောင် အိမ်မှာ ကျန်ခဲ့လို့ စိတ်မချဖြစ်ရတာလဲ"

"အဲဒါ မင်းနဲ့ ဆိုင်လို့လား"

"ဘာရှင့်"





ပြောပုံဆိုပုံက နားထဲသို့ ထော်လော်ကန့်လန့် ဝင်လာ တာကြောင့် အရွဲ့တိုက်ပြီး သီရိဆွေ မေးလိုက်ခြင်း ဖြစ်သည်။

ဒါကို သူက ပြန်အရွဲ့တိုက်၏။

ဒါ ဘာအဆိုးလဲ။ အိမ်ရောက်ခါနီးမှ ရန်စကားတွေနဲ့ ပြဿနာရှာသည်။

ဘယ်လိုမှ သင့်မြတ်အောင် နေလို့မရ။

သီရိဆွေမျက်နှာကို တမင်တင်းပြီး တစ်ဖက်လှည့်နေ လိုက်တော့ ကားကို ဆောင့်ခနဲ မောင်းထွက်လိုက်တာမို့ ရှေ့ကို ငိုက်ခနဲဖြစ်သွားရသည်။

ဒေါသနှင့် လှမ်းကြည့်ပြီး ရန်တွေ့ရန် ပြင်လိုက်ပေမယ့် ကားကက်ဆက်ကို ဆူညံစွာ ဖွင့်လိုက်သော ဖေထွန်းအပြုအမူ ကြောင့် အံကြိတ်ပြီး အောင့်သက်သက်နှင့် နေလိုက်ရလေသည်။

အရှိန်ပြင်းစွာမောင်းလာတဲ့ ကားလေးက အရန်သင့် ဖွင့်ထားသော ခြံအတွင်းသို့ ဝင်လာပြီး ပေါ်တီကိုအောက်မှာ တုံ့ခနဲရပ်တန့်လို့သွားတယ်ဆို ... ဒေါ်သဖင်ထွန်း ကားနားသို့ အပြေးကလေးရောက်လာခဲ့သည်။

ရန်ကုန်မြို့ထဲကို ဝင်လာကတည်းက သမီးဆီမှ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကွန်တက်ရပြီးသားမို့ မျှော်နေခဲ့တာဖြစ်သည်။

အပြုံးတွေနှင့် အိမ်ဝကနေ ကြိုနေသော ဒေါ်သဇင်ထွန်း တစ်ယောက် ကားပေါ်ကနေ ဆောင့်အောင့်ပြီး ဆင်းလာသော သမီးကြောင့် မျက်မှောင်ကြုတ်သွားရသည်။

ဘုရား ... ဘုရား ... ဘာများဖြစ်လာပြီလဲဆိုတဲ့အသံနဲ့ ပိုက်ဆံတွေထည့်ထားတဲ့အိတ်ကို ဆွဲပြီး ကားခေါင်းဘက်ကနေ တွေ့လာတဲ့ ဇေထွန်းဆီ ကမန်းကတန်း အကြည့်ပို့လိုက်မိ၏။ ဒီတစ်ယောက်ကလည်း မျက်နှာက စူပုပ်ပုပ်။

ဘာမှတွေးမနေတော့ဘဲ ညှော်ခန်းဆီ ဦးတည်သွားနေတဲ့ သမီးနောက်ကို အပြေးလိုက်ရင်း ...

"သမီး ဘာတွေဖြစ်လာကြတာလဲ၊ ဘာတွေဖြစ်ခဲ့ကြတာလဲ သမီး"

လို့ အမောတကော မေးလိုက်မိသည်။

သီရိဆွေ ဆိုဖာမှာ ဆောင့်ခနဲ ထိုင်ချလိုက်ပြီး ...

"ဘာမှမဖြစ်ပါဘူး မေမေ၊ အားလုံးအဆင်ပြေပါတယ်"

"ဒါနဲ့များ သမီးတို့မျက်နှာတွေက"

စားပွဲပေါ်ကို ပိုက်ဆံအိတ် လှမ်းတင်လိုက်တဲ့ ဇေထွန်း





ကိုရော၊ သမီးမျက်နှာကိုပါ ဒေါ်သဇင်ထွန်း တစ်လှည့်စီကြည့်၍ နားမလည်နိုင်သဖြင့် ပြောလက်စစကားကို ရပ်ပစ်လိုက်သည်။

"မောင်ဇေထွန်း ထမင်းစားသွားပါလား၊ ဒီနေ့ မင်းကို ထမင်းပို့နိုင်မှာ မဟုတ်ဘူး၊ ဖြစ်နိုင်ရင် ဒီရက်ထဲ အိမ်ဘက်မှာ လာကူးစားပါ"

"ဘာဖြစ်လို့လဲ အန်တီ"

ပိုက်ဆံအိတ်ထားပြီးတယ့်ဆို မထိုင်တော့ဘဲ လှည့်ပြန်ရန် စိတ်ကူးနေသော ဇေထွန်းမှာ ဒေါ်သဇင်ထွန်းစကားကြောင့် ပြန်လှည့်ကြည့်ပြီး မေးလိုက်မိသည်။

မိခင်၏ထူးဆန်းသောစကားကြောင့် သီရိဆွေကလည်း မိခင်ဖြစ်သူအား လှမ်းကြည့်နေမိသည်။

"ဩော် ... ဘာမှတော့ မဖြစ်ပါဘူးကွဲ့၊ မိညွှေး ဘွားအေ နေမကောင်းဖြစ်နေလို့၊ သူ့ဘွားအေကို ပြုစုနေရတာနဲ့ မင်းကို ထမင်းပို့နိုင်မှာ မဟုတ်လို့ပါ"

"သူ့ဘွားအေ"

"အေး ... ဟုတ်တယ်ကွဲ့၊ အဲဒီကိစ္စ မင်းကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောမိသေးဘူး။ မိညမွေးမှာ ဘွားအေ ရှိတယ်လေ၊ နဂိုတည်းက ကျန်းမာရေးမကောင်းတာပါ၊ အဲဒါကို အန်တီတို့က သနားလို့ လက်ခံထားတာ၊ အခုတော့ ရောဂါပိုဆိုးနေလားမသိပါဘူး ကွယ်''

ပေါ့ပေါ့တန်တန် ပြောလိုက်သော ဒေါ်သဇင်ထွန်းကို မျက်တောင်မခတ် ဇေထွန်း ကြည့်နေမိသည်။ ရင်ထဲမှာ စိုးရိမ်မှုက အထွတ်အထိပ်ရောက်နေရပြီ။

ပန်းကလေးရဲ့အဘွားဆိုတဲ့အတွက် စိုးရိမ်မှုနဲ့ မေးလိုက်တဲ့ ဇေထွန်းကို ဒီကိစ္စတွေ ဘာမှမသိသေးလို့ မေးနေတယ်အမြင်နဲ့ ဒေါ်သဇင်ထွန်း အလေးမထားတဲ့ပုံစံဖြင့် ပြောနေခြင်းပါ။ သို့သော်လည်း ဇေထွန်းက သူမ ထင်သလိုမဟုတ်ပဲ စိုးရိမ်ပူပန်နေပုံက မျက်နှာမှာ အထင်းသား။ ကြည့်နေပုံကလည်း စားတော့ ဝါးတော့မတတ်။ နောက်ပြီး တစ်ခုခုကို သိချင်နေဟန်။ ဒါကို ဒေါ်သဇင်ထွန်း အကင်းပါးစွာ။

''ဘာမေးချင်လို့လဲ မောင်ဇေထွန်း''

''အခု သူတို့ ဘယ်မှာလဲ''

ဇေထွန်းမေးဟန်က ကျွတ်ဆတ်ဆတ်။





''သူတို့ကို ပေးထားတဲ့အခန်းထဲမှာပေါ့၊ ဘာလဲ မင်းက ကယ်တင်ရှင်ကြီး လုပ်ချင်လို့လား၊ ငါ့အလုပ်သမားကိစ္စ ငါ့မှာ တာဝန်ရှိတယ်၊ မင်းနဲ့ ဘာမှမဆိုင်ဘူး''

ဒေါ်သဇင်ထွန်းကလည်း ခေသူမဟုတ်။ မာကြောကြောဘဲ ပြန်ပြောလိုက်သည်။ မဆိုင်တာတွေ ဝင်မစွက်ဖက်ရန် သတိပေးစရာမလို။ အသံနှင့်မျက်နှာက သက်သေထူနေ၏။

မကျေမနပ်နဲ့ဘဲ ဇေထွန်း လှည့်ထွက်ခဲ့ရသည်။ ပူလောင်နေတဲ့ရင်ကို သက်ပြင်းမှောနှင့်အတူ မှုတ်ထုတ်ပစ်လိုက်မိသည်။ ချစ်သူလေး အားငယ်နေရှာမလား။

ဘွားကို ဘယ်လိုတွေ့ရမလဲလို့ လှမ်းနေတဲ့ ခြေလှမ်းတွေနဲ့အပြိုင် ... အတွေးတွေက။

သူသွားတုန်းက အကောင်းချက်ချင်းကြီး။ ဘာဖြစ်သွားတာလဲ သိချင်နေမိသည်။

''ညည်းကို ငါပြောပြီးသားနော် သီရိ ... ဘာမှသွားကြည့်စရာမလိုဘူး''

အတွေးနဲ့ လှမ်းလာဆဲ ကျယ်လောင်စွာ ပေါ်ထွက်လာသော ဒေါ်သဇင်ထွန်း၏အသံကြောင့် ဇေထွန်းခြေလှမ်းတွေ ရပ်



www.burmeseclassic.com

www.burmeseclassic.com



တန့်သွားရပြီး အနောက်သို့ ပြန်လှည့်ကြည့်လိုက်မိသည်။

မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုကာ အပေါ်ထပ်သို့ ပြေးတက်သွားသော သီရိဆွေကို အတွေ့မှာ ဇေထွန်း အံ့ညြသွားရသည်။

ဒေါ်သဇင်ထွန်းက ဘယ်လိုပဲ သွေးခွဲသွေးခွဲ ရေကိုသာ ဓားနဲ့ဖြတ်လို့ ပြတ်ရင် ပြတ်မယ်။ သွေးသားသံယောဇဉ်ကိုတော့ ဖြတ်တောက်လို့ ရဟန်မတူ။ ကောင်မလေး ဘွားအေအတွက် စိတ်ပူလို့ မေးတယ်ထင်ရဲ့။ တော်တော်လူစိတ်မဲ့တဲ့မိန်းမကြီးလို့ စိတ်ထဲက ပြောပြီး ထပ်ခိုးဆီသို့သာ ဆက်လျှောက်ခဲ့တော့သည်။

ထပ်ခိုးအနားရောက်မှ အကြံတစ်ခုရတာနှင့် အပြင်သို့ ထွက်ခဲ့လိုက်သည်။

ညှိခန်းထဲတွင်လည်း ဒေါ်သဇင်ထွန်းမှာ သမီးကိုရော ဇေထွန်းကိုပါ ဒေါသထွက်လျက် အလုပ်ကိစ္စကိုပင် အသေအချာ မမေးနိုင်။ ပိုက်ဆံတွေပါသော အိတ်ကို ဆောင့်ခနဲ ဆွဲယူ၍ အပေါ်ထပ်သို့ တက်ရန် ပြင်လိုက်သည်။

ထိုစဉ် ဖုန်းမြည်လာသံကြောင့် အိတ်ကို ပြန်ချခဲ့ပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။





"ဟဲလို ... ဟုတ်ပါတယ်၊ ဒေါ်သဇင်ထွန်းပါ၊ ဟင် ... ဟုတ်လား၊ အဲဒီမှာ ကိုမျိုး မရှိဘူးလား၊ သူက ဘယ်သွားနေရတာလဲ၊ လာမယ် ... လာမယ်၊ အခုပဲ လာခဲ့မယ်"

ဒေါ်သဇင်ထွန်း ဖုန်းကို အမြန်ပိတ်လိုက်ပြီး ပျာယီးပျာယာဖြင့် အိတ်ကို ကသောကမျော ဆွဲယူကာ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

သမီးအခန်းဆီ အရင်ဝင်၍ စိတ်ကောက်နေသော သမီးကို မချော့နိုင်သေး။ ဖုန်းထဲကကိစ္စကို တိုးတိုးလေးကပ်ပြောပြီး သားအမိနှစ်ယောက် ပျာယာခတ်ကာ အောက်ထပ်သို့ ပြေးဆင်းခဲ့ကြလေသည်။

ဇေထွန်းကို ခေါ်ရန် သတိမရ၊ ဒေါ်သဇင်ထွန်းကိုယ်တိုင် ကားမောင်း၍ ထွက်ခဲ့လေသည်။

သူတို့သားအမိနှစ်ယောက် အပြင်ထွက်သွားသည်နှင့် ဇေထွန်း တိုက်ကြီးထဲသို့ ဝင်ခဲ့လိုက်သည်။

ပန်းကလေးတို့အခန်းရှိရာကို တောက်လျှောက်လှမ်းလာခဲ့ပြီး အခန်းဝမှာ ရပ်လျက် ...

"ပန်းကလေး ... ပန်းကလေး၊ ဘွား"



www.burmeseclassic.com

www.burmeseclassic.com



အသံကိုမြှင့်၍တစ်မျိုး၊ နှိမ့်၍တစ်မျိုး ခေါ်ကြည့်သော်လည်း အထဲက တုံ့ပြန်သံ ဘာမှမကြားရ။ ဇေထွန်း စိုးရိမ်မှုတွေ ပိုကဲသွားရသည်။

အဲဒါကြောင့် တံခါးကို လက်နှင့်တွန်းကြည့်၍မရ၊ အားနှင့်တွန်းကြည့်၏။ မလှုပ်။ ဒီတော့ စိတ်က ပိုလှုပ်ရှားလာရကာ ပခုံးနှင့်ဘေးတိုက် အားနှင့်တိုက်ကာ ဖွင့်လိုက်မှ ပွင့်သွားတော့သည်။

တံခါးပွင့်သွားသည်နှင့် အလင်းရောင်မရှိသော အခန်းတွင်း မျက်စိကို ကျင့်သားရအောင် အားယူကြည့်ပြီးမှ ဘွားအိပ်ရာခုတင်နားသို့ ခပ်သွက်သွက် တိုးကပ်သွားမိသည်။

''ဟင်''

ဇေထွန်း မျက်လုံးတွေ အဆမတန် ပြူးကျယ်ပိုင်းစက်သွားရသည်။

ခုတင်ပေါ်မှာ ဘယ်သူမှ ရှိမနေ။

အခန်းပတ်ချာလည် လိုက်ကြည့်မိသည်။ ဘာအရိပ်အယောင်မျှမတွေ့။

ဇေထွန်း ဘာမှတွေးမနေတော့။ အပြင်သို့ တစ်ဟုန်ထိုး





ပြေးထွက်ခဲ့မိသည်။

အိမ်တံခါးပိတ်ဖို့ရန်ပင် မေ့လျော့သွားသည်။ သူတို့သားအမိကိုပဲ ကြံဖန်ကျေးဇူးတင်ရတော့မလို။ အခက်အခဲမရှိ အိမ်ထဲကို ဝင်ချည်ထွက်ချည်လုပ်လို့ ရနေသည်မဟုတ်ပါလား။

ခြံဝအထိ ပြေးထွက်လာပြီးမှ ဇေထွန်း ဘယ်လိုက်ရမှန်းမသိဖြစ်ကာ ခဏရပ်၍ စဉ်းစားနေမိ၏။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး ကိုမျိုးနေလိုင်ရာ ဝင်ဒါမီယာက သံလွင်လမ်းသို့ ကားငှားကာ ထွက်ခဲ့ခဲ့လိုက်လေသည်။

တရိပ်ရိပ်ပြေးနေသောကားနှင့်အပြိုင် ဇေထွန်း စိတ်အစဉ်ကလည်း ပြေးလွှားလှုပ်ရှားနေရပါ၏။

သူထင်သလို ကိုမျိုးဆီမှာ ပန်းကလေးတို့ ရှိမနေရင် ဘာဆက်လုပ်ရမလဲဆိုတာကိုပါ အပြေးအလွှား စဉ်းစားနေရလေသည်။

သံလွင်လမ်းထဲကို ကားလေးဝင်လာသည်နှင့် ကားဆရာအား စက်အရှိန်လျှော့၍ သတိနှင့် ပတ်ဝန်းကျင်ကို ဝိုင်းပြီး အကဲခတ်ပေးရန် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိသော်လည်း ကားဆရာက အထာနပ်၏။ မျက်စိလျင်လျင် နားလျင်လျင်ဖြင့် ကားကို ဘီးရွှေ့ရုံပဲ မောင်းလာခဲ့သည်။

အတော်လေး မောင်းလာပြီး တစ်ခြံထဲမှာ တိုက်နှစ်လုံး ဆောက်ထားသော အိမ်ရှေ့အရောက် တိုက်ရှေ့မြေကွက်လပ်တွင် ကားအဖြူလေးကို တွေ့လိုက်သည်တွင် ဇေထွန်း အားရဝမ်းသာဖြင့် ...

"ဟာ ... ဒီအိမ်၊ ဒီအိမ်ပဲ ကားဆရာ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ဒီအိမ်ထဲကို ဝင်ချင်တယ်ဗျာ၊ ဘယ်လိုနည်းနဲ့ဝင်ရကောင်းမလဲ၊ ကျွန်တော့်ကို ပိုင်းစဉ်းစားပေးစမ်းပါ၊ နေဦးဗျာ ... ကားကို မရပ်လိုက်နဲ့နော်၊ ရှေ့ဆက်မောင်းပေးပါ"

"နေပါဦး ... ဒီအိမ်ကို ကိစ္စနဲ့လာတာ မဟုတ်ဘူးလား"

ဇေထွန်း၏အူကြောင်ကြောင်စကားကို ကားဆရာက သဘောမပေါက်၍ ပြန်၍မေးခွန်းထုတ်နေလေသည်။

ပထမတော့ ပြောရကောင်းနိုး မပြောရကောင်းနိုးနိုးနဲ့ စဉ်းစားနေပြီးမှ အားကိုးရလိုရငြား အမှန်အတိုင်း ဇေထွန်း





ဖွင့်ပြောလိုက်ရာ ကားဆရာက ...

"ဟင် ... ဒီလိုဆို ဒီအိမ်ထဲကို ကျွန်တော် အရင်ဝင်မယ်၊ ဒီအိမ်ကို ပစ္စည်းလာပို့ဖူးတာ (၃) ခေါက်လောက်ရှိပြီ၊ ဒီအိမ်က လူတွေနဲ့ ကျွန်တော် ရင်းနှီးပါတယ်၊ အခန့်သင့်တယ်ဗျာ၊ ကျွန်တော် ဝင်ပြီး လေ့လာလိုက်မယ်၊ ခင်ဗျား ကားထဲမှာ အခြေအနေကြည့်နေခဲ့"

ပြောပြောဆိုဆိုပဲ ကားကိုရပ်လိုက်ပြီး ကားဆရာက ဆင်းသွားတော့သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ကားမှန်တွေ အပြည့်တင်၍ ကားထဲမှာ ဇေထွန်း ဘေးစောင်းလှဲကာ ငြိမ်နေလိုက်သည်။

ခဏအကြာ ကားဆရာ ပြန်လာပြီး ကားတံခါးကိုဖွင့်၍ ဝင်ထိုင်ရင်း ...

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်သိလား၊ ကျုပ်ကို ညနေချိန်းလိုက်တယ်၊ ပစ္စည်းတွေ ရွှေ့မလို့ လာခဲ့ပါတဲ့"

ဇေထွန်းကို လှည့်မကြည့်ဘဲ ကားမောင်းထွက်ခဲ့ရင်း ကားဆရာက ပြောလေသည်။

တော်တော်လေး ဝေးဝေးရောက်မှ ဇေထွန်း ထထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ...

"ခင်ဗျား ဘယ်လို သွားမေးလို့လဲ"

"ခြံတံခါးဝကနေ လူခေါ်ခေါင်းလောင်း လှုပ်လိုက်တော့ လူတစ်ယောက်ထွက်လာပြီး ဘာလုပ်မလို့လဲတဲ့၊ ကျုပ်က ကိုမျိုးမင်းမောင် ကျွန်တော့်ကို မှာထားတာ ဒီနေ့လား၊ မနက်ဖြန်လား မသိလို့ သေချာအောင် လာမေးတာလို့ ပြောလိုက်တော့ အဲဒီလူ ပြန်ဝင်သွားပြီး ကိုမျိုးမင်းမောင် ထွက်လာတယ်၊ ကျုပ်ကို မှတ်မိသွားပြီး ခင်ဗျားလာတာနဲ့ အတော်ပဲတဲ့၊ မနက်ဖြန်မှ အလုပ်က စမှာ၊ အခုအရေးကြီးလို့ ညနေကို လာဖြစ်အောင် လာပါတဲ့၊ ကျန်းမာရေးမကောင်းတဲ့ ကျွန်တော့်အဘွားကို ပဲခူးကို ပို့ချင်လို့ပါတဲ့၊ သူတို့မြေးအဘွားနဲ့အတူ ပစ္စည်းတချို့လည်း ပါမယ်လို့ ပြောတယ်"

ဇေထွန်း သေသေချာချာ ဂရုစိုက်နားထောင်ရင်း မျိုးမင်းမောင်ဆိုတာ ကိုမျိုးမှလွဲ၍ ဘယ်သူမှမဖြစ်နိုင်၊ ကျန်းမာရေးမကောင်းတဲ့ မြေးအဘွားဆိုတာ ပန်းကလေးတို့ မြေးအဘွားပဲ ဖြစ်ရမယ်ဟု တထစ်ချတွက်လိုက်မိသည်။

ကားဆရာကို ဇေထွန်းအမှန်အတိုင်းပြောထားသည်ဆို





သော်လည်း ကောင်မလေးတစ်ယောက်ကို ပြန်ပေးဆွဲထားတယ် ဟုသာ ကျန်တာဘာမှမပြော။ ဒီကားဆရာကရော ယုံရပါ့မလား ဆိုတဲ့ အကြည့်တစ်ချက် ကားဆရာထံ ကြည့်လိုက်ပြီး ဘာဆက် လုပ်သင့်သလဲဆိုတာကို အမြန်ဆုံးဖြတ်လိုက်ရသည်။

"ဒီလိုလုပ်ပါလား ကားဆရာ၊ ညနေ ခင်ဗျားအစား ကျွန်တော် သွားလို့မရဘူးလား"

ကားဆရာ စဉ်းစားနေပြီးမှ ...

"ခင်ဗျားနဲ့ကျုပ်က တစ်ပုံစံဆီ ဖြစ်နေတာ သိသွားမှ အခက်"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

ဝဝဖိုင့်ဖိုင့် ကားဆရာနှင့် သူ့ခန္ဓာကိုယ်ကို ပြန်သုံးသပ်ပြီး ဇေထွန်း အကြံအိုက်နေတော့သည်။

"ဒီကိစ္စက ခင်ဗျားတစ်ယောက်တည်းနဲ့ ပြီးမလား၊ ရဲကို မတိုင်ဘူးလား၊ ကောင်မလေးမြေးအဘွားနှစ်ယောက် ဘယ်ကလဲ"

စပ်စုတာမဟုတ်ပေမယ့် ကားဆရာ သေချာရန် မေးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမလေးနဲ့ သူ့အဘွားက သူတို့အိမ်က နိုင်းထား တဲ့သူတွေပါ၊ ကျွန်တော်လည်း အဲဒီအိမ်မှာ ကားမောင်းတာပဲ၊ ဘာလို့ ဖမ်းသွားတာလဲဆိုတာ မသိရသေးဘူး။ ရဲကိုတိုင်လိုက်မှ ဟိုမြေးအဘွားအသက်ကို စိုးရိမ်စရာဖြစ်နေမလားလို့ တွေးရသေး တယ်"

မယုတ်မလွန်အဖြေစကားကို ပြောရင်း ဇေထွန်းကိုယ် တိုင်လည်း အဖြေကမရှိ။

"ဒါဆို . . . ဒီလိုလုပ်ကွာ၊ မင်း ငါနဲ့သာ ညနေလိုက်ခဲ့၊ ပစ္စည်းပိုင်းသယ်ဖို့ လူခေါ်လာတာလို့ ပြောမယ်"

အကြံပေးလိုက်သော ကားဆရာကို အားရဝမ်းသာနှင့် ဇေထွန်း ကြည့်လျက် ကျေးဇူးတင်စွာဖြင့် . . .

"ဟုတ်ပြီ၊ ကျေးဇူးပါပဲ၊ ကျွန်တော့်အတွက်နဲ့ ခင်ဗျား အပြောအဆိုများ ခံနေရဦးမယ်"

"မခံရပါဘူး၊ အရင်လည်း ဒီလိုပဲ သယ်မယ့်သူ တစ် ယောက်တလေ ခေါ်လာနေကြပဲ၊ ဒါပေမဲ့ . . . အဲဒီတုန်းကတော့ သူကိုယ်တိုင် ခေါ်ခဲ့နိုင်းတာ၊ အခု ကျုပ်ဘာသာခေါ်သွားရမှာ၊ အဲဒီတော့လည်း ခေါ်ခဲ့ရမယ်အောင်းမေ့လို့ ခေါ်ခဲ့မိတယ်ပေါ့၊





စိတ်အေးအေးထားပြီးသာ လိုက်ခဲ့၊ မတရားတာဆို ကျုပ်လည်း လက်ပိုက်ကြည့်မနေတတ်ပါဘူး၊ ညနေ ဘယ်လိုဆုံကြမလဲ"

"ကျွန်တော် လမ်းထိပ်ကို ထွက်ခဲ့မယ်လေ၊ အချိန်သာ အတိအကျချိန်းလိုက်"

နှစ်ယောက်သား အချိန်းအချက်လုပ်ကြပြီးနောက် ဇေထွန်း အိမ်ပြန်ခဲ့ကာ မှင်သေသေနှင့် ထပ်ခိုးပေါ်မှာ အိပ်နေ လိုက်သည်။

ဇေထွန်း ပြန်ရောက်ပြီး မကြာလိုက် ဒေါ်သဇင်ထွန်းတို့ သားအမိ ပြန်ရောက်လာသံ ကြားရလေသည်။

သို့သော် ဇေထွန်း ထွက်မကြည့်။ အိပ်ရာထဲမှာသာ နှပ်နေလိုက်သည်။

"မောင်ဇေထွန်း"

ထပ်ခိုးအောက်မှ ဒေါ်သဇင်ထွန်းခေါ်သံကြောင့် အိပ်မှုန် စုံမွှားပုံစံဖြင့် ဇေထွန်း ထလာပြီး . . .

"ဘာလဲ အန်တီ"

"မင်း ဒီညနေ အိမ်မှာနေပါ၊ အကြောင်းရှိရင် အန်တီ လာခေါ်မယ်၊ အန်တီ လာမခေါ်မချင်း မင်း ဘယ်မှမသွားပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အခု အိပ်နေတာလား"

"ဟုတ်ကဲ့"

"တော်သေးတာပေါ့ကွာ၊ အိမ်ထဲကို ဘယ်သူမှ ဝင်မမွှေသွားလို့၊ ငါတို့လည်း ကိစ္စရှိလို့ ကမန်းကတန်း ထွက်သွားလိုက်တာ အိမ်တံခါးကို မပိတ်ခဲ့မိဘူး၊ တော်တော်စိတ်ချရတယ်"

"ပန်းကလေးတို့ မြေးအဘွား ရှိတယ်မဟုတ်လား"

"ဘယ်လို ... ပန်းကလေး ဟုတ်လား"

"အာ ... ဟို ... သူ့နာမည်အရ ခေါ်မိတာပါ"

သူတို့အပြစ်ကို သူများအပြစ်ဖြစ်အောင် ပြောနေသော ဒေါ်သဇင်ထွန်းကို အမြင်ကတ်ကတ်ဖြင့် ဇေထွန်း မထိတထိမေးလိုက်ပြီးမှ မှားသွားမှန်း သိသော်လည်း ပြင်ချိန်မရလိုက်။

လျှင်လိုက်သည့် ဒေါ်သဇင်ထွန်းကလည်း အမှားကို သတိထားမိလေသည်။ ဒီတော့ ဇေထွန်း ဖင်ကုတ် ခေါင်းကုတ်ဖြင့် အဖြေရခက်သွားရသည်။

သူ့အဖြစ်ကိုကြည့်ပြီး ဒေါ်သဇင်ထွန်း အကဲခတ်သလို မျက်လုံးစွေကြည့်လျက် ဆတ်ခနဲ လှည့်ထွက်သွားတော့သည်။

ဇေထွန်းအဖြစ်က ရယ်ရမလို၊ ငိုရမလို။





မျက်နှာကြောတင်းတင်းဖြင့် ပြန်ထွက်သွားသော ဒေါ်သဇင်ထွန်းကို နောက်ကွယ်ကနေ ဇေထွန်းမျက်နှာမဲ့ကာ လက်သီးထောင်ပြနေမိ၏။

ပန်းကလေးတို့ မြေးအဘွားကို မတွေ့တော့တည်းက အဲဒီမိန်းမကြီးကို အမှန့်ကျိတ်ချင်နေခဲ့တာ အကြောင်းပြချက် မခိုင်လုံသေးလို့သာ။ နို့မို့ဖြင့် လက်ဖဝါးထဲ ထည့်ချေပြီးလောက်ပြီ။

အတွေးထဲမှာ ဒေါ်သဇင်ထွန်းကို ဒေါသထွက်နေသမျှ မျက်နှာမှာလည်း အပြောင်းအလဲအမျိုးမျိုးဖြင့် မဲ့လိုက်ရွဲ့လိုက် တွန့်လိုက် လိမ်လိုက် ဖြစ်နေရသည်။

လက်သီးစုပ်ကိုလည်း ဖြန့်လိုက် ထုတ်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေရ၏။

ပန်းကလေးတို့မြေးအဘွားကို အချိန်မှီမှ ကယ်နိုင်ပါ့မလားလို့တွေးပြီး ရင်မှာ ပူလောင်လာရကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပြန်သည်။

ဘယ်အထိကြာအောင် လမ်းလျှောက်နေမိမှန်းမသိ။ ထပ်ခိုးပေါ်ကို သီရိဆွေလာတာပင် သတိမထားမိလိုက်။ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ဝမှာ တောင့်တောင့်လေးရပ်နေသော အရိပ်ကိုမြင်မိမှ လှည့်ကြည့်ပြီး …

"ဘာကိစ္စလဲ"

မအေအပေါ် မကျေနပ်မှုတွေက သူ့သမီးဆီ ဆက်သွားရသည်။

ဒီတော့ စကားသံက အကောင်းတိုင်း ထွက်မလာ မာရေကြောရေဖြစ်နေရသည်။

ဒီတစ်ခါတော့ ထူးဆန်းစွာ သီရိဆွေထံမှ ပြန်ရန်တွေ့သံ မကြားရ။ ငိုမဲ့မဲ့မျက်နှာလေးနဲ့ အခန်းထဲကို တစ်လှမ်းချင်း ဝင်လာနေလေသည်။

ဇေထွန်း ကြောင်တောင်တောင်နှင့် အနောက်ကို တစ်လှမ်းချင်း ဆုတ်သွားမိ၏။

ဇေထွန်းနား မရောက်တရောက်မှာ သီရိဆွေ စုံရပ်လိုက်ပြီ …

"ကိုဇေထွန်း … ရှင်နဲ့ရန်ဖြစ်ဖို့ ကျွန်မလာခဲ့တာ မဟုတ်ဘူး။ အကူအညီတောင်းချင်လို့ပါ၊ ကျွန်မ အမှန်အတိုင်း ပြောရရင် အစစ ကျွန်မထက်သာတဲ့ ပန်းညမွှေးကို မနာလိုတာ





အမှန်ပဲ၊ မုန်းခဲ့တာလည်း အမှန်ပဲ၊ ဒါပေမဲ့ သေစေလိုတဲ့ဆန္ဒတော့ မရှိခဲ့ပါဘူး။ အဓိက,ကတော့ ဘွားကိုပဲ၊ ဘွားကို ကယ်ပေးပါ၊ ဘွားကို မေမေနဲ့ အန်ကယ်မျိုးတို့ ဖမ်းထားကြတယ်၊ အခန့်မသင့်ရင် နှစ်ယောက်လုံး သေသွားနိုင်တယ်၊ အဲဒါ ရှင့်ကို အသိပေးရင်းနဲ့ အကူအညီတောင်းတာပါ၊ ရှင် ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဇေထွန်း ဘာပြန်ပြောရမှန်းမသိနိုင်အောင် ဆွံ့အသွားရ၏။ သူထင်ထားသလိုပဲ ဘွားအေအပေါ်မှာတော့ ဒီကောင်မလေး သံယောဇဉ် ရှိသားပါလားလို့ သိလိုက်ရချိန်မှာ အားတက်သွားမိလေသည်။

"ဘယ်မှာထားသလဲ သူတို့ကို"

"ရှင် ရောက်ဖူးပါတယ်၊ အန်ကယ်မျိုး အခုနေတဲ့ ဝင်ဒါမီယာထဲက တိုက်မှာ၊ အဲဒီခြံထဲမှာ တိုက်နှစ်လုံးရှိတယ်၊ ခြေရင်းက တိုက်အပေါ်ထပ်မှာ ထားတယ်၊ ဒီည ဘယ်ကိုရွှေ့မလဲမသိဘူး၊ ကျွန်မ ဘွားကို ချစ်မှန်းသိလို့ ရှင်နဲ့ ခရီးနှစ်ည ထွက်နိုင်းပြီး ဒီရက်ထဲမှာ မေမေ လှုပ်ရှားလိုက်တာပဲ၊ ဘယ်လိုလဲ ရှင့်ဘက်က"



www.burmeseclassic.com

"အင်း . . . ကူညီမှာပါ၊ ဒါနဲ့ မင်းအမေကိစ္စကို ဘယ်လိုရှင်းမလဲ"

"ဒါ . . . ကျွန်မတာဝန်ထားစမ်းပါ၊ ရှင်သာ ဘွားတို့ကို သွားကယ်ပါ၊ လူသတ်လောက်တဲ့ထိတော့ မေမေ့စကားကို ကျွန်မ နားမထောင်နိုင်ဘူး၊ ဒါမှ မေမေက ကျွန်မကို အရှင်မထားဘဲ ဖေဖေ့ကို ရက်စက်သလို ရက်စက်မယ်ဆိုလည်း ခံလိုက်ရုံပဲ"

ထင်မှတ်မထားဘဲ ကောင်မလေးထံမှ ဖြူစင်သောစိတ်ထားလေးကို သိခွင့်ရလိုက်၍ ဇေထွန်း ဝမ်းသာသွားရသည်။ အမှားနဲ့အမှန်ကို စဉ်းစားနိုင်သည့် သူမရဲ့စိတ်ဓာတ်လေးကိုလည်း လေးစားချီးကျူးမိပါ၏။

"မင်းရဲ့စိတ်ဓာတ်ကို လေးစားချီးကျူးမိပါတယ်ကွာ၊ အမှားနဲ့အမှန် ဝေခွဲပိုင်းခြားတတ်တာလည်း လေးစားစရာပါ၊ ဟိုမှာ လူဘယ်နှယောက်လောက် ရှိနိုင်မလဲ"

ကောင်မလေးရဲ့စိတ်ရင်းအမှန်ကို သိသွားရပြီး လေးစားမိသွားတော့ ဇေထွန်း . . . ရှေ့သို့ တိုးကပ်ခါ ချီးကျူးစကားတွေ ဆိုနေမိလေသည်။





နောက် . . . ဟိုက အခြေအနေကိုလည်း မေးမြန်းမိ၏။

"လူက ငါးယောက်လောက်ပဲ ရှိပါတယ်၊ သူတို့ရဲ့လှုပ်ရှားမှုကို ကျွန်မ အားလုံးသိမနေဘူးနော်၊ ဒါ အမှန်အတိုင်းပြောတာ၊ မေမေ ခိုင်းသမျှလုပ်ပေးနေရပေမယ့် အတွင်းကျကျ ဘာမှသိမထားဘူး၊ ဘွားတို့ကိုတော့ ပတ္တမြားကိစ္စနဲ့ ဖမ်းတာပဲ၊ မပေးမချင်း ညှဉ်းဆဲနေမှာ၊ အဲဒါ ရှင်သိထားမှ ဖြစ်မယ်ထင်လို့ ပြောပြတာ"

"ကျေးဇူးပဲ၊ ကိုယ့်ကို သွားခွင့်ပြုဦး"

သီရိဆွေကိုတွေ့ပြီး ဇေထွန်း အခန်းပြင်သို့ထွက်ရန် ဟန်ပြင်လိုက်ပြီးမှ တိုင်မှာချိတ်ထားသော ဂျာကင်အပေါင်းလေးအား လှမ်းယူကာ ဝတ်လိုက်ရင်း လှေကားမှပြေးဆင်းခဲ့လေသည်။

ဇေထွန်း ပြေးဆင်းသွားပြီး ခြံတံခါးဖွင့်ကာ ထွက်သွားသည်အထိ သီရိဆွေ ရပ်ကြည့်နေမိပါ၏။

ကိုဇေထွန်း ကိစ္စတွေ အောင်မြင်ခဲ့ပါစေလို့ ရင်ထဲမှ ဆုတောင်းနေမိသည်။

သူမလုပ်ရပ်အတွက် မေမေသာ သိသွားလျှင် အသက်

www.burmeseclassic.com



တောင် အရှင်ထားမှာ မဟုတ်မှန်း သိနေသော်လည်း ငယ်စဉ်တည်းက သူမအပေါ်တွင် တတ်နိုင်သလောက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးခဲ့ဖူးသော အဘွားဖြစ်သူကိုတော့ သေစေချင်သော ဆန္ဒမရှိ။

မေမေ့လုပ်ရပ်တွေကြောင့် အဘွားဖြစ်သူ သူမအပေါ် စိမ်းကားသွားပေမယ့် သူမ အချစ်မပြယ်ခဲ့ပါ။ ရှိသမျှစည်းစိမ် တွေ အကုန်ပိုင်ဆိုင်နေရတာတောင် အားမရသေးဘဲ ပတ္တမြား နှစ်လုံးကိစ္စဖြင့် အဘွားအား ချုပ်နှောင်ထားသည်ကို မကျေနပ် ခဲ့တာ အမှန်။ သို့သော်လည်း ငွေနှင့်ပတ်သက်လာလျှင် မျက်စိ ထဲမှာ ဘာမှမမြင်တော့သော မိခင်ဖြစ်သူအား မလွန်ဆန်နိုင်၍ သာ ငြိမ်နေခဲ့ရခြင်း ဖြစ်သည်။

နောက်တစ်ခုက ပန်းညမွှေးကို နှိပ်စက်ရာလည်း ရောက်နေ၍ အသာလေး ကြည့်နေလိုက်တာ ဖြစ်သည်။

အစတည်းက ဘွားကို အသက်ချမ်းသာပေးဖို့ မေမေနဲ့ အပေးအယူလုပ်ထားခဲ့သည်လေ။ မေမေက လိုက်လျောခဲ့သည့် အတွက် ဘွားကို ဘယ်တော့မှ ခိုးမတွေ့ပါဘူးလို့ ကတိတွေ တောင် ပေးခဲ့ရတာ။ အခုတော့ မေမေက ကတိတွေဖျက်ပြီး





ဘွားကို နှိပ်စက်ညှဉ်းပန်းနေသည်။ ကြာရင် ဘွား သေသွားနိုင်၏။

ဒီတော့ သီရိဆွေ ဘယ်လိုမှမတတ်နိုင်တဲ့အဆုံး ကူညီနိုင်မယ့်သူကို အကူအညီတောင်းရတာပါပဲ။ မေမေ သမီးကို ခွင့်လွှတ်ပါ။

အခုလည်း ပင်ပန်းလိုက်တာ သမီးရယ် ကော်ဖီလေး တစ်ခွက်လောက် ဖျော်ပေးပါဆိုတာနဲ့ ဖျော်ပေးပြီး အိပ်ဆေး တွေ ခတ်လိုက်မိပြီး အိပ်ဆေးအရှိန်နဲ့ အိပ်ပျော်သွားတဲ့ မေမေ ဘယ်တော့မှ နိုးလာမလဲမသိ။

နိုးလာလို့များ ရိပ်မိသွားခဲ့ရင် သီရိကို ဘယ်လောက် များ သတ်ချင်လိုက်မလဲ။ ခွင့်လွှတ်ပါ မေမေ။

ဘွားအေအတွက် စိုးရိမ်စိတ်နဲ့အတူ မိခင်အပေါ် ပြစ်မှား မိတာတွေကိုပါ တွေး၍ ရင်ထဲက တောင်းပန်စကားတွေပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းလာရလေသည်။

အများအမြင်မှာ အစစပြည့်စုံနေတဲ့ သီရိဘဝကို အား ကျစရာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

လောဘတွေတက်ပြီး အတ္တမီးတွေ လောင်မြိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြောင့် လောကရေဲ့ကျနေရတဲ့ သီရိဘဝကို ဘယ်သူမှ နားမလည်နိုင်တာလည်း သဘာဝကျတာပါပဲ။

သမီးရဲ့ဘဝရှေ့ရေးအတွက်လို့ အမြဲကြွေးကြော်နေတဲ့ အသိတရားတွေ အမှောင်ဖုန်းပြီး အတ္တကိုသာ ရှေ့တန်းတင်လွှန်းသော မိခင်ရဲ့စကားတစ်ခွန်းအောက်မှာ စိတ်အကျဉ်းကျနေရတာ ကိုယ်တစ်ယောက်တည်းပဲ သိခဲ့တာကိုး။

နာကျင်ရသော အတွေးတွေနဲ့အတူ သီရိဆွေ တိုက်ကြီးဘက်ကို ပြန်သွားရန် လှည့်လိုက်လေသည်။

"အမယ်လေး ... မေ ... မေမေ"

"သမီးမိုက် ... ကဲဟာ ... ဖြန်း"

"အား"

သီရိဆွေ တစ်ဖက်ကို ပြန်အလှည့် သူမအနောက်မှာ ဆံပင်ဖားလျားနှင့် သူမအား စားမတတ် ဝါးမတတ် ကြည့်နေသော မိခင်ဖြစ်သူကို အတွေ့မှာ ကြောက်အားလန့်အားနှင့် အော်လိုက်မိခြင်းဖြစ်သည်။

ဒေါ်သဇင်ထွန်းကလည်း ထင်ထားတဲ့အတိုင်း သမီးဖြစ်သူရဲ့အမူအရာက မစစ်ဆေးရဘဲ သက်သေပြနေတာမို့ ဒေါ်သနှင့်





တအားလွှဲရိုက်မိသွားလေသည်။

ပါးပြင်ကို လက်နဲ့အုပ်ကာ လဲကျနေတဲ့ သမီးကိုပင် ဆွဲထူဖို့ရန် သတိမရ။

လောင်ကျွမ်းနေတဲ့ ဒေါ်သမီးကြောင့် မျက်လုံးကနေ အခိုးအငွေ့တွေ ထွက်လာတော့မတတ် ပြူးပြဲစိုက်ကြည့်နေမိလေသည်။

နောက်မှ သီရိဆွေလက်မောင်းနှစ်ဖက်ကို ဒေါ်သနဲ့ ဆတ်ခနဲ ဆွဲမလိုက်ပြီး ...

"သိပ်တော်တဲ့သမီး၊ ပြောစမ်း ... နင့်အကောင်ကို ဘာတွေပြောလိုက်ပြီလဲ၊ ငါ့ဖုန်းရော ဘယ်မှာသွားဝှက်ထားလဲ၊ သိပ်ပြီး ဦးနှောက်ပြေးနေတယ်ပေါ့ ဟုတ်လား၊ အိမ်ဖုန်းကိုလည်း လိုင်းတွေဖြုတ်ထားတယ်၊ နင် ဒီလောက်တောင် အဲဒီအဘွားကြီးကို ချစ်ရင် နင့်ကိုပါ အဲဒီအဘွားကြီးနဲ့အတူ သေရွာပို့ပစ်မယ်၊ ဘယ်လိုလဲ ... လိုက်မလား၊ အဲ့ဒီအဘွားကြီးနဲ့အတူ လိုက်သေမလား ... ပြောလေ"

ကြမ်းတမ်းတဲ့ အပြုအမူတွေနဲ့အတူ ရက်စက်တဲ့စကားတွေကြောင့် ဒေါ်သဇင်ထွန်းလက်ထဲမှာ သီရိဆွေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆတ်ဆတ်တုန်နေရသည်။

ကြောက်စရာကောင်းတဲ့ သူ့အမေရဲ့ မျက်နှာထားကို ကြည့်ပြီး ဘာစကားမှကို ပြောမထွက်။ အသားတွေ တဆတ်ဆတ်တုန်ပြီးတော့သာ မျက်ရည်တွေနှင့် သီရိဆွေ အသံတိတ်နေမိသည်။ ဒီပုံစံကပဲ ...။

ဒေါ်သဇင်ထွန်း ဒေါသကို ဆွပေးသလိုဖြစ်လာတာမို့ သူ့လက်ထဲက သမီးဖြစ်သူကိုတောင် မငဲ့ညှာတော့ ကြမ်းတမ်းစွာ လှုပ်ယမ်းလျက် ...

"ဘာအခုမှ အသံမထွက်တော့တာလဲ ပြောစမ်းပါ။ နှင့်အကောင်ကို ဘာတွေပြောလိုက်ပြီလဲ၊ ဘယ်မလဲ ငါ့ဟမ်းဖုန်း"

လို့ မေးတော့မှပဲ သီရိဆွေ ကြောက်ကြောက်နှင့် ...

"ဘာမှ ... ဘာမှ မပြောလိုက်ရသေးပါဘူး မေမေ၊ ဘွားကိုသာ သွားကယ်ခိုင်းလိုက်တာပါ၊ မေမေ့ဖုန်းကို သမီးမဝှက်ပါဘူး၊ အိမ်ဖုန်းကိုသာ ကြိုးဖြတ်ထားမိတာပါ၊ သမီး ... သမီးကို ခွင့်လွှတ်ပါ မေမေ"

"ဘာမေမေလဲ၊ မခေါ်နဲ့ ... နင် ငါ့သမီး မဟုတ်ဘူး။





ငါလည်း နင့်အမေ မဟုတ်ဘူး၊ နင် သိထားဖို့က ငါလုပ်တဲ့ အလုပ်ကို နှောင့်ယှက်တဲ့လူ၊ ငါ့ကို ကလန်ကဆန်လုပ်တဲ့သူ မှန်သမျှ ငါ့ရန်သူကြီးပဲ ... အဲ့ဒါ နင် မှတ်ထား၊ နင်လည်း နင့်အဖေလိုပဲ ပြာပုံကိုတိုးချင်တယ်၊ ဆက်တိုး ... ငါနဲ့ မလိုက်ခဲ့နဲ့"

လို့ဆိုပြီး နင်လုံး ငါလုံးတွေနဲ့ နင့်နင့်သီးသီး ပြောဆိုလျက် သီရိဆွေအား ဆောင့်တွန်းလိုက်လေတော့သည်။

ပုံလျက်သား လဲသွားတဲ့ သီရိဆွေမှာတော့ ရှိုက်ကြီးတငင် ငိုကြွေးလျက် မိခင်ဖြစ်သူ ရှုးသွားလေပြီလားလို့ တွေးကာ စိတ်မကောင်းကြီးစွာဖြင့် ငေးကြည့်နေမိလေသည်။

ဒေါသဦးစီးနေသော ဒေါ်သဇင်ထွန်းကတော့ ဆံပင်ကို ဖြစ်သလို ထုံးဖွဲ့လိုက်ပြီး ကားကို ဝေါခနဲ မောင်းထွက်ခဲ့လေသည်။

ကားမောင်းရင်းနှင့် အသိတရားနည်းသော သမီးကို ဒေါသထွက်လိုက်၊ သူမလက်ချက်နဲ့ သေသလား၊ ရှင်သလား မသိရသော ခင်ပွန်းသည်ကို ဒေါသထွက်လိုက်ဖြင့် ကားကို မနည်းသတိထား၍ မောင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ သူမလုပ်ငန်းကို အနှောင့်အယှက်ပေးမည့် ဇေထွန်းဆိုတဲ့ အကောင်က ပေါ်လာလိုက်သေးတော့ ဒေါ်သဖင်ထွန်း ငယ်ထိပ်မီးလောင်နေရပြီ။

အတွင်းထဲရဲ့ အပြင်ကာချင်သော သမီးကို ဒေါ်သထွက်နေတာနဲ့ ဟိုမှာ ဘာတွေဖြစ်နေကြပြီလဲ မပြောနိုင်။ အရေးထဲ ဖုန်းက ရှာမတွေ့။ သမီးပြောတော့ သူ မဝှက်ဘူး ပြောတာပဲ။ ဒီလိုပြဿနာတွေ မရှုပ်သင့်ဘဲ ရှုပ်ရတာ ဒေါ်ထိပ်ထားဆိုတဲ့ အဘွားကြီးကြောင့်။ ရှုပ်တယ် ဒီနေ့မှ ငါလိုချင်တဲ့ပစ္စည်း ရချင်ရ၊ မရလို့က အပြတ်ရှင်းပစ်မယ်။ နောက်မှ အိမ်ကို မြေလှန်ပြီး ရှာချင်ရှာရပါစေ။

ဒေါ်သဖင်ထွန်းဒေါသတွေက ရက်ကန်းစင်မှလွန်းသဖွယ် ဟိုလူ့ဆီရောက်လိုက် ဒီလူဆီရောက်လိုက် ဖြစ်နေရသည်။

❋ ❋ ❋



## အခန်း (၁၁)

တကယ်ဆို ဒေါ်သဖင်ထွန်းဘဝမှာ စပ်ဇော်ထွန်းနှင့် အိမ်ထောင်ကျမှ ချမ်းသာကြွယ်ဝခြင်း၏အရသာကို ခံစားခဲ့ရတာ ဖြစ်သည်။

ယခင်က ထိုင်းနှင့်ဘန်ကောက်သို့ ကယ်ရီသယ်ရင်း ဘဝကို ရပ်တည်ခဲ့ရတာ ဖြစ်သည်။

ဆုံချင်တော့ သူမကယ်ရီသယ်ရသော သူဌေး၏ကျေးဇူးဖြင့် စပ်ဇော်ထွန်းနှင့် ဆုံမိကြခြင်းဖြစ်သည်။ ချောလှတောင့်ဖြောင့်သော ဒေါ်သဖင်ထွန်းကို စတွေ့တွေ့ချင်းပဲ စပ်ဇော်ထွန်း စွဲလမ်းသွားခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မိခင်ကြီးတားတဲ့ကြားက လက်ထပ်ဖြစ်အောင် လက်ထပ်ခဲ့ပါသည်။

လက်ထပ်ပြီးခါမှ စပ်ဖော်ထွန်းတို့၏ချမ်းသာကြွယ်ဝမှုကို ပို၍သိလာရသော ဒေါ်သဖင်ထွန်းတစ်ယောက် လောဘထွက်လာခြင်းဖြစ်သည်။

တစ်သက်လုံး ဆင်းရဲခဲ့သမျှ အခုလို ချမ်းသာပြီးမှ ပြန်ဆင်းရဲမှာ ကြောက်နေမိသည်။ ယောက္ခမက ဘယ်လောက်ပဲ ပေးပေး၊ နည်းသည်ဟုပင် ထင်နေမိ၏။

ဒီတော့ ယောက္ခမကို ရန်လိုလာသည်။ ချွေးမချင်း အတူတူတောင် ချွေးမအကြီးကို ဦးစားပေးသည်ဟု အမြင်ကျဉ်းလာ၏။ အမြင်ကျဉ်းမှုတွေကနေ ယောက္ခမကို အမြင်မကြည်လင်တော့။ ကြာလေ ဆိုးလေဖြစ်လာတဲ့ စိတ်က လူသတ်ဖို့ပင် ဝန်မလေးတော့တာမဆန်း။

ယောက်ျားကို အပျော့ဆွဲနဲ့ တိုင်ပင်၍မရ။ ကိုယ့်ဘက်မပါသည့် ယောက်ျားအား ရှည်ရှည်ဝေးဝေး ပြောမနေ။ လက်နက်နဲ့ ခြိမ်းခြောက်သည်ထိ ဖြစ်သွားရသည်။ နောက် လက်လွှန်သွား၏။





လက်လွန်ပြီးမှ ကြောက်ကြောက်လန့်လန့်ဖြင့် တော်ရာမှာ သွားပစ်လိုက်သည်။ သေလား ရှင်လား စုံစမ်းမနေ။ ဒေါ်သဖင်ထွန်းတို့က အဲ့သလိုပြတ်၏။

ယောက္ခမအိမ်ကနေ မန္တလေးအိမ်ကို ပြန်သွားပြီးမှ ဖြစ်တာမို့ ယောက္ခမလည်း ဘာမှမသိလိုက်။ ရန်ဖြစ်ပြီး အိမ်ကဆင်းသွားသည်ဟုသာ သိထားလေသည်။

နောက်ထပ် မေးချိန်လည်းမရ၊ မမေးနိုင်အောင်လည်း ဒေါ်သဖင်ထွန်း ယောက္ခမကို ပညာပြထားလိုက်သည်။ ဒီထဲမှာသူ အင်မတန် ချစ်သော မြေးပါ အစစ်ပါလိုက်သေး၏။

အခု ဘာတတ်နိုင်သေးလဲ၊ ကိုယ့်ကို ကလန်ကဆန် လုပ်တော့ သေမယ့်နေ့ကို စောင့်နေရပြီမဟုတ်လား။

ဒါပေမဲ့ လွယ်လွယ်နဲ့ ပေးမသေနိုင်သေး။ တဖြည်းဖြည်း မျှဉ်းသတ်မယ် စိတ်ကူးထားတာ။

ဟုတ်တယ်လေ။ မစားရတဲ့အမဲ သဲနဲ့ပက်ရုံပေါ့။ သဖင်တို့က ငါးမရလည်း ရေချိုးပြန်ရမှ ကျေနပ်သူ။

အခုတော့ ကြည့်ပါဦး ဝင်မကြည့်ဘဲ ပစ်ထားတဲ့ရက်တွေမှာ ဒီအဘွားကြီး ဘယ်လိုကဘယ်လို သန်စွမ်းနေလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားတာနဲ့ တခြားစီဖြစ်နေသည်။

ထင်ထားတာက ဒီအခန်းကျဉ်းလေးထဲမှာ စိတ်တွေဆင်းရဲပြီး တဖြည်းဖြည်း ပိန်လှီသေးကွေးလို့ နေလိမ့်မည်ဟု သုံးနေကျပစ္စည်း မသုံးရလို့ မသေရုံတမယ် ရှိလိမ့်မည်ဟု ထင်ထားခဲ့တာ။ ဒီပုံစံကို သမီး တွေ့သွားရင် စိတ်မကောင်းဖြစ်မှာစိုးတာနဲ့ သမီးကို ခရီးထွက်ခိုင်းပြီး အဘွားကြီးကို ထိပ်တိုက်တွေ့ပြီး ဆွေးနွေးဖို့ အပြင်ကို ခေါ်ထုတ်လိုက်တာ . . . လားလား အဘွားကြီးက ထင်ထားသလိုမဟုတ်ဘဲ ဝဖြိုးသန်မာနေလိုက်တာ မယုံချင်စရာ။

ဒါကြောင့် ဒီလောက် အကြောမာတဲ့ အဘွားကြီးကို တခြားရွှေ့ပြီး နည်းတစ်မျိုးနဲ့ နှိပ်စက်လိုက်တာပေါ့။ ဘာရမလဲ။ အစာရေစာ အငတ်ထား ပေးလိုက်တယ်။ ဒီလောက် နှိပ်စက်တာမှ ပစ္စည်းထုတ်မပေးရင် သေပစေ . . . အေးရော။

ဒီကတော့ ဘွားအေကို သံယောဇဉ်ရှိတဲ့ သမီးလေးဒါတွေ မြင်တွေ့သွားရင် စိတ်မကောင်းဖြစ်မယ်လေဆိုပြီး သူမသိအောင် ဖုံးလိုက်၊ ဖိလိုက်ရတာ . . . အခုတော့ ဒင်းက ငါ့လည်ပင်း ကြိုးကွင်းစွပ်တယ်။ တော်တော် တော်တဲ့သမီး . . .





ဟွန်း။ ဟိုဟ် . . . မသာလေးလည်း တွေ့မယ်။

ဒေါ်သဇင်ထွန်း ဒေါသအတွေးတွေက အဆုံးမသတ်နိုင်။ တွေးလေ ပေါ်လာလေးပါပဲ။

တရိပ်ရိပ်တက်လာတဲ့ ဒေါသတွေနဲ့ အတူ ကားလေးကို တရိပ်ရိပ်မောင်းလာခဲ့ရာမှ မီးနီမိ၍ စက်ရှိန်ကို မနည်းလျှော့လိုက်ရသည်။

❋

ထိုအချိန် ဝင်ဒါမီယာခြံရှေ့တွင် ဖေထွန်းငှားလာသော ကားလေး ထိုးရပ်သွားတယ်ဆို ကားခပေး၍ ကမန်းကတန်း ဆင်းလိုက်သည်။

တိုက်ထဲကိုရော ခြံထဲကိုပါ အကဲခတ်ရင်း ရပ်ကြည့်နေပေမယ့် ဘယ်သူမှထွက်မလာ။ သူ့တစ်ရပ်ကျော်တဲ့ အုတ်တံတိုင်းကို ဘယ်လိုကျော်ဝင်ရမလဲ ဖေထွန်း အကြံဉာဏ်ထုတ်နေမိ၏။ ပတ်ဝန်းကျင်ကိုပါ မျက်စိကစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော … ဟိုမှာ သရက်ပင်ကိုင်းအပြင်ကို ထိုးထွက်နေတဲ့ ကိုင်း။ အင်း … ဟုတ်ပြီ အဲဒီကိုင်းကို ခိုတွယ်ပြီး ခြံထဲရောက်အောင် ဝင်ရမယ်။

အတွေးနဲ့ နောက်ကို နှစ်လမ်း၊ သုံးလမ်းလောက် ဆုတ်လိုက်သည်။ နောက် … အားနဲ့ပြေးပြီး သစ်ကိုင်းကို ခုန်၍ လှမ်းဆွဲလိုက်သည်။ ကံကောင်းထောက်မစွာပဲ သစ်ကိုင်းကို မိသွားလေသည်။ ပျော်လိုက်သည်ဖြစ်ခြင်း။

သစ်ကိုင်းကို ခိုပြီး တွဲလောင်းဖြစ်နေရာကနေ အားယူ၍ ခြေထောက်ကို လွှဲကာ သစ်ကိုင်းပေါ်ရောက်အောင် တက်လိုက်သည်။

သစ်ကိုင်းပေါ် ငုတ်တုတ်ထိုင်မိသည်နှင့် အောက်ကို ငုံ့ကြည့်လိုက်သည်။ ခုန်ချလို့ အခြေအနေကောင်း,မကောင်း ဟိုဟိုဒီဒီ မျက်လုံးဝေ့ကြည့်ရသေးသည်။ အချိန်ဆွဲမနေအား။ ကိုယ်ကိုဖော့၍ ခုန်ချလိုက်သည်။ တော်သေးသည်။ ကြောင်ကျကျသွား၍။

မြေကြီးပေါ်ရပ်မိတယ်ဆိုခါမှ တွေးမနေတော့ သီရိ ဆွဲပြောလိုက်သော ပန်းကလေးတို့အား ဖမ်းထားသည်ဆိုသော





တိုက်ထဲသို့ တစ်ဟုန်ထိုးပြေးဝင်လိုက်မိလေသည်။

ဟင်းလင်းပွင့်နေတဲ့ တံခါးကနေ အထဲကိုရောက်လာပေမယ့် မျက်စိလျှင်လျှင်နှင့် ကြည့်ရသေးသည်။ ထောင်ချောက်ဖြစ်နေမှအခက်။

အိမ်လို့သာပြောတယ် ဘာအိမ်ထောင်ပရိဘောဂမှ ရှိမနေ။ လူရိပ်လူခြေလည်း မတွေ့။ အပေါ်ထပ်ကို နားစွင့်ကြည့်မိသည်။ စကားသံလိုလိုကြားရတာကြောင့် ခြေသံလုံလုံဖြင့် လှေကားဆီ သွားမိသည်။

လှေကားထစ်တွေပေါ်တက်သွားတဲ့ ခြေလှမ်းတိုင်းမှာ အသိတရားကို စုစည်းထားလိုက်သည်။ နားနဲ့မျက်စိကိုပါ အစွမ်းကုန်ဖွင့်ထား၊ စွင့်ထားမိသည်။

လှေကားအလယ်သို့ရောက်လာတယ်ဆို အပေါ်ထပ်က စကားသံတွေ သဲကွဲစွာ ကြားလာရသည်။ ဖေထွန်း ရပ်၍နားထောင်ရင်း နံရံကို ကျောနှင့်ကပ်ထားလိုက်သည်။

"ဒီမှာ အဘွားကြီး … ခင်ဗျား အသက်သေမှာ မကြောက်ပေမယ့် ဒီမြေးလေးရဲ့ဘဝကိုတော့ အဆုံးရှုံးမခံနိုင်ဘူး မဟုတ်လား၊ ခင်ဗျားပါးစပ်ကနေ နေရာလေးပြောလိုက်ရုံနဲ့ ပွဲက



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမယ့်ဟာ၊ ဘာလို့ ခေါင်းမာနေရတာလဲ''

ဒါ ... ကိုမျိုးဆိုတဲ့လူရဲ့အသံ။ ထွီလို့သာ သူ့မျက်နှာကို တံတွေးနဲ့ လှမ်းထွေးလိုက်ချင်တော့သည်။

''ဟဲ့ ... ငါ့အသက်ပဲဖြစ်ဖြစ်, ငါ့မြေးအသက်ပဲဖြစ်ဖြစ် ဆုံးရှုံးသွားလည်း မတတ်နိုင်ဘူး၊ ငါမသိတဲ့ပစ္စည်းကို မေးနေတာ ဘယ်လိုပြောရမလဲ၊ နင်တို့လို လောဘသားတွေနဲ့ စကားဆက်ပြောနေရတာတောင် စိတ်ကုန်လွန်းလို့၊ သတ်ချင်လည်း မြန်မြန်သာသတ်လိုက်၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ကုသိုလ်ကံကောင်းရင်တော့ ကယ်မယ့်သူ ပေါ်လာဦးမှာပေါ့၊ ကယ်မယ့်သူ မရှိလည်း ကံတရားပဲ၊ ငါတို့ကတော့ ဘုရားမှတစ်ပါး အားကိုးရာမရှိဘူး၊ မြေးလေး ... ဘုရားသာ အာရုံပြုနေ''

အပေါ်ကို လှမ်းတက်ရန် ပြင်နေသော ဇော်ထွန်း ခြေလှမ်းများ ရပ်တန့်သွားလျက် ဘွားရဲ့စကားသံတွေကို အာရုံစိုက်ကာ နားထောင်နေမိသည်။

ဘွားရဲ့စကားအဆုံးမှာ ဇော်ထွန်း ခေါင်းထဲ လက်ခနဲ အတွေးတစ်ခု ဝင်လာခဲ့လေသည်။ အဘွားပြောလိုက်တာ ... ဘာတဲ့။ ဘုရားမှတစ်ပါး အားကိုးရာမရှိဘူးဆိုပဲ။ ဟိုစာထဲမှာက





ငါတို့ဘဝမှာ အားအထားရဆုံးဟာ ဘာဖြစ်မလဲ။ မင်း စဉ်းစားလို့ ရေးထားသည်။ ဟာ ... ဒါဆို လက်ဖျောက်တစ်ချက်တီးကာ ထခုန်မတတ် ဝမ်းသာသွားမိလေသည်။

သို့သော်လည်း ကြာရှည်ဝမ်းမသာနိုင်သေး။ ဘွားတို့ မြေးအဘွားကို ကယ်ရပေဦးမည်။

''တောက် ... တော်တော်လက်ပေါက်ကပ်တဲ့ အဘွားကြီး၊ သေဖို့သာပြင်ထား၊ ဟေ့ကောင်တွေ ကောင်မလေးကို ဟိုဘက်ခုံနဲ့ ပြောင်းချည်ထားလိုက်''

''ဘာလုပ်မလို့လဲ၊ ရှင်တို့ ကျွန်မအဘွားကို ဘာလုပ်ကြမလို့လဲ၊ သတ်လိုက် ... ကျွန်မကို သတ်လိုက်''

ပန်းကလေးရဲ့ငယ်သံပါအောင် အော်ပြောသံက ဇော်ထွန်း ခြေလှမ်းတွေကို မြန်စေတော့သည်။

''အဟဲ ... မင်းကို ချက်ချင်းသတ်လို့ ဘယ်ဖြစ်ဦးမလဲကွ၊ မင်းဆီက လိုချင်တာလေးကို ယူပြီးမှ၊ အဟင်းဟင်း ... သတ်သင့်မှ သတ်မှာပေါ့''

ကြာကူလီသံနဲ့ ပြောနေတဲ့ ကိုမျိုးဆိုသူအား ပန်းကလေး အံတကြိတ်ကြိတ်ဖြင့် ရွံရှာစွာကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့အသားကို လာထိကြည့်လိုက်လေ၊ ဘယ်သူ သေမလဲဆိုတာ သိရအောင်"

လို့ မာန်တင်း၍ ပြောလိုက်လေသည်။

အားမတန်လို့ မာန်လျှော့ရတော့မလို ဖြစ်နေပေမယ့် လက်ကျန်ခွန်အားကိုတော့ အသုံးပြုဦးမှာဖြစ်သည်။ လက်ကျန်ခွန်အားနဲ့အတူ အစ်ကို လာကယ်မှာပါလို့ ယုံကြည်နေမိတာလည်းပါသည်။

ထို့ကြောင့် ဘယ်တော့မှ အားမလျှော့ပါ။ အားလုံးဝိုင်းထားတဲ့ကြားထဲက သူမ စိတ်ဓာတ်ကို မြှင့်တင်၍ ကျားပျိုမလေး သဖွယ် မာန်ဖီနေမြဲ။

ထိုသို့ဖြစ်နေဆဲ စိတ်ထဲမှာ တစ်ခုခုကြောင့် အားတက်လာသလိုမို့ လှေကားဆီသို့ လှမ်းကြည့်လိုက်မိသည်။

ဟင် ... အစ်ကို။ ထိတ်ခနဲ ဝမ်းသာမှုနှင့် မျက်နှာကပြုံးမလိုဖြစ်သွားပြီးမှ အမြန်ပြန်တင်းထားလိုက်ရ၏။

"အဘွားကြီး ... ပြောရင် မြန်မြန်ပြော၊ မပြောရင်တော့ ဒေါ်သဇင်ထွန်းအလာတောင် ကျုပ် မစောင့်နိုင်တော့ဘူးနော်"





"ပြောတာမှမယုံတာ ... မင်းသဘောပဲ မောင်ရင်၊ မြန်မြန်သေ မြန်မြန်အေးတယ်၊ ငါ့ချွေးမ မလာခင် သေရင်တောင် ပိုဝမ်းသာမိဦးမှာ၊ ဒင်းမျက်နှာကို မြင်ရမှာ ငါ ဒေါသထွက်လို့ အသေမဖြောင့်မှာစိုးရတယ်"

ဒေါ်ထိပ်ထားကလည်း မြေးရဲ့မျက်လုံးနဲ့ စကားပြောဟန်ကို သဘောပေါက်၍ ခပ်စွာစွာပဲ ပြောလိုက်လေသည်။ မြေးဇေထွန်း လိုက်လာပြီဆိုတာ သိနေမှ အားတင်းသွားပြီပေါ့။

'ကဲ ... ဒီလောက်ထောင်ဖြစ်လှတဲ့ အဘွားကြီး ... ကဲ ... ဟာ"

'ဒိုင်း'

"ကျား"

ဆိုသောအသံနဲ့အတူ ကိုမျိုးခြေထောက် ခွေကျသွား၍ သေနတ်မှ ကျည်ဆံထွက်သွားသော်လည်း ပစ်မှတ်လွဲသွားရသည်။ ကိုမျိုး မထနိုင်သေး။ သေနတ်လည်း အဝေးသို့ လွင့်သွားတော့သည်။ ကျန်တဲ့လေးယောက်ကလည်း ပထမ ကြောင်နေပြီးမှ ဇေထွန်းဆီ ပြေးလာကြကာ ဝိုင်းထား၍ သေနတ်နှင့် ဝိုင်းချိန်းထားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ကိုမျိုး ကုန်းထလာကာ ဇေထွန်းနားတွင် လာရပ်လျက် . . .

"အဟော် . . . ကယ်တင်ရှင်ကြီးပါလား၊ မင်းပါ အစစ်ပါချင်တယ်ပေါ့၊ ကောင်းတယ်ကွာ၊ သုံးလောင်းပြိုင်လူသတ်မှု သတင်းနဲ့ ငါ နာမည်ကြီးရချည်သေးရဲ့၊ ဟေ့ကောင်တွေ . . . အဲဒီကောင်ကို ဝိုင်းချုပ်ထားလိုက်"

ခနဲ့တဲ့တဲ့စကားနဲ့အတူ ရယ်သွမ်းသွေးရင်း ဆရာကောင်းပီသစွာ တပည့်တွေကို ခိုင်းလိုက်လေသည်။

အားလုံးကလည်း ဆရာ့စကား နားထောင်ကြပါသည်။ သေနတ်ချိန်သူက ချိန်ထားပြီး ကျန်နှစ်ယောက်က ဇေထွန်းကို ဖမ်းချုပ်ရန် ကြိုးစားကြလေသည်။

အကွက်ချောင်းနေတဲ့ ဇေထွန်းကတော့ သူ့ကို အာရုံစိုက်ကုန်သည်နှင့် တိုက်ကွက်စတော့သည်။

ရှေ့က သေနတ်ချိန်ထားတဲ့နှစ်ယောက်ထဲက တစ်ယောက်ကို ခေါင်းနဲ့ပစ်တိုက်၍ တစ်ယောက်ကို ခြေနှင့်ခတ်ထည့်လိုက်ရင်း ဘေးသို့ လိမ့်ပစ်လိုက်ပြီး အားလုံးဝရုန်းသုန်းကားဖြစ်နေဆဲ မတ်တတ်အနေအထားနှင့် ခြေကိုခွဲရပ်ထားလိုက်





သည်။

မျက်စိနှစ်လုံးကိုလည်း အအားမထား။ သူတို့ခြေထောက်အရွေ့ လက်အရွေ့ကို မပြတ်ကြည့်နေမိသည်။

ဒီအချိန်မှာ သူ့ကို ဝိုင်းချုပ်ရန် ဟန်ပြင်နေသောနှစ်ယောက်က မိုက်မိုက်ကန်းကန်း အနားကိုပြေးလာ၍ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးကြကြိတ်ကြဖြင့် ထိုနှစ်ယောက် မှောက်သွားတော့သည်။

လက်ရည်သာနေသော ဇေထွန်းကို ရိုင်ဖယ်သေနတ်တွေ ကုန်းကောက်နေသောနှစ်ယောက် နည်းနည်းတော့ ဖြုံသွားတာအမှန်။ သို့သော်လည်း သူ့ဆန်စား ရဲမှဆိုတဲ့ စကားအတိုင်း သူတို့ဆရာကို ကြောက်ရသေး၍ ဇေထွန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အခုန်အပြန် အထိုးအခုတ် အသတ်အပုတ်တွေနှင့် အပြန်အလှန် သတ်ပုတ်ကြပြန်သည်။

အလေ့အကျင့်ကွာခြင်း နည်းစနစ်ကွာခြင်းတို့နှင့် သက်လုံကောင်းခြင်းတို့ပါ သာနေသော ဇေထွန်းမှာ သွေးပူလေ့ကျင့်ခန်း လုပ်သလောက်သာ ရှိနေရပြီး ဒီလေးယောက်လည်း လောကကြီးနှင့် အဆက်ပြတ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေကိုကြည့်ပြီး ကိုမျိုး ဒူးတုန်နေတော့၏။ ဘာအလေ့အကျင့်မှမရှိဘဲ ငွေလမ်းခင်းပြီး လူမိုက်တွေ အလုပ်လုပ်လာသူအဖို့ ဒါတွေ သင်ရန်မလိုဟု ထင်ထားခဲ့သမျှ အခုတော့အခက်တွေ့နေရလေပြီ။ ဒီအလုပ်ကို မိုက်၍လုပ်ခဲ့ခြင်း မဟုတ်။ ငွေကြောင့်သာ လုပ်ခဲ့ခြင်းဖြစ်၏။

ဒါပေမဲ့ ကြောက်ကန်ကန်ကာ ခုနက လွှင့်သွားသော သေနတ်အား ပြေးကောက်ပြီး ပန်းညမွှေး၏နားထင်တွေ တေ့လျက် ...

"မင်း ရှေ့ကို တစ်လှမ်းတိုးလိုက် သေနတ်မောင်းဖြုတ်ပြီးသားပဲ"

ဇေထွန်း မတ်တတ်စုံရပ်၍ အကြံထုတ်နေမိ၏။ ပန်းညမွှေးကလည်း အသည်းကြောင်စွာ ကယ်ပါကူပါ မအော်။ အံကိုတင်းတင်းကျိတ်ပြီး တောင့်ခံနေ၏။

ဒေါ်ထိပ်ထားကတော့ ဘယ်သူ့ကိုမှ မကြည့်။ မျက်လုံးစုံမှိတ်ထားလိုက်သည်။

ထိုစဉ် ဇေထွန်း အနောက်နားဆီမှ ခြေသံနှင့်အတူ။

"လက်မြှောက်လိုက်ပါ မောင်ဇေထွန်း"





မိန်းမကိုင်ပစ္စတို၏ပြောင်းဝက ခါးကို လာတေ့သည်မို့ ဇေထွန်း လက်မြှောက်လိုက်ရသည်။

"ကလီကမာတော့ လုပ်မယ်မကြံနဲ့နော်၊ ရှေ့ကိုသွားလိုက်ပါ၊ ဂျာကင်အောက်ကိုလည်း လက်မနှိုက်ပါနဲ့"

ထိုအသံတွေကြောင့် ဒေါ်ထိပ်ထား မျက်လုံးဖွင့်ကြည့်ကာ လန့်ဖျပ်သွားရသလို ပန်းကလေးလည်း ဇေထွန်းအတွက်စိုးရိမ်သွားရလေသည်။

အကူအညီရောက်လာပြီမို့ ကိုမျိုး ပန်းညမွှေးနားထင်မှာ ထောက်ထားသောသေနတ်ကို ဇေထွန်းဆီသို့ ရွှေ့ချိန်လိုက်လေသည်။

ရှေ့ရော နောက်ရော သေနတ်တွေနှင့် ချိန်ထားလေတော့ ဇေထွန်း မလှုပ်သာ မလွန့်သာ။

ပန်းကလေးတို့မြေးအဘွားလည်း အသက်ပင် မရှူရဲ။ မှောက်နေသောလူတွေ သတိရလာမှာပင် စိုးရိမ်နေမိတော့၏။

ဒေါ်သဖင်ထွန်း ခိုင်းသည့်အတိုင်း တရွေ့ရွေ့ ရှေ့သို့လျှောက်နေသော ဇေထွန်းဦးနှောက်က အငြိမ်မနေ။ အကြံဉာဏ်တွေ ဖျစ်ညှစ်ထုတ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တင်းက လွတ်မြောက်နိုင်မည့်လမ်းစကို ခက်ခက်ခဲခဲ ရှာဖွေနေရသည်။

ထိုအချိန်မှာ သူရော ဒေါ်သဇင်ထွန်းပါ တစ်လုမ်းချင်း ရှေ့တိုးလာသမျှ သေနတ်ချိန်လျက်က သူတို့ အလစ်မပေးဘဲ မျက်စိကစားကာ ကြည့်နေသော ကိုမျိုးတစ်ယောက် ဟန်ချက်ပျက်ကာ ခြေချော်သွားခိုက် ထိုအခွင့်အရေးကို အမိအရ ဇေထွန်း အသုံးချလိုက်လေ၏။

အဲဒါကတော့ ဟန်ချက်ပျက်သွားတဲ့ ကိုမျိုးရဲ့ပေါင်ကြား တည့်တည့်ကို ခေါင်းနဲ့ ပစ်ဆောင့်လိုက်ခြင်းပါ။ တစ်ဆက်တည်း မှာလည်း နောက်မှာရပ်နေတဲ့ ဒေါ်သဇင်ထွန်းကို ခြေထောက်နဲ့ နောက်ပြန်ကန်ထည့်လိုက်ပါတော့တယ်။

အနောက်က ဒေါ်သဇင်ထွန်း ပက်လက်လန်လဲသွားသလို ကိုမျိုးလည်း မချိမဆန့်ခံလိုက်ရတဲ့ဝေဒနာကို လက်နဲ့ အုပ်ပြီး မျက်ဖြူဆိုက်နေတော့သည်။

ဒီအခြေအနေကို လက်လွတ်အဆုံးအရှုံးမခံဘဲ လဲနေတဲ့ ဒေါ်သဇင်ထွန်းလက်ထဲက သေနတ်ကို အပြေးအလွှား ဆွဲလု လိုက်ပြီး ဘောင်းဘီအိတ်ထဲမှာ အရန်သင့်ပါလာသော လက်ထိပ်





ဖြင့် ဇေထွန်း အမိအရ အသေအချာခတ်လိုက်ပါလေ၏။

ဒေါ်သဇင်ထွန်း အံ့ဩထိတ်လန့်စွာ ငေးကြောင်ကြည့် နေဆဲ သူ့ထံသို့ ပြေးဝင်လာသော ကိုမျိုးအား ဇေထွန်း ရင်ဆိုင် လိုက်သည်။ ဘယ်ဂိုက် ညာဂိုက်လက်သီးများနဲ့အတူ ဖေးဘရိတ် လက်သီးလုံးများ ပါမကျန် အကုန်သုံး၍ လောကကြီးနှင့် အဆက် ဖြတ်ပေးလိုက်လေတော့သည်။

သူ့ကို ရန်မူမည့်သူမရှိတော့မှ ပန်းကလေးနှင့်ဒေါ်ထိပ် ထားတို့အား ကြိုးဖြေပေးရင်း ဒေါ်ထိပ်ထားအား ဖက်လျက်–

"ဘွား ... ကျွန်တော် အလာနောက်ကျတာကို ခွင့် လွှတ်ပါ"

ဒေါ်ထိပ်ထားမှာ မျက်ရည်လေး တစမ်းစမ်းဖြင့် ဝမ်းသာ လုံးဆို့ကာ ...

"ရပါတယ် မြေးရယ် ... အခုလည်း နောက်မကျပါ ဘူး၊ ငါ့မြေး ရောက်လာတာနဲ့ အချိန်ကိုက်ပါပဲ၊ လက်စသတ် တော့ ငါ့မြေးက ဒီလိုလူလား"

"အဟင်း ... ဟင်း"

ချီးမွမ်းစကားအတွက် ဇေထွန်း ရယ်သွမ်းသွေးလျက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထိပ်ထားကိုရော ပန်းကလေးကိုပါ ဖက်ထားလိုက်လေသည်။

ညာတာပါတေးနှင့် ရောဖက်လိုက်သော ဇေထွန်းအား ပန်းကလေး ပြုံးစိစိနှင့် မော့ကြည့်၍ အားကိုးခြင်း၊ အထင်ကြီးခြင်းတို့ ရောပြွမ်းလျက် ရှိပါသော မျက်လုံးအစုံဖြင့် စကားတွေ အများကြီးပြောနေမိလေသည်။

ထိုစဉ် ...

"မေမေ"

အမောတကောပြေးတက်လာသော သီရိဆွေက သူ့အမေရဲ့အဖြစ်ကိုသော်လည်းကောင်း၊ ကိုမျိုးတို့ဆရာတပည့်တွေရဲ့အဖြစ်ကိုသော်လည်း မျက်ကလူးဆန်ပျာဖြင့် ဝေ့ဝဲကြည့်ကာ မှင်တက်မိသွားရတော့သည်။

ဇေထွန်းထံသို့လည်း အကြည့်စူးစူးတစ်ချက် ပို့လိုက်မိသည်။

ဘွားကို ကယ်ရန်သာ ဇေထွန်းကို အကူအညီတောင်းခဲ့တာပါ။ အခုတော့ မေမေကို ဖမ်းတဲ့အထိ ဖြစ်ရသလား။

"ဒါ ... ဒါ ... ဘယ်လိုဖြစ်တာလဲ ကိုဇေထွန်း"

အံကို တင်းတင်းကြိတ်ပြီး မာန်စွယ်မကြိုးသေးတဲ့





မျက်နှာကို တစ်ဖက်လွှဲထားတဲ့ မိခင်နားကို လေးတွဲ့စွာလျှောက်သွားပြီး လက်ညှိုးလေး တထိုးထိုး၊ အသံလေး တတုန်တုန်နဲ့ သီရိဆွေ မေးနေမိသည်။

ဇေထွန်းဘာဆိုတာကို သိထားပြီးပြီမို့ ဒေါ်သဇင်ထွန်း ဘာမှပြောဆိုချင်စိတ်မရှိတော့ မြွေပွေးခါးပိုက်ပိုက်တဲ့ မိမိအဖြစ်ကိုသာ တွေးပြီး ဒေါသထွက်နေမိပါ၏။

ဒီကိစ္စမှာ အနည်းဆုံးတော့ သမီးဖြစ်သူလည်း အပြစ်မကင်းခဲ့တာကြောင့် မျက်နှာလွှဲထားလိုက်ခြင်းလည်း ဖြစ်သည်။ သမီးကိုလည်း စိတ်နာမိသည်။

"မေမေ"

သူမကို လှည့်ကြည့်ဖော်တောင်မရသော မိခင်ဘေးမှာ ဒူးထောက်ထိုင်ချလျက် ကြေကွဲဆို့နင့်စွာ သီရိဆွေ ခေါ်လိုက်ပြီး တအားကျုံးဖက်လိုက်ရင်း ...

"သမီးကို ခွင့်လွှတ်ပါ မေမေရယ်၊ သမီးအမိုက်မကို ခွင့်လွှတ်ပါ၊ ဒီအထိ သမီးရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး၊ ဘွားကို ကယ်ချင်တာတစ်ခုတည်းပါ၊ ဒီလိုတွေဖြစ်မယ်မှန်းသိရင် သမီး အကူအညီမတောင်းမိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ကြီးတငင် ငိုကြွေး၍ ဗလုံးဗထွေးပြောနေသော သမီးဖြစ်သူအား ဒေါ်သဇင်ထွန်း လုံးဝကို လှည့်မကြည့်ပါလေတော့။

ဒီတော့ သီရိဆွေ ပို၍ခံစားရင်နာရပါတော့သည်။ ပို၍လည်း သည်းထန်စွာ ငိုကြွေးမိပါ၏။

သီရိဆွေပြောသမျှ သားအမိနှစ်ယောက်ဖြစ်နေပုံကို မျိုးငုံကြည့်၍ ဒေါ်ထိပ်ထားနှင့် ပန်းညမွှေးတို့ သဘောပေါက်လိုက်ပါသည်။

အခုလို လွှတ်မြောက်လာရတာ သီရိဆွေကျေးဇူးမကင်းဟု။

ထိုအဖြစ်အပျက်များကို ကျော်ခိုင်း၍ ဇေထွန်း ပြတင်းပေါက်မှာ သွားရပ်ပြီး စကားပြောစက်ကို ထုတ်ကာ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေလိုက်သည်။

အဆက်အသွယ်လုပ်ပြီးသွားသည်နှင့် ပြန်လှည့်လာပြီး

''စိတ်မကောင်းမဖြစ်ပါနဲ့ သီရိ၊ ကိုယ့်ကိုလည်း ခွင့်လွှတ်ပါ၊ တာဝန်အရမို့ မဖြစ်မနေ ဆောင်ရွက်လိုက်ရတာပါ''

သီရိဆွေမျက်ရည်များနှင့် ဇေထွန်းအား အားကိုးတကြီး





မော့ကြည့်လိုက်ပြီး ...

''မေမေ ... ဘာဖြစ်နိုင်လဲ ကိုဇေထွန်း''

ရှိက်သံလေးနှင့် မေးလိုက်လေသည်။

''ဒါကတော့ တရားဥပဒေက ဆုံးဖြတ်မှာပါ၊ ကျွန်တော်တို့နဲ့ မဆိုင်တော့ဘူးလေ၊ ဒီကို ကားဒရိုင်ဘာအဖြစ်နဲ့ ရောက်လာတာကလည်း ဒေါ်သဇင်ထွန်းရဲ့လှုပ်ရှားမှုတွေကို မသင်္ကာလို့ အထက်ကအမိန့်နဲ့ ရောက်လာခဲ့တာပါ၊ နောက်ပြီး အမည်မသိလူတစ်ယောက်ကို ခေါင်းက ဒဏ်ရာတွေနဲ့ ကားလမ်းမမှာတွေ့ပြီး ဆေးရုံကို လာပို့ထားတာ၊ ဘယ်သူမှ လူနာမေးမယ့်သူတောင် မရှိတော့ သက်ဆိုင်ရာက ထိန်းသိမ်းထားပြီး ဆေးကုသပေးခဲ့ပါတယ်၊ ဘာမှမေးလို့မရတာနဲ့ စိတ်ပိုင်းဆိုင်ရာဆရာဝန်တွေနဲ့ ကုသပေးခဲ့ကြပြန်ပါတယ်၊ တဖြည်းဖြည်းနဲ့ လူနာက တစ်ခွန်းစ, နှစ်ခွန်းစပြောလာတော့ သူ့နာမည် စပ်ဖော်ထွန်းတဲ့''

''ဟင်''

''ဟယ် ... သားတဲ့''

''အို''

ဇေထွန်း စကားမဆုံးမီ အသံပေါင်းစုံက အံ့သြစွာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာကြပြီး တစ်ဖက်ကို လှည့်ထားတဲ့ ဒေါ်သဇင်ထွန်းမျက်နှာကြီးက ဆွဲလှည့်ခံလိုက်ရသလို ချာခနဲ လှည့်လာတော့သည်။

ပြီး ... ဇေထွန်းကို သရဲသဘက်တစ်ကောင်အလား ကြောက်ရွံ့တုန်လှုပ်စွာ ငေးကြည့်လိုက် ယောက္ခမဖြစ်သူကို ဖျတ်ခနဲကြည့်လိုက်နှင့် သွေးပျက်နေတော့သည်။

သီရိဆွေမှာလည်း မိခင်အား ဖက်ထားတဲ့လက်ကို အလန့်တကြား ပြန်ရုပ်လိုက်သည်ထိ တုန်လှုပ်ချောက်ချားသွားရတော့သည်။

ရက်စက်လိုက်တာ မေမေရယ်လို့ ရင်ထဲက ညည်းတွားလိုက်မိ၏။ တစ်ဖက်ကလည်း ဖခင်ဖြစ်သူ အသက်ရှင်လျက်ရှိနေသေးတာကို သိရတော့ ဝမ်းနည်းဝမ်းသာဖြစ်ရလေသည်။

ဒေါ်ထိပ်ထားရင်ထဲမှာလည်း ထိုသို့သာ ဝမ်းနည်းဝမ်းသာ ဖြစ်နေရ၏။

လောဘတက်ပြီး အမှားအမှန်မခွဲခြားတတ်သော ချွေးမကိုပင် သနားသွားမိလိုက်သေးသည်။

ဪ ... ဒါလည်း လောဘသားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါလားလို့တွေးကာ သက်ပြင်းချမိလေသည်။





ထို့နောက် ဇေထွန်း စကားဆက်လေသည်။

"ဦးဇော်ထွန်းပြောပြချက်နဲ့အတူ ဒေါ်သဇင်ထွန်း တိုးချဲ့နေတဲ့ စီးပွားရေးလုပ်ငန်းဟာ အဖြူရောင်ရောင်းဝယ်ရေးဆိုတာ စုံစမ်းသိရှိရတော့ ကျွန်တော် တာဝန်အရ ရောက်လာရတာပါပဲ၊ နောက်တစ်ခု ပန်းကလေးတို့ မြေအဘွားအပေါ်မှာ ကျူးလွန်ထားတဲ့ ပြစ်မှုကပါ ထပ်ဆင့်တိုးလာတာသိရတော့ ဒေါ်သဇင်ထွန်းကို ဘယ်လိုမှ အလစ်ပေးလို့မရတော့တာနဲ့ အိမ်ထဲထိ ဝင်ရောက်ခွင့်ရအောင် ကြိုးစားရတော့တာပါပဲ"

တစ်လုံးချင်း ဖြည်းဖြည်းမှန်မှန် ရှင်းပြနေသော စကားများကို ဒေါ်သဇင်ထွန်း နားထောင်ပြီး ချုံးပွဲချငိုပါလေတော့သည်။

သီရိဆွေ ရင်နာနာနှင့် မိခင်ဖြစ်သူအား ကြည့်နေမိရုံမှတစ်ပါး ဘယ်လိုမှ မတတ်နိုင်တော့ပါ။

အမှုတွေက တစ်ခုတည်းမဟုတ်။

အမှုက တွဲလျက်ကြီး။ ဘယ်သူမပြု မိမိမှုပဲ။ ဘယ်သူမှ ကယ်လို့မရတဲ့အဖြစ်။ သီရိဆွေ လက်မှိုင်ချကာ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိလေသည်။

"ဒေါ်သဇင်ထွန်း ကိုယ့်အပြစ်ကို ဝင်ခံတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်မှာ ဘိန်းဖြူကို တစ်ကီလိုအထက် လက်ဝယ်မှာ တွေ့ရင် ကျွန်တော်တို့အနေနဲ့ ဖမ်းပိုင်ခွင့်ရှိပါတယ်၊ အခုဟာက ဒေါ်သဇင်ထွန်းဆီမှာ ဟိုဘက်က တိုက်ထဲမှာရော၊ မန္တလေးအိမ်က မြေတိုက်ခန်းထဲမှာပါ သေတ္တာပေါင်းများစာ ရှိနေတော့ ကျွန်တော်တို့ မဖမ်းလို့မရပါဘူး၊ နောက်ပြီး လူတစ်ယောက်ကို သုံးရက်ထက်ကျော်လွန်ပြီး ချုပ်နှောင်ထားရင် ပြန်ပေးဝရမ်း ထုတ်ခွင့်ရှိပါတယ်၊ အခု ဒေါ်သဇင်ထွန်း ဘွားတို့မြေးအဘွားကို လပေါင်းများစွာ ချုပ်နှောင်ထားတဲ့အတွက် ... ဟောဒီမှာပါ သက်ဆိုင်ရာက ထုတ်ထားတဲ့ ဖမ်းဝရမ်း''

အရန်သင့်ပါလာသော ဖမ်းပိုင်ခွင့် ဝရမ်းကို အထောက်အထားများစွာဖြင့် ဇေထွန်း ထုတ်ပြလိုက်သည်။

ဒေါ်သဇင်ထွန်း ဖက်ကြိုးကျကာ ဘာစကားမှ မပြောနိုင်တော့ပေ။ ဒီအမှုတွေနဲ့အတူ ခင်ပွန်းဖြစ်သူအား ရိုက်သတ်စွန့်ပစ်မှုက တွဲလျက်။ ဒါကို တွေးကာ မျက်ရည်ပင်လယ်ဝေရ ပြန်သည်။

လွတ်လမ်းမမြင်တော့ဘဲ ဘဝမှာ သမီးအတွက် နောက်ဆံတင်းသွားမိ၏။





ဒီတစ်ခါတော့ သမီးမျက်နှာလေးကိုတော့ ကြည့်ဖြစ်လေသည်။ မျက်ရည်ကြားကနေ ဝိုးတဝါးမြင်ရတဲ့သမီးမျက်နှာလေးက အားငယ်မှုတွေနဲ့ သူမအား တောင်းပါန်နေသယောင်။

ဒေါ်သဇင်ထွန်း အသက်ကို ဝအောင်ရှူပြီး စိတ်ကို တင်းလိုက်သည်။ ဟုတ်တယ်။ စိတ်လျှော့နေလို့ မဖြစ်ဘူး။ ကိုယ်မှန်တယ်ထင်လို့လုပ်ပြီးမှ နောင်တမရင်ချင်။

ဒါကြောင့် မျက်နှာကို မော့တင်းလိုက်ပြီး ...

''သမီး ... ငိုမနေနဲ့၊ မေမေလုပ်ရဲခဲ့တဲ့အတွက် ခံရဲတယ်၊ သမီးကိုတော့ သမီးဘွားဘွားက မပစ်ထားပါဘူး၊ သမီးလိမ်လိမ်မာမာနဲ့ နေခဲ့ပေတော့၊ သမီးဖေဖေလည်း ပြန်ရောက်လာမှာပဲဟာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာ ရပ်နိုင်အောင် ကြိုးစားပါ၊ မေမေ့လို ဖြတ်လမ်းမလိုက်မိစေနဲ့၊ ကြားလား သမီး၊ တိတ်တော့နော်''

''ဟုတ် ... ဟုတ်ကဲ့ မေမေ''

စကားအဆုံးမှာ သားမိနှစ်ယောက် ဖက်ငိုကြပြန်လေသည်။

ဇေထွန်း မျက်နှာလွှဲလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း မာန်ထန်နေတဲ့ သီရိဆွေမဟုတ်တော့ဘဲ သနားစရာကောင်းတဲ့ သိုးငယ်လေးဖြစ်နေပြီ မဟုတ်ပါလား။

ပန်းကလေးကို လှမ်းကြည့်မိတော့ နဂိုစိတ်ရင်းကောင်းသူလေးမို့ သူတို့သားအမိကိုကြည့်ပြီး မျက်ရည်တွေကျနေရှာလေသည်။

ဒေါ်ထိပ်ထားလည်း မျက်ရည်တွေတွေကျကာ မြေးနှင့်ချွေးမအတွက် ရင်နာနေပုံပါ။

"ဆရာဇေထွန်း ကျွန်တော်တို့ ရောက်ပါပြီ"

ရင်နာစရာ ဇာတ်သိမ်းခန်းကို ကြည့်နေကြသူများနှယ် ဇာတ်လမ်းထဲ နစ်မျောနေခိုက် အသံပေးကာ တက်လာသော ရဲသားများ၏အသံကြောင့် အားလုံး သူတို့ဆီ အာရုံရောက်သွားတော့သည်။

"လာ ဆရာလှမျိုး ... ဟိုမှာ လေးယောက် သတိရအောင် လုပ်လိုက်ပါဦး၊ ဒီတစ်ယောက်ကတော့ တော်တော်နဲ့ သတိရမှာ မဟုတ်ဘူး၊ ကားထဲ ဒီအတိုင်းသာ တင်သွားလိုက်၊ စခန်းရောက်မှ သတိရမလား၊ လမ်းမှာပဲ သတိရမလား မသိဘူး"





ကိုမျိုးကို ရဲသားများ ခြေထောက်က တစ်ယောက်၊ ခေါင်းက တစ်ယောက် မ,လျက် ခေါ်သွားကြပြီး ကျန်လေးယောက်ကို ကုပ်ကနေဆွဲ၍ ထခိုင်းလိုက်ကြကာ လက်ထိပ်ခတ်၍ ခေါ်သွားကြလေတော့သည်။

နောက်ဆုံး ဒေါ်သဇင်ထွန်းကို ရဲသားတစ်ယောက်က လာ၍တွဲကာ ခေါ်သွားလေသည်။

"မေမေ ... မေမေ"

မျက်ရည်တစ်စက်မှ မကျတော့ဘဲ ဒေါ်သဇင်ထွန်း လိုက်သွားနိုင်သော်လည်း သီရိဆွေမှာ သည်းအူပြတ်မတတ် ငိုကြွေးအော်ဟစ်ရင်း ကျန်ခဲ့ရှာလေသည်။

ဒေါ်ထိပ်ထား မြေးနားကိုလျှောက်သွားပြီး ရင်ခွင်တွင်း ထွေးပွေ့ထားလျက် ...

"တိတ်ပါ မြေးရယ် ... ဝမ်းမနည်းပါနဲ့၊ ဘွားတို့လည်း ရှိတာပဲ၊ မြေးဖေဖေလည်း ပြန်ရောက်လာတော့မှာပဲဟာ၊ ငါ့မြေး တစ်သက် ဘယ်တော့မှ စိတ်မကောင်းရဲရအောင် ဘွားထားမှာပါ၊ တိတ်ပါကွယ် ... တိတ် တိတ်"

ခေါင်းလေးကို ပွတ်ကာ ချော့မော့နှစ်သိမ့်နေမိရင်း ရာဇ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဘေး ပြေးမလွတ်ပုံကို သံဝေဂရနေမိ၏။

"ကဲ ... သွားကြရအောင်၊ ဘွားရှေ့က သွားလေ၊ ဖြစ်ရဲ့လား ဘွား"

စိတ်ဆင်းရဲမှုတွေ ဆက်တိုက်ခံစားနေရပြီး သောကတွေက အသက်နှင့်မလိုက်အောင် ဖြစ်တည်ခဲ့ခြင်းအပေါ် ခံနိုင်ရည်မရှိမှာစိုး၍ ဖေထွန်း သတိပေးလိုက်ခြင်းဖြစ်သည်။

ကျေးဇူးတင်စွာ ဖေထွန်းကို ဒေါ်ထိပ်ထား ရီဝေစွာ ပြုံးကြည့်လျက်။

"ရပါတယ် မြေးရယ်၊ ဒီလောက်တော့ ဘွား ခံနိုင်ရည်ရှိပါတယ်"

အားလုံး လေ့ကားကနေတစ်ဆင့် ခြံထဲသို့ရောက်ခဲ့ကြပြီး တိုက်ထဲမှာ သေတ္တာတချို့ကို ရဲသားများ ကားပေါ်တင်နေကြခြင်းအား ရပ်ကြည့်နေမိကြလေသည်။

ရဲသားတစ်ယောက်က ဖေထွန်းနားကိုရောက်လာ၍ ဆလံရိုက်ကာ အလေးပြုလိုက်ပြီး ...

"ကျွန်တော်တို့ကားနဲ့ လိုက်မှာလား ဆရာ"

"ခြော် ... မလိုက်သေးဘူး၊ အိမ်ကိုလိုက်သွားလိုက်ဦးမယ်၊ လာပါ ဘွားရယ် ... သွားကြပါစို့၊ လာ ... သီရိနဲ့ပန်းကလေး"

ရဲသားလေးအား ပြန်ပြောပြီးသည်နှင့် ကားဆီသို့ ဦးဆောင်ထွက်ခဲ့လိုက်သည်။

ခုနက ဒေါ်သဖင်ထွန်း စီးလာခဲ့သောကားဖြင့် ပြန်ကြရမှာဖြစ်သည်။ အချုပ်ကားဖြင့် ဒေါ်သဖင်ထွန်းက ပါသွားပြီမဟုတ်ပါလား။

ထို့နောက် အိမ်သို့ ဝင်ပို့ထားခဲ့ပြီး နောက်နေ့မှ ပြန်လာမည်ဟု ဖေထွန်း ပြောခဲ့ကာ စခန်းသို့ ထွက်ခဲ့လိုက်ပါ၏။

❋ ❋ ❋







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟော . . . အစ်ကိုရောက်လာပြီ၊ လာ အစ်ကို . . . ဘွားက တမေးတည်း မေးပြီး တမျှော်တည်း မျှော်နေတာ"

မနက်မှ ပြန်လာမယ်ဆိုတဲ့ ကတိအတိုင်း မနက်ရောက်တာနှင့် ဇေထွန်း ရောက်လာခဲ့သည်။

ခြံဝကနေ ကားဟွန်းသံပေးလိုက်တာနှင့် ထွက်ကြိုလာသော ချစ်ရသော ပန်းကလေးအား လန်းဆန်းစွာ တွေ့ရပြီး ချိုသာသောအသံလေးနှင့် နှုတ်ခွန်းဆက်သံကြားရခြင်းအတွက် ကြည်နူးစွာ ဇေထွန်း ပြုံးလိုက်မိသည်။

ဘွားက တမေးတည်း မေး၊ တမျှော်တည်း မျှော်နေ





တယ်ဆိုတော့ ပန်းကလေးကရောလို့ မေးလိုက်တော့ . . .

"အစ်ကိုနော်"

လို့ ရှက်သွေးဖြာကာ ရှက်ဝဲဝဲလေး ပြောလိုက်ပုံအား ဇေထွန်း ကြည့်မဝနိုင်အောင်ဖြစ်ရပြီး အားမလိုအားမရဖြင့် ကားပေါ်ကနေ လှမ်းဖက်လိုက်မိပါ၏။

ပန်းကလေး ကိုယ်လေးကို ကျုံ့၍ ဇေထွန်းလက်ကို ပုတ်ချလျက် . . .

"ဟိုးဆရာ . . . ဟိုး၊ ဒါတော့ လွန်ပြီနော်၊ ကားပေါ်က ဆင်းပါဦးတဲ့လား၊ ဟိုမှာ ဘွားစောင့်နေတယ်"

မချိုမချဉ်မျက်နှာလေးနှင့်ပြောကာ ပန်းကလေးရှေ့က နေ တိုက်ထဲကို ဝင်ပြေးလေတော့သည်။

ကားပေါ်ကဆင်းလျက် ဇေထွန်း လွန့်လွန့်လေးပြုံးကာ အနောက်က လိုက်သွားမိပါသည်။

တိုက်ထဲရောက်တော့ ညှေ့ခန်းမှာ အရင်ကတွေ့ဖူးခဲ့သော ဘွားနှင့် ခြားနားစွာ နန်းဆန်သော ဆင်ယဉ်ထုံးဖွဲ့မှုတို့ဖြင့် ကြိုဆိုနေသော ဒေါ်ထိပ်ထားအား ဇေထွန်း တွေ့လိုက်ရာ အံ့သြသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာငေးကြည့်နေတာလဲ မြေးရဲ့ . . . လာပါ၊ ဘွားမှာ ဖြင့် မျှော်လိုက်ရတာ၊ အလုပ်တွေ များနေလို့လား၊ အခုမှ လာတာ"

အံ့ဩပြီး ရပ်ငေးနေမိတဲ့ ဖေထွန်းကို ဒေါ်ထိပ်ထားက သတိပေးရင်း လှမ်းခေါ်လိုက်လေသည်။

ဒီတော့မှ ဖေထွန်း ဘွားအနားမှာ ကပ်ထိုင်လျက် ပခုံး ကို ချွဲနွဲ့စွာ ဖက်လိုက်ပြီး . . .

"မှတ်တောင် မမှတ်မိဘူး၊ ဘွား နေကောင်းတယ်နော်၊ အားလုံး ပြောင်းလွဲကုန်ပြီဆိုတော့ အရင်လို ကျွန်တော့်ကို ခေါ် မယ့်သူမှ ရှိပါ့မလားလို့တွေးပြီး စိတ်ပူလိုက်ရတာ၊ အခုမှပဲ ရင်အေးရတော့တယ်၊ ဒါနဲ့ သီရိရောဟင်"

ဘွားနား၌ ကလေးတစ်ယောက်နှယ် ကပ်ချွဲသလိုပုံစံ ဖြင့် ပြောလိုက်ပြီးမှ သီရိဆွေကို မတွေ့၍ မေးလိုက်မိလေသည်။

"မြေးလေးသီရိ ရှိပါတယ်ကွယ်၊ ဘုရားခန်းထဲမှာနဲ့ တူတယ်၊ မြေးကလည်း ပူစရာမရှိ ပူတတ်တယ်နော်၊ ဘွားရင် ထဲမှာ မြေးဖေထွန်းကို တကယ့်ကိုယ့်မြေးတစ်ယောက်လို သံ ယောဇဉ်ဖြစ်ခဲ့တာပါ၊ ဒုရဲ့အုပ် ဖေထွန်းမှန်း မသိရခင်တည်းကပဲ





ယုံကြည်ချစ်ခင်ခဲ့တာဆိုရင် မြေး ယုံပါ့မလား၊ နောက်ပြီး မြေး ဖေထွန်းကြောင့် ပြန်ရခဲ့တဲ့ ဒီစည်းစိမ်တွေအတွက် ဘယ်လိုကျေး ဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးကွယ်၊ ဒီလိုလူကို ဘွားတို့ ကျေးဇူးကမ်းပါ့မလား"

သူ့စကားတစ်ခွန်းကြောင့် ဘွား စိတ်မကောင်းဖြစ်သွား တာကို သိလိုက်ရ၍ ဖေထွန်း ပျာပျာသလဲဖြင့် မျက်နှာညှိုးကျ သွားတဲ့ ဘွားကို တအားဖက်ကာ . . .

"အာ . . . ဘွားကို အဲ့လိုသဘောနဲ့ ပြောမိတာ မဟုတ် ပါဘူး၊ ဘွားတို့ရဲ့ ကျွန်တော့်အပေါ်ထားတဲ့ သံယောဇဉ်ကိုလည်း အစတည်းက သိပြီးသားပါ၊ ကျွန်တော့်ကြောင့် စိတ်မကောင်း ဖြစ်သွားရတာ၊ တောင်းပန်ပါတယ်နော် ဘွား၊ တောင်းပန်ပါ တယ်"

မျက်စိမျက်နှာပျက်ဖြင့် လျှာခလုတ်တိုက်မတတ် တောင်းပန်နေတော့လေသည်။

ပျာယာခတ်သွားသော ဖေထွန်းကို ဒေါ်ထိပ်ထား အပြုံး တို့ဖြင့် . . .

"ဒီလောက် တောင်ပန်စရာလား မြေးရယ်၊ ငါ့မြေး



www.burmeseclassic.com

www.burmeseclassic.com



ဘွားအပေါ်ထားတဲ့ သံယောဇဉ်လည်း ဘွား တွေ့နေ မြင်နေတာပဲ၊ ဘယ်တော့မှ အပြစ်မမြင်ဘူး၊ မြေးကသာ ဘွားတို့ကို အရင်အတိုင်း ဆက်ဆံပါ၊ ဪ ... ဒါနဲ့ ဘွားရဲ့သားလေးကို ဘယ်တော့ လာတွေ့လို့ ရမလဲကွယ်''

''အခုလိုက်တွေ့လို့လည်း ရပါတယ် ဘွားရဲ့၊ ဒါပေမဲ့ အန်ကယ်ဦးဇော်လွန်းကို ဒီကို ပြန်ပို့ပေးပါ့မယ်၊ ဘွားတို့ လာစရာ မလိုတော့ဘူးပေါ့၊ အမှုက တရားရုံးရောက်သွားရင်သာ အစိုးရ သက်သေအဖြစ် အန်ကယ်က ထွက်ဆိုရမှာဆိုတော့ ခရီးဝေး သွားလို့တော့ မရသေးဘူးနော်''

''အေးပါကွယ်၊ ဘာပဲဖြစ်ဖြစ် မြေးဇေထွန်းကျေးဇူးတွေက ဆပ်လို့ကို ကုန်နိုင်မှာ မဟုတ်တော့ပါဘူး''

''ဘွားကလည်း ... ကျွန်တော် မနေတတ်အောင် မပြောပါနဲ့''

''ကဲ ... ဘွားနားကပ်ပြီး ချွဲမနေနဲ့ အစ်ကို၊ ထမင်းစားခန်းထဲကိုလိုက်ခဲ့၊ အစ်ကိုလာမယ်ဆိုလို့ သီရိနဲ့ပန်းကလေး အုန်းနို့ခေါက်ဆွဲကို ဘဲသားနဲ့ ချက်ထားတယ်၊ လိုက်စားလိုက်ပါဦး''





ထမင်းစားခန်းထဲက ထွက်လာပြီး ကျီစယ်လိုက်တဲ့ ပန်းကလေးက ချစ်ရည်ရွှန်းလဲ့စွာ ဇေထွန်းအား စိုက်ကြည့်လျက်–

''ထလေ အစ်ကိုရဲ့၊ ဘာငေးကြည့်နေပြန်တာလဲ''

''ဪ ... ဒီတစ်ခါတော့ ပန်းကလေး ကိုယ့်ကို နှိုးချောင်နိုးဝှက် ကျွေးစရာမလိုတော့ဘူးနော်၊ အိမ်ရှင်တစ်ယောက် အနေအထားနဲ့ ပေါ်ပေါ်တင်တင်ပဲ ညှို့ဝတ်ပြုလို့ ရသွားတာကို ဝမ်းသာနေလို့ပါ''

''အဲဒါလည်း အစ်ကို့ကျေးဇူးပဲလေ''

''အာ ... တော်ပါတော့ကွာ၊ ဒီကျေးဇူးကြီးကို ကြာရင် အစ်ကို ထွက်ပြေးမိလိုက်မယ်''

မနေတတ်မထိုင်တတ်ဖြစ်နေရပြီး ခေါင်းကိုကုပ်လျက် ဇေထွန်း လက်တကားကားဖြင့် တောင်းပန်ရတော့သည်။

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ မပြောတော့ပါဘူးတဲ့၊ ထမင်းစားခန်းထဲကိုသာ ကြွပါရှင်''

''ဘွားရော ... လာလေ အတူစားရအောင်''

''သွားပါတော် ... သွားစားချေပါ၊ ဘွားက မနက်ကတည်းက စားပြီးနေပါပြီ၊ မြေးကို စောင့်နေတာ မလာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စားနှင့်လိုက်တယ်''

''ဟုတ်ကဲ့ ့...ဒါဆို ခဏနော် ဘွား''

အလိုက်တသိနဲ့ ထမင်းစားခန်းကို လိုက်မလာသော ဘွားအား ကျေးဇူးတင်သောအကြည့်ဖြင့် ဇေထွန်း ကြည့်လိုက်ပြီး ခပ်သုတ်သုတ်ပင် ထမင်းစားခန်းဆီ လျှောက်ခဲ့လိုက်သည်။

''အားပါး ...မစားရသေးခင်တည်းက အရသာရှိမယ်ဆိုတာ သိနေပြီ ပန်းကလေးရေ၊ ဟင်းရည်အနံ့က မွှေးပျံ့ပြီး ချစ်စဖွယ်ပါလားကွာ''

ထမင်းစားခန်းထဲ စဝင်လိုက်ကတည်းက မွှေးပျံ့သော ဟင်းရည်အနံ့က နှာသီးဝကို လာရောက်ကြိုဆိုဖိတ်ခေါ်လိုက်သည့်အတွက် သွားရည်ပါ ယိုသွားရပြီး မနေနိုင် မထိုင်နိုင် ဇေထွန်း ပြောလိုက်မိခြင်း ဖြစ်သည်။

ကျေနပ်သော အပြုံးတို့ဖြင့် ပန်းညမွှေးက အပြုံးတွေ ရွှန်းရွှန်းဝေလျက်။

''စားချင်စဖွယ်ဖြစ်တယ်လို့ ပြောတာနဲ့တင် ချက်ရကျိုးနပ်သွားပါပြီ အစ်ကိုရယ်၊ ကဲ ...စား အစ်ကို၊ အရန်သင့်ပဲ၊ လိုတာပြော''





အရန်သင့်ပြင်ဆင်ပြီးသား စားပွဲဝိုင်းပေါ်က အုန်းနို့ခေါက်ဆွဲပန်းကန်ကို ဟန်ပင်မဆောင်နိုင် ဇေထွန်း တွယ်လေတော့သည်။

ဘဲဥဖတ်လေးများ၊ အကြော်နှင့် ရှောက်သီးစိပ်လေးများကို ဘေးကနေ တစ်ခုချင်း နည်းနည်းစီ ပန်းကလေး လိုက်ထည့်ပေးရင်း အားရပါးရ စားနေသောဇေထွန်းအား ကြည်နူးစွာ ကြည့်နေမိလေသည်။

ရင်အုပ်ကားကား၊ နှာတံ့ပေါ်ပေါ်၊ မေးရိုးကားကား မျက်လုံးမျက်ဖန် ကြည့်ကောင်းသည့်အပြင် ဘာမဆို တိကျပြတ်သားစွာ လုပ်တတ်ပုံက နှုတ်ခမ်းတွင် ပေါ်နေသာယောင်။

ဒီလိုလူနှင့် ဆုံစည်းဖို့ ကံကြမ္မာက ဖန်တီးပေးလိုက်တာ ထင်ရဲ့။

ပန်းကလေး သူ့အတွေးနဲ့သူ ခပ်ဖွဖွပြုံးလိုက်မိ၏။

ဒီအချိန်မှာ ခေါင်းမဖော်တမ်း စားနေရာမှ ခေါင်းမော့လာတဲ့ ဇေထွန်းနှင့် အကြည့်ချင်းဆုံမိသွားကြပြီး ပန်းကလေး အကြည့်လွှဲချိန်မရလိုက်တော့ပေ။

ရှက်ပြုံးနဲ့ မျက်နှာလွှဲရန်ပြင်လိုက်စဉ် အခွင့်အရေးရခိုက်



www.burmeseclassic.com

www.burmeseclassic.com



လက်မလွှတ်တမ်း အချိန်ကို တန်ဖိုးထားတတ်သော ဇေထွန်း၏ ဝသီအတိုင်း ...

"လူကို ခိုးကြည့်ပြီး အခုမှ ဘာရှက်သွားတာလဲ၊ အစ်ကို့ကိုကြည့်ပြီး ဘာတွေတွေးနေလဲ ပန်းကလေး"

ခိုးထုပ်ခိုးထည်နဲ့ မိသွားပြီးမှတော့ ပန်းကလေး ရှက်မနေတော့ ချစ်စဖွယ်မျက်စောင်းလေးထိုး၍ ...

"ဟွန်း ... အစ်ကို့ကို ခိုးကြည့်စရာလား။ အရှေ့တည့်တည့်ကနေ ထိုင်ကြည့်နေတဲ့ဟာကို၊ တွေးတာကတော့ တွေးတယ် အစ်ကိုရေ ... အစ်ကိုနဲ့ ပန်းကလေး တွေ့ပုံဆန်းကြယ်တဲ့အကြောင်း"

"ဒါပဲလား"

တမင်ပင် ဇေထွန်း ကျီစယ်လိုက်သည်။

"ဒါ့အပြင် ဘာရှိသေးလို့လဲ"

မသိချင်ယောင်ဆောင်ပြီး ပန်းကလေး မေးထည့်လိုက်ရင်း မျက်စောင်းလှလှလေးကို တရစပ်ထိုးနေတော့သည်။

ထိုမျက်စောင်းဒဏ်ကို ကျေနပ်စွာ ဇေထွန်း ခံယူလျက်

"လှတယ်ကွာ၊ လှတဲ့သူများကျတော့ မျက်စောင်းထိုး





လည်း လှနေတာပါပဲလား"

"အစ်ကိုနော် ... အသံကြီးကလည်း ကျယ်လိုက်တာ၊ အိမ်ရှေ့မှာ ဘွားရှိတာ သတိထားဦး"

ထိုသို့ မနှိုတရို့လေး ပြောလိုက်ပုံကို အသည်းတွေယားကာ ဇေထွန်း ပန်းကလေးအနားသို့ ဗွေ့ခနဲ ရောက်လာတော့သည်။

"ဟင် ... အစ်ကို မုန့်သွားဆက်စားလေ၊ ဘာလာလုပ်တာလဲ"

ဒီလိုဆိုတော့လည်း ပန်းကလေး လန့်သွားရသည်။ ပြူးတူးပြဲတဲနှင့် အလန့်တကြား မေးလိုက်မိသည်။

ဇေထွန်း စပ်ဖြဲဖြဲလုပ်၍ ...

"ကိုက်မစားပါဘူး ပန်းကလေးရဲ့၊ အစ်ကို့ရင်ထဲကပွင့်လန်းလာတဲ့ ဟောဒီပန်းကလေးကို မြတ်နိုးစွာ ထွေးပိုက်ထားချင်လို့ပါ"

အပြောနဲ့ တစ်ထပ်တည်းကျစွာ ပန်းကလေး ရင်ခွင်ထဲသို့ ရောက်လာခဲ့သည်။

"အာ ... အစ်ကို အဲ့လိုမလုပ်နဲ့ကွာ လွှတ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲကနေ ပန်းကလေး အတင်းရုန်းထွက်နေမိ၏။ ဘယ်လိုမှ ရုန်းထွက်လို့မရပါ။ သန်မာသော ဇေထွန်း၏လက်မောင်းတွေက ပန်းကလေးကို အမိအရဖက်တွယ်ထားကြလေသည်။

"လွှတ်စေချင်ရင် ချစ်တယ်လို့ ပြောလေ၊ အဲဒါ ကြားပြီးရင် လွှတ်မယ်"

အကျပ်ကိုင်၍ မချိုမချဉ်မျက်နှာနှင့် ဇေထွန်း ပြောလိုက်ရာ ပန်းကလေးမျက်နှာတစ်ပြင်လုံး တွတ်တွတ်ရဲလျက်။

"အစ်ကို မကောင်းဘူးကွာ၊ လူကို ဒီလောက်ဖက်ထားတဲ့ကြားက ဘာတွေမေးမှန်း မသိဘူး"

"ဘာတွေမေးလို့လဲ ... ချစ်လားလို့ မေးတာလေ"

"လုပ်ပြန်ပြီ ... ရှက်တယ် အစ်ကိုရဲ့၊ ပြောမထွက်ဘူး"

ပြောင်စပ်စပ်မျက်နှာနှင့် ပြောနေသော ဇေထွန်းကို မော့မကြည့်ရဲတော့ဘဲ ရင်ခွင်ထဲ တိုးဝင်၍ ပန်းကလေး ရှက်ဝဲဝဲလေး ပြောလိုက်မိသည်။

"ကဲ ... အဲဒါဆို ပန်းကလေးက အဲဒီအတိုင်းပဲနေ





တော့မယ်ပေါ့၊ ဒါဆိုလည်း ရတယ်၊ မဖြေနဲ့၊ အစ်ကိုက ပိုကြိုက်တယ်ဗျာ"

"ဟာ ... အစ်ကိုနော်"

ခြေလေးဆောင့်၍ ပန်းကလေး အော်လိုက်ရာ ဇေထွန်း တဟားဟား အော်ရယ်လျက်။

"ချစ်တယ်လို့ ပြောကွာ၊ တော်ကြာ ဘွားနဲ့သီရိ ဝင်လာရင် ပိုရှက်စရာဖြစ်မယ်"

ထိုသို့ ခြောက်လိုက်မှ ပန်းကလေး တကယ်လန့်သွားပြီး ရင်ခွင်ထဲမှနေ၍ ချစ်ရည်ရွှန်းလဲ့စွာ မော့ကြည့်ပြီး ...

"မေးနေရသေးလား အစ်ကိုရယ်၊ ပန်းကလေး အစ်ကို့ကို ပန်းကလေးအတွက် အလင်းရောင်တွေ နွေးသစ်တွေ ယူဆောင်ပေးလာတဲ့ အရှင်သခင်လို့တောင် တင်စားထားတာပါနော်"

ဇေထွန်း အဓိပ္ပာယ်မပေါက်သည့်အတွက် မျက်မှောင်လေးကြုတ်ပြီး ...

"ဘယ်လို ... ဘယ်လို ပန်းကလေး ပြန်ပြောပါဦးကွာ၊ အစ်ကို နားမလည်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဒါကျတော့ နားမလည်ချင်ယောင်ဆောင်တယ်"

"တကယ်ပြောတာပါ၊ အစ်ကို တကယ်မသိတာပါ"

"အမှောင်ကျလုလု ပန်းကလေးရဲ့ဘဝအတွက် မနက်ဖြန် မနက်ဖြန်ပေါင်းများစွာကို ကောင်းသောနေ့သစ်များအဖြစ် ဖန်တီးယူဆောင်ပေးလာတဲ့ အစ်ကို့ကိုလေ ပန်းကလေးက ရွှေအိုရောင်နေ့များရဲ့အရှင် မေ့သခင်လို့ တင်စားတာပါပဲရှင် ... သိပြီလား"

"ဟာ ... ပန်းကလေးရယ်"

မေးလာပုံက တကယ့်လူရိုးလူအကြီးပုံစံမို့ ရင်ခွင်ထဲက ထွက်ပြီး အသံစာစာလေးဖြင့် မျက်စောင်းလေးတခဲခဲလုပ်ကာ ပြောလိုက်ရာ ဇေထွန်း ပါးစပ်အဟောင်းသားဖြစ်လျက် ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်းတို့ ရောပြွန်းလျက် ပန်းကလေးကို ရင်ခွင်ထဲ ပြန်ဆွဲသွင်း၍ ဖက်ထားလိုက်မိပြန်လေသည်။

ပြီးပြီပေါ့ ဘာလိုသေးလဲ ဒီထက်တိကျတဲ့အဖြေတောင် ဒီလောက်တိကျပါ့မလား။

"ဝမ်းသာလိုက်တာ ပန်းကလေးရာ၊ ပန်းကလေး





အစ်ကို့အပေါ်မှာ ပြောင်းလွဲမသွားတဲ့ စိတ်တွေကို အရမ်း ... အရမ်းကျေးဇူးတင်တယ်ကွာ"

ဝမ်းသာလွန်း၍ တုန်ယင်လှိုက်မောနေသောအသံက ဟန်ဆောင်ခြင်း ကင်းနေရ၏။ ပန်းကလေး၏လက်ဖဝါးလေးကိုပါ ဖျစ်ညှစ်ဆုပ်ထားလိုက်မိလေ၏။

ပန်းကလေး ရင်ခွင်ထဲကနေ မော့ကြည့်ပြီး မယုံမရဲလေးဖြင့် လက်ကို ရုန်းလိုက်ရင်း ...

"အစ်ကို ဒုရဲအုပ်ကြီးကလည်း ဒီစကားတစ်ခွန်းကြားရုံနဲ့ တုန်လှုပ်သွားရလား၊ ပန်းကလေး ယုံတောင် မယုံချင်တော့ဘူးနော်"

မှုန့်နွဲ့နွဲ့အသံလေး ရင်ကိုနွေးသွားစေသည့်အပြင် ရင်ကို အေးမြစေ၏။

ထို့နောက် ရှက်ကိုးရှက်ကန်းဖြင့် ဇေထွန်း၏မျက်နှာကြီး ထူအမ်းအမ်းဖြစ်လျက် ...

"အဟီး ... ဒုရဲအုပ်လည်း အသည်းနဲ့ပဲလေကွာ၊ ခံစားချက် ပြင်းထန်သွားလို့ တန်ပြန်သက်ရောက်မှုတွေ ဖြစ်သွားခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုပို"

မျက်စောင်းလှလှလေးက ဒိုင်းခနဲရောက်လာပြန်သည်။ မလွယ်ပါလား။ ဒီမျက်စောင်းဒဏ်တစ်ချက် ရောက်လာတိုင်း ရင်ခုန်သံက တားမရ။

ဒါဆို ကြာရင်မလွယ်။

"ပန်းကလေး"

"ရှင်"

"ကျေးဇူးပဲ"

"ဟင် ... လာပြန်ပြီ ဘာကျေးဇူးလဲ အစ်ကိုရဲ့"

ကတုန်ကယင်ဖြစ်နေတဲ့ ရင်ကို ထိန်းသိမ်းလို့ ရလိုရငြား စကားလမ်းကြောင်းလွှဲလိုက်ခါမှ ချစ်စဖွယ်အကြည့်လေးနဲ့ မေးလာတော့ ဇေထွန်း အူကြောင့်ကြောင် ဖြစ်သွားရသည်။ ငေးမောနေမိသည့်အဖြစ်။

"ဟင်လို့ ... ဘာကျေးဇူးလဲ အစ်ကို"

"ဩော်ကွာ ... အခုဆို ပန်းကလေးဘဝက ပင်မြင့်ထက်က ပန်းသဇင်ဖြစ်သွားပြီ မဟုတ်လား၊ အစ်ကိုလို့ ဒုရဲ့အုပ်ပမွှားလေးကို အရင်စိတ်အတိုင်းပဲ ရှိသေးတဲ့အတွက်ကို ပြော





တာပါ"

"အဲဒီအစ်ကိုဟာလေ ... ဒီအကြောင်းအရာထဲကကို မထွက်ဘူး။ ဒီမှာ အစ်ကို သိထားဖို့ နောက်ဆုံးစကားတစ်ခွန်း ပြောမယ်၊ နောက် ဘယ်တော့မှ မေးလည်း မမေးနဲ့တော့၊ အစ်ကိုလည်း ထပ်မပြောကြေး၊ ပန်းကလေးကလေ အစ်ကိုပြောသလို ပင့်မြင့်ထက်က ပန်းသဇင်မဟုတ်ပါဘူး၊ နာမည်ကိုက ပန်းညှမွှေးတဲ့၊ တခြားပန်းတွေလို ပူလောင်တဲ့နေရောင်ခြည်အောက်မှာ မွှေးပျံ့ပွင့်လန်းချင်တဲ့ပန်း မဟုတ်ဘူးသိလား၊ အေးမြတဲ့ လရဲ့အလင်းရောင်ရဲ့ မေတ္တာဓာတ်ကို ခံယူပြီး ဟောဒီအစ်ကို အနားယူတဲ့ ညချမ်းအချိန်လေးမှာမှ ရင်ကိုအေးမြလန်းဆန်းသွားအောင် မွှေးရနံ့ သင်းပျံ့စေတဲ့ ပန်းကလေးပါနော်"

ရင်ခွင်ထဲက ရုန်းထွက်ပြီး မတ်တတ်လေးရပ် ခါးလေးထောက်၍ လက်ညှိုးလေး တထောင်ထောင်ဖြင့် စိတ်မရှည်စွာ ရှင်းပြနေသူလေးအား ဇေထွန်း ချစ်မဝနိုင်အောင် ရှိရချေသည်။

"ဩော် ပန်းကလေးရယ်" လို့သာ ပီတိစိတ်နဲ့ ကြည်နူးရပါချေ၏။

"ညမွှေးရေ ... ငါ ဝင်လာမလို့နော်"



www.burmeseclassic.com

www.burmeseclassic.com



အသံပေးကာ သီရိ ထမင်းစားခန်းအတွင်းသို့ ပြုံးစစဖြင့် ဝင်လာပြီး ...

"ငါ အပြင်မှာ ခြေထောက်တွေ တောင့်လာလို့ အသံပေးလိုက်တာ၊ တကတဲ ကိုဇေထွန်းကလည်း အရစ်ပဲ၊ သီရိနားတောင် ရှက်လာတယ်"

ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်ရင်း ပွစိပွစိ လုပ်လာလေသည်။ မျက်နှာကတော့ ပြောင်ချော်ပြောင်ချော်ဖြစ်နေရသည်။

နောက်ပြောင်ကျီစယ်မှန်း သိသော်လည်း ဇေထွန်း အနေရခက်သွားရ၏။ ကိုယ်ကလည်း ပြောစရာပဲကိုး။

ရှက်ကိုးရှက်ကန်းဖြစ်သော ဇေထွန်း၏ပုံစံကြောင့် သီရိနဲ့ပန်းကလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြလေသည်။

"ကဲပါ ... သီရိက နောက်တဲ့ဟာကို၊ ဘွားက ကြာလို့တဲ့ ခေါ်ခိုင်းလိုက်တယ်"

ဘွားက ခေါ်တယ်ဆို၍ ဇေထွန်း ပျာပျာသလဲ ထရပ်လိုက်လေသည်။

လူကြီးလုပ်သူက ခေါ်တောင်ခိုင်းရတယ်ဆိုတော့ အား





လည်းနာ ရှက်လည်းရှက်မိပါသည်။

"ဘွားဆီသွားလိုက်ဦးမယ်နော် ... ပန်းကလေး"

"အမယ်လေး ... အိမ်ရှေ့ကိုသွားမှာများ နှုတ်ဆက်နေရသေးတယ်၊ ပိုကိုပိုတယ်၊ အဲဒီလောက် မခွဲနိုင်မခွာရက်ဖြစ်နေလည်း ပြန်ရင် ခေါ်သွားသွားတော့"

အပြင်ကတ်ကတ်ဖြင့် သီရိဆွေ ပြောလိုက်မှာ ရယ်ကျဲကျဲဖြင့် လိုက်ကာစကိုမ,ကာ ဇေထွန်း အပြင်သို့ထွက်ခဲ့လိုက်သည်။

ဇေထွန်း အပြင်ရောက်နေမှ သီရိဆွေ ပြေးလိုက်လာပြီး လက်ကိုလှမ်းဆွဲလျက် ...

"အစ်ကိုဇေထွန်း ... ဒီနေ့ ဖေဖေ အိမ်ပြန်လာမှာဆို"

"ဟုတ်တယ်လေ၊ ညနေကို အစ်ကိုကိုယ်တိုင် အိမ်လာပြန်ပို့မှာ"

မျက်ရည်တွေဝဲလျက် ဇေထွန်းလက်ကို သီရိဆွေ လွှတ်ပေးလိုက်ပြီး ထမင်းစားခန်းထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

သူ့အမေကို သတိရသွားတယ်ထင်ပါရဲ့လို့ ဇေထွန်း တွေးလိုက်ရင်း စိတ်မသက်မသာဖြင့် သက်ပြင်းရှိုက်လိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဘွားရှိရာ ညည့်ခန်းတွင်းသို့ ဆက်လျှောက်လာခဲ့လေသည်။

"စားလို့ကောင်းရဲ့လား မြေးရဲ့"

"ဟုတ်ကဲ့ ကောင်းပါတယ် ဘွား"

အနားမှာလာထိုင်လိုက်သည်နှင့် ဒေါ်ထိပ်ထား ပြုံးရွှင်စွာ မေးလိုက်သည်ကို မဆိုင်းမတွပင် ဇေထွန်း ပြန်ဖြေလိုက်ပြီး ...

"ဘွားကို ကျွန်တော် ပြောစရာရှိလို့"

ဖြုန်းခနဲပြောလာသော စကားမို့ ဒေါ်ထိပ်ထား နားမလည်နိုင်ဘဲ မျက်ခုံးပင့်ကြည့်နေမိ၏။

စိတ်ထဲမှာတော့ မြေးမကိစ္စပဲလို့ အပိုင်တွက်နေမိသည်။

သို့သော် ဇေထွန်း ပြောလာသည်က ...

"ဘွား ... ဟိုကိစ္စ ကျွန်တော် စဉ်းစားမိတာ ဘွားကို ပြောမလို့"

မရေရာသောစကားအစက ဒေါ်ထိပ်ထားကို နားရှုပ်သွားစေတော့သည်။

"ဘာကိစ္စလဲ မြေးရယ် ... ရှင်းရှင်းပြောစမ်းပါ"





"ဟိုလေ ... ဟို ဘွား ကျွန်တော့်ကိုပေးထားတဲ့ စာရွက်ထဲက ကိစ္စပါ"

"ဩော် ... မြေးက အဓိပ္ပာယ် သိပြီလား"

မျှော်လင့်ချက်ဖြင့် မျက်လုံးများ အရောင်တောက်လာလျက် အားတက်သရောပင် ဒေါ်ထိပ်ထား မေးလိုက်မိသည်။

ဘွားနားသို့ ဇေထွန်း ပြောင်းထိုင်ရင်း ...

"သိလို့တော့ မဟုတ်ဘူး ဘွားရဲ့၊ နီးစပ်ရာကို တွေးကြည့်မိတာ၊ ဘွားတို့ကို လာကူယဲတဲ့နေ့က ဘွားပြောလိုက်တဲ့ စကားကြောင့် စဉ်းစားမိသွားတာ"

"ဘွားက ဘာပြောမိလို့လဲ"

ဒေါ်ထိပ်ထား သူ့ရင်ဘတ်ကို ပုတ်ခါ အံ့သြစွာ မေးလိုက်မိလေသည်။

"ဘာလဲ ဘွားပြောတာ ရှိပါသေးတယ်၊ ကျွတ် ... ငါတို့ကတော့ ဘုရားမှတစ်ပါး အားကိုးစရာမရှိဘူးဆိုတဲ့စကားပါ၊ အဲဒါကို ကြားပြီး စာရွက်ထဲက ငါတို့ဘဝမှာ အားထားရဆုံးက ဘာလဲဆိုတဲ့အကြောင်းအရာက အတော်နီးစပ်နေတယ် ဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ . . . မြေးက ဘာစဉ်းစားမိလဲ"

ဒေါ်ထိပ်ထား အကဲခတ်ရင်း ပြန်မေးလိုက်ပြန်သည်။

"ကျွန်တော်တို့တွေ အားအထားရဆုံးက မြတ်စွာဘုရားမှတစ်ပါး ဘယ်သူရှိလို့လဲ ဘွားရဲ့၊ အဲဒါကြောင့် ဘုရားခန်းထဲမှာများ ရှိနေမလားလို့ တွေးမိတာပါ"

မျက်ခုံးနှစ်ဖက် ထိလုနီးပါး ဒေါ်ထိပ်ထား စဉ်းစားရင်း

"အင်း . . . ငါ့မြေးပြောတာ ဖြစ်နိုင်တာပဲ၊ လာ ပြောနေကြာတယ်၊ ဘွားတို့ ဘုရားခန်းဆီသွားကြရအောင်၊ မြေးမတို့ရေ ခဏလာခဲ့ကြဦးဟေ့"

အားရဝမ်းသာဖြင့် ဒေါ်ထိပ်ထား ထောက်ခံလိုက်ပြီး မြေးမလေးတွေကိုပါ လှမ်းခေါ်လိုက်လေသည်။

ဘာမှန်းမသိ ညာမှန်းမသိဘဲ ပန်းကလေးနဲ့သီရိဆွေတို့ ပြေးထွက်လာကာ အနောက်ကနေ ခပ်သွက်သွက် လိုက်လာခဲ့ကြလေသည်။

ဘုရားခန်းသို့အရောက် ဖြစ်နိုင်မည်ထင်သည့်နေရာတိုင်းကို လိုက်ရှာရင်း ဖေထွန်းလက်လျှော့ချလေတော့သည်။ ထင်တာနဲ့တလွဲတွေဖြစ်နေပြီလို့လည်း စိတ်လျှော့မိ၏။





ဘယ်မှာမှ ရှာမတွေ့တဲ့အဆုံး သူလုပ်သမျှကို လိုက်ကြည့်နေကြသည်။ ပုဆစ်တုပ်လေးတွေ ထိုင်နေကြသော မြေးအဘွားသုံးယောက်နားသို့ ဖေထွန်း လျှောက်လာကာ ထိုင်ချလိုက်လေသည်။

ပြီး . . . ဘုရားကျောင်းဆောင်အတွင်းမှ ပလ္လင်ပေါ်တွင် သပ္ပာယ်စွာကြည်ညိုဖွယ် စံမြန်းနေသော ရုပ်ပွားတော်မြတ်အား ကြည်ညိုစွာ လက်အုပ်ချီကန်တော့လိုက်ရင်း ခေါင်းက တဖြည်းဖြည်း မော့လာပြီး မျက်လုံးလေး ကလယ်ကလယ်နှင့် ဖြစ်နေကြသော မြေးအဘွားသုံးယောက်ဖက်သို့ လှည့်ကာ မျက်နှာပြင်တစ်ခုလုံး အပြုံးတို့ ဖြစ်တည်ကာ . . .

"ဘွား . . . ရုပ်ပွားတော်မြတ်က အရှင်လား"

"ဟင် . . . ဩော် . . . အေး ဟုတ်တယ် မြေးရဲ့၊ ခေါင်းတော်က ဝက်အူရစ်ရှိတယ်၊ ကိုယ်လုံးတော်ကလည်း အထဲမှာ ဘာမှမရှိဘူး၊ လွယ်လွယ်ပြောရရင်ကွယ် သစ်တုံးတို့ ကျောက်သားတို့ ဘာကိုင်း ညာကိုင်းတွေ ထုထားတာမဟုတ်ဘူး၊ ဘွားယောကျ်ားကိုယ်တိုင် ပန်းတိမ်မှာ စိတ်တိုင်းကျ သွားအပ်ထားတာ၊ ရွှေအစစ်နဲ့ သွန်းလုပ်ထားတာပေါ့၊ ဟုတ်ပြီ . . . ဟုတ်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲမှာ ရှိနိုင်တယ်၊ ဩော် ... ငါ့နှယ် အစက ဘာလို့ မတွေးမိပါလိမ့်''

အားတက်သရော ပြောလိုက်ပြီးမှ ဒေါ်ထိပ်ထား ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိလေသည်။

နှစ်သိမ့်အပြုံးဖြင့် ဇေထွန်း ပြုံး၍ ...

''ဒါကတော့ ဘွားရယ် ဖြုန်းခနဲ ဘယ်သူတွေးမိမှာလဲ၊ ကျွန်တော်တောင် တိုက်ဆိုင်လို့ စဉ်းစားမိသွားတာပါ''

''အေးပါ ... အေးပါ၊ ကျောင်းဆောင်ကိုဖွင့်ပြီးတော့ ရုပ်ပွားတော်မြတ်ကို ခဏပင့်ကြရအောင်''

ဒေါ်ထိပ်ထားဆီမှ ခွင့်ပြုချက်ရသည်နှင့် ဇေထွန်း ဦးသုံးကြိမ်ချကာ ရုပ်ပွားတော်မြတ်အား ကျောင်းဆောင်အပြင်သို့ ပင့်ဆောင်လိုက်လေသည်။

အပြင်ရောက်တယ်ဆို ဦးခေါင်းတော်အား လှည့်၍ ဖွင့်လိုက်ပြီး ကိုယ်လုံးတော်ထဲ လက်နှိုက်ကြည့်လိုက်သည်။

ဇေထွန်း လက်ပြန်ထွက်လာချိန်မှာ လက်ထဲပါလာတာက ကတ္တီပါစအနီရဲရဲဖြင့် သေချာစွာချည်နှောင်ထားသော အထုပ်တစ်ထုပ် ဖြစ်နေလေသည်။





အားလုံး အသက်တောင်မရှူရဲဘဲ ထိုအထုပ်ကို ကြည့်နေကြမိပါ၏။

ထိုအထုပ်အား ဒေါ်ထိပ်ထားလက်ထဲသို့ ဇေထွန်း ထည့်ပေးလိုက်လေသည်။

ဝမ်းသာလွန်း၍ အထုပ်ကို ဖြည်နေသော ဒေါ်ထိပ်ထား လက်တွေ တုန်နေရလေသည်။

အထုပ်ပြေသွားသည်နှင့် အားလုံးတွေ့လိုက်ရသည်က ဘယ်ရွှေ ဘယ်မျှ အဖိုးထိုက်တန်ပါသည်ဟု တွက်ဆခန့်မှန်းနိုင်ရန် ခဲယဉ်းလှသော အရည်အသွေးကောင်းလှသည့် ပြည်တန်ပတ္တမြားနှစ်လုံးဖြစ်နေတော့သည်။

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်ရည်များ ဝဲလာသည်အထိ ဝမ်းသာကြည်နူးကြရလေသည်။

ဒေါ်ထိပ်ထားမှာ ပတ္တမြားနှစ်ကို တစိမ့်စိမ့်ကြည့်၍ မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းလာပြီး ...

''ဒီပတ္တမြားကြောင့် လောဘဒေါသတွေဖြစ်ရတဲ့အပြင် ဘဝဆုံးရတဲ့အဖြစ်တောင် ဖြစ်ခဲ့ကြရတယ်၊ မြေးဇေထွန်းကြောင့် ပြန်တွေ့ရတဲ့ ဒီပတ္တမြားတွေကို ဘွား ဘုရားမှာလှူပစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ သားဖော်လွန်း ပြန်ရောက်တာနဲ့ ရွှေတိဂုံဘုရားမှာ သွားလှူကြမယ်၊ နောင်သံသရာအဆက်ဆက် လောဘ၊ ဒေါသ၊ မောဟကင်းတဲ့လူသား ဖြစ်ရပါစေလို့ ဆုတောင်းရမယ်၊ မြေးမတို့ ကျေနပ်ရဲ့လားကွယ်''

ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်များနဲ့အတူ ပန်းကလေးရော သီရိဆွေပါ ပြိုင်တူ ခေါင်းညိတ်ပြလိုက်ကြပါ၏။ နှုတ်က ဖွင့်ပြောရန်ပင် အင်အားတွေ မရှိကြတော့။

သီရိဆွေဆို ပိုဆိုးတော့သည်။ သူမမိခင် လိုချင်တပ်မက်ခဲ့သော ဒီပတ္တမြားကြောင့် မိသားစု ပြိုကွဲကြရသည် မဟုတ်ပါလား။ ဒါ့အပြင် မိခင်ကိုယ်တိုင် အပြစ်တွေ အများကြီး ကျူးလွန်ခဲ့သေးသည်။

ဒီတော့ ဘယ်လောက်ပဲ ပြည့်တန်ပါစေ သူမ မက်မောတဲ့စိတ် လုံးဝရှိမနေ။

ဘွားဆန္ဒအတိုင်း လှူရန်သာ စိတ်ကူးမိပါသည်။

တာဝန်ကျေပွန်ပြီမို့ ဖေထွန်း ရုပ်ပွားတော်မြတ်အား ကျောင်းဆောင်တွင်း ပြန်ပင့်ဆောင်လိုက်လေသည်။

နောက် ... ဘွားနားမှာ လာပြန်ထိုင်ကာ ...





''ဘွား ... ကျွန်တော့်ကို သွားခွင့်ပြုပါ''

''ဟင် ... သွားတော့မလို့လား မြေးရဲ့၊ ဘွားတို့အပေါ်မှာ သားကျေးဇူးတွေ များနေပြီကွယ်၊ ဘွား ဘယ်လိုပြန်ဆပ်ရပါ့မလဲ၊ ကဲ ... ပြန်ချင်လည်း ပြန်ပါ၊ ညနေ သားဖော်လွန်းကို ပြန်လာပို့တဲ့အခါ မြေး လိုက်လာဦးမှာ မဟုတ်လား''

''ဟုတ်ကဲ့''

''အင်း ... အဲဒီကျ ဘွားတို့မိသားစုနဲ့အတူ ရွှေတိဂုံဘုရားကို လိုက်ခဲ့ဖို့ ဘွား ဖိတ်ခေါ်ပါတယ်၊ နောက်ပြီး ... အားနာလို့ မြေး ပြောမထွက်တဲ့စကားတစ်ခွန်းကို ဘွားကပဲ ပြောပါရစေ၊ နားနဲ့မနား ဖဝါးနဲ့နာပေါ့ကွယ်၊ မြေးမလေး ပန်းညမွှေးကို မြေးလေး မောင်ဖေထွန်းလက်ထဲကို အပ်ပါတယ်လို့''

''ဟာ ... ဘွားကလည်း''

''ဟား ... ဘွားရယ်''

''ဟေး''

မျက်နှာလေး ပန်းရောင်သွေးလို့ ခေါင်းလေးငုံ့သွားတဲ့ ပန်းညမွှေးကို လှည့်မကြည့်အား ဖေထွန်း ဝမ်းသာလုံးစို့ကာ ဒေါ်ထိဝိထားအား ကျူးဖက်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနေတဲ့ကြားက သီရိခွေတစ်ယောက် လက်ခုပ်လက်ဝါးထတီးရင်း ဇေထွန်းနှင့် ပန်းကလေးအတွက် မုဒိတာပွားလိုက်နိုင်ပါသည်။

"ကဲ ကဲ ... မြေး ဝမ်းသာလုံးဆို့ပြီး ဖက်တာ လူမှားနေပြီ၊ လွှတ်ဦး ... လွှတ်ဦး၊ လာ လာ ... မြေးမ သီရိရေ ဘွားအတွက် ဆေးတိုက်ချိန်ကျပြီ မဟုတ်လား ... သွားကြရအောင်"

"ဟာ ... ဘွား နေဦးလေ"

ရှက်ရှက်နှင့် ပန်းကလေး ဘွားအေကို လိုက်ချဲသော်လည်း အရွယ်နှင့်မလိုက်အောင် သွယ်လက်လှသော ဒေါ်ထိပ်ထားက သီရိလက်ကို ဆွဲ၍ ဘုရားခန်းအပြင်သို့ ရောက်သွားတော့သည်။

"ရှက်မနေပါနဲ့ ပန်းကလေးရယ်၊ ကိုယ့်ကို မချစ်တာလည်း မဟုတ်ဘဲနဲ့၊ ဘွားက အလိုက်တသိ ထွက်သွားပေးတာကို ကျေးဇူးတင်"

ခေါင်းမဖော်တမ်း ရှက်နေသော ချစ်သူကို အနားကပ်၍ ဇေထွန်း တိုးတိုးလေး ကပ်ပြောလိုက်သည်။





"ဟာ ... အစ်ကို ဘုရားခန်းထဲမှာ ဘာတွေလာပြောနေမှန်း မသိဘူး"

"ဒါဆိုလာ ... အောက်ထပ်ကို ဆင်းမယ်၊ အပြင်ကျရင်တော့ ပြောလို့ရတယ်မဟုတ်လား"

"ကြည့်ပါလား ... အပိုကိုမကျိုးဘူး"

ဇေထွန်း ကမ်းပေးတဲ့လက်ကို ပန်းကလေး အားယူဆုပ်ကိုင်ကာ မတ်တတ်ရပ်လျက် ချစ်မျက်စောင်းလေးထိုး၍ နှုတ်ခမ်းလေးစူကာ ပြောလိုက်လေသည်။

အပျော်လွန်နေတဲ့ ဇေထွန်းကတော့ ပြုံးနေတဲ့ မျက်နှာကို ဘယ်လိုမှ မျက်နှာပိုးသတ်လို့မရ။ ပန်းကလေးပခုံးကို ဖက်ပြီး ဘုရားခန်းအပြင်ရောက်တာနှင့် ...

"ခင်ဗျား ... အဲသလို ခဏခဏ မျက်စောင်းထိုး၊ ခဏခဏ နှုတ်ခမ်းစူပြ လုပ်မနေနဲ့ ကျုပ် ရဟန္တာလည်း မဟုတ်ဘူး၊ သောတပန်လည်း မဟုတ်ဘူးနော်"

ဇေထွန်း ခပ်ကျိတ်ကျိတ် ပြောလိုက်သည်။

"အစ်ကိုနော် ... ပြောလေ ကဲလေပါလား၊ အစ်ကို ဇေထွန်းမှ ဟုတ်ရဲ့လားတောင်မသိဘူး၊ မှန်းဖို့ကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး ဇေထွန်းဗိုက်ကို တံတောင်နှင့်တွက်ကာ မျက်နှာလေး ရှုပုပ်၍ ပြောမိတော့သည်။

ဇေထွန်း တဟားဟား အော်ရယ်လျက် …

"ပျော်လို့စတာပါ ပန်းကလေးရယ်၊ ပန်းကလေးရော မပျော်ဘူးလား၊ အစ်ကို့ကို ချစ်ရော ချစ်ရဲ့လား၊ မချစ်ဘူးလား ပြော"

ပန်းကလေး မျက်လုံးလေး စွေကြည့်ပြီး …

"လာပြန်ပြီ … အစ်ကို့ကို ပန်းကလေး ဘာပြောထားလဲ နောက်ဘယ်တော့မှ မမေးနဲ့ဆိုပြီး ပြောထားပြီးသားလေ"

အံလေးကြိတ်ကာ ထိုသို့ပြောလိုက်ရာ ဇေထွန်း အူကြောင်ကြောင်ပုံစံဖြင့် …

"အင်း … ဘာပြောထားပါလိမ့်၊ မေ့လိုက်တဲ့ ခေါင်းတွေကွာ၊ ထပ်ပြောပါဦး … အစ်ကို မေ့နေလို့၊ ပြောကွာ … မပြောရင် ဒီလှေကားမှာ ရပ်နေမှာနော်၊ ရှေ့ဆက်မဆင်းဘူး"

ကလေးဆိုးကြီးလို အဖြစ်သည်း အချစ်ကဲနေသော ချစ်ရသူအား ပန်းကလေး ဒီတစ်ခါတော့ မျက်စောင်းလည်း မထိုးနိုင်တော့။ နှုတ်ခမ်းလည်း မစူနိုင်တော့ပါ။





ပုလဲနှစ်လို ဖြူဖွေးနေသော သွားတန်းလေးများ ပေါ်အောင် ရဲရဲစိုနေသော နှုတ်ခမ်းနှစ်လွှာတို့မှ အပြုံးတို့ ဖူးပွင့်လျက် …

ဂျစ်တိုက်ကာ လှေကားထိပ်မှာ ပေရပ်နေသူ။ သူမအားကိုးချစ်ခင်ရပါသည့် ချစ်ရသူအား ခြေဖျားလေးထောက်၍ နဖူးကို သိမ်မွေ့စွာ အနမ်းလေးပေးရင်း ညင်သာနူးညံ့သော အသံလေးဖြင့် …

"ပန်းကလေးဘဝအတွက် ရွှေအိုရောင်နေ့သစ်တွေကို ယူဆောင်ပေးလာတဲ့ ဟော့ဒီက အစ်ကိုဆိုတဲ့ အစ်ကိုဇေထွန်းကို ပန်းကလေး အသက်ရှူမရပ်သရွေ့ ချစ်နေပါ့မယ်လို့"

ဇေထွန်း၏ရင်ဘတ်ကြီးကို လက်ညှိုးလေးထောက်၍ မျက်လုံးကြည်တောက်တောက်လေးများဖြင့် စိုက်ကြည့်ကာ ပန်းကလေး ပြောလိုက်ရာ ပျော်ရွှင်ကြည်နူးခြင်းတို့ ထုံမွှမ်းလျက် ရင်ခုန်လိုက်မောစွာဖြင့် သိမ်းကျုံးထွေးဖက်လိုက်မိပါတော့လေသည်၊

"ဟား … ချစ်လိုက်တာကွာ"

ဇေထွန်း၏ရင်ခွင်ထဲမှာတော့ ပန်းကလေးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အေးမြသည့် လရောင်ဖြင့် တွေ့ထိလန်းဆန်းလာရသည့် ပန်းကလေးတစ်ပွင့်နှယ် အစွမ်းကုန်တင့်တယ်လှပသော အပြုံးတို့ ဖြစ်တည်လျက် ...။ ။

သိင်္ဂီကြယ်စင်

၂၇-၂-၁၂

www.burmeseclassic.com